မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်၊ ၂၀၁၀ ခုနှစ်၊ ဧပြီ ၁၃ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၉)၊ အမှတ် (၁၉၅)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဧရာဝတီတိုင်း ကန်ကြီးထောင့်မြို့နယ်၌ ညောင်ချောင်းတံတား တည်ဆောက်ဖွင့်လှစ်

ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည့်အပြင် ဒေသထွက်ကုန်ပစ္စည်းများ နိုင်ငံတစ်ဝန်းလုံးသို့ ပိုမိုမြန်ဆန်စွာ ပို့ဆောင်နိုင်မည်

နေပြည်တော် ဧပြီ ၁၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပုသိမ်ခရိုင်က တာဝန်ယူတည်ဆောက်ပြီးစီးခဲ့သည့် ဧရာဝတီတိုင်း ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ပုသိမ်-ကံကုန်း-မြင်းကဆိပ်-မြောင်းမြလမ်းပေါ်ရှိ ညောင်ချောင်းတံတားဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

ညောင်ချောင်းတံတား — ကန်ကြီးထောင့်မြို့နယ်ရှိ ညောင်ချောင်းတံတားကို တွေ့ရစဉ်။ (သတင်းစဉ်)

လမ်းပန်းဆက်သွယ်ရေးသာမက ကုန်စည်စီးဆင်းမှုကိုပါ ပိုမိုသွက်လက်မြန်ဆန်စေမည့် ရန်ကုန်-ပုသိမ် အမှတ်(၅)လမ်းမကြီးနှင့် ဒလ-တွံတေး လမ်းဆက်သွယ်သည့် ကတ္တရာလမ်းသစ်ဖွင့်

သတင်းဆောင်းပါး	ဓာတ်ပုံမှတ်တမ်း	စာမျက်နှာဖွဲ့စည်းမှု
မောင်မောင်ထွေး (သတင်းစဉ်)	ရန်ကင်း-စိုးမင်း	မင်းထွန်း(မြန်မာ့အလင်း)

နေပြည်တော် ဧပြီ ၁၂

နိုင်ငံတော်၏ တိုင်းကျိုးပြည်ပြုစက်ရုံ၊ အလုပ်ရုံ၊ လမ်း၊ တံတား ဖွင့်ပွဲအခမ်းအနားများကို ဆက်တိုက်စဉ်တိုက် ကျင်းပလျက်ရှိရာ မင်္ဂလာရှိသည့် ဖွင့်ပွဲအခမ်းအနားများအနက် ရန်ကုန်-ပုသိမ် အမှတ်(၅) လမ်းမကြီးနှင့် ဒလ-တွံတေးလမ်းကို ဆက်သွယ်ထားသည့် ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ ကျွန်တော် တက်ရောက်ခွင့်ရခဲ့သည်။

ဖွင့်လှစ်ပေးခဲ့

အဆိုပါဖွင့်ပွဲအခမ်းအနားကို မတ် ၂၅ ရက် နံနက်ပိုင်းက ကျင်းပခဲ့ရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီတို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး

စာမျက်နှာ ၉ ကော်လံ ၂ ■

13-4 (01).pmd 1 4/13/2010, 1:28 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ်ဧပြီ ၁၃ ရက်)

နှစ်သစ်ကိုပျော်ရွှင်စွာဖြင့် အတာရေပက်ဖျန်းကြိုဆို

၁၃၇၁ ခုနှစ် ကဆုန်လဆန်း ၁ ရက် (ယနေ့) သည် သင်္ကြန်အကြိုနေ့ဖြစ်သည်။

မြန်မာ့ယဉ်ကျေးမှု အယူအဆအရ နှစ်သစ်ကူးသင်္ကြန်အချိန်ကာလ သိကြားမင်း တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ ခေတ္တဆင်းသက်လာသည်ဟု ယုံကြည်ကြသည်။ သိကြားမင်း လူ့ပြည်ဆင်းချိန်ကို သင်္ကြန်စ၍ကျသည်ဟု ယုံကြည်လက်ခံပြီး သိကြားမင်းမဆင်းမီ တစ်ရက်အလိုတွင် သိကြားမင်းကို ကြိုဆိုသောအားဖြင့် အတာအိုးများတွင် ပန်းများထိုးပြီး ကြိုဆိုကြလေ့ရှိသည်။ ယင်းနေ့ကို သင်္ကြန်အကြိုနေ့ဟု သတ်မှတ်ခဲ့ကြသည်။

သင်္ကြန်ဟူသော ဝေါဟာရသည် သင်္ကြန္တဟူသော သက္ကတစကားမှ ဆင်းသက်လာသည်ဟူ၍လည်းကောင်း၊ ပညာရှင်အချို့ကမူ ပါဠိစကား သင်္ကန္တမှ ဆင်းသက်လာသည်ဟူ၍လည်းကောင်း၊ ဝေါဟာရတ္ထပကာသနီကျမ်းတွင် ဖော်ပြထားပေသည်။ သင်္ကြန်၏ အဓိပ္ပာယ်မှာ ကူးပြောင်းခြင်း၊ ရွေ့ပြောင်းခြင်းဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

သင်္ကြန်ရေသဘင်ပွဲတော်ကို ပုဂံခေတ်က စတင်ပေါ်ပေါက်ခဲ့သည်ဟု သမိုင်းမှတ်တမ်းများအရ သိရသည်။ မြန်မာမင်းအဆက်ဆက်သည် ရေသဘင်ပွဲတော်ကို စဉ်လာမပျက် ကျင်းပခဲ့ကြသည်။ ပုဂံခေတ်၊ အင်းဝခေတ်၊ ညောင်ရမ်းခေတ်၊ကုန်းဘောင်ခေတ်စသည်ဖြင့် ခေတ်အဆက်ဆက် ရိုးရာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း စာပေကျမ်းဂန်များ၌ မှတ်တမ်းတင်ခဲ့ကြသည်။

ရှေးကာလ အတာသင်္ကြန်ပွဲများတွင် ငွေဖလားအတွင်း စန္ဒကူးနံ့သာမွှေးရည်များထည့်၍ မွှေးပျံ့သော ရေစက်အဖြစ် ယဉ်ကျေးသိမ်မွေ့စွာ သွန်းလောင်းကြသည်။ သပြေခက်ဖြင့် သိမ်မွေ့စွာ ရေပက်ကစားကြသည်။ ချစ်စရာကောင်းသော အတာသင်္ကြန်ဓလေ့ပင်ဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကာလတွင် မြန်မာ့ဓလေ့ထုံးတမ်းစဉ်လာနှင့်အညီ ရိုးရာမပျက် ဆက်လက်ထိန်းသိမ်း၍ မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များနှင့် ဖီလာဆန့်ကျင်ပြီး မြန်မာ့ယဉ်ကျေးမှုနှင့် မလိုက်ဖက်သည့် ဝတ်စားဆင်ယင်မှုများကို ရှောင်ကြဉ်ကြရမည်ဖြစ်သည်။

သို့ဖြစ်ပေရာ ရေကစားကြသူများသည် သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသင်္ကြန်ဖြင့် မြှင့်တင်ပြီး ၁၃၇၂ ခုနှစ် မြန်မာ့နှစ်သစ်ကို ပျော်ရွှင်စွာဖြင့် အတာရေပက်ဖျန်းကစားကာ ကြိုဆိုကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ဗီယက်နမ်နိုင်ငံမှ ပြန်လည်ရောက်ရှိ

အာဆီယံဘဏ္ဍာရေးဝန်ကြီးများ သီးသန့်ဆွေးနွေးပွဲနှင့် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးတို့သို့ တက်ရောက်ခဲ့

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ညကျန်းမြို့၌ကျင်းပသည့် အာဆီယံဘဏ္ဍာရေး ဝန်ကြီးများ သီးသန့်ဆွေးနွေးပွဲသို့ တက်ရောက်စဉ်။

(သတင်းစဉ်)

နေပြည်တော် ဧပြီ ၁၂

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ဧပြီ ၇ ရက်တွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ညကျန်းမြို့၌ ကျင်းပသည့် အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများ သီးသန့်ဆွေးနွေးပွဲနှင့် ဧပြီ ၈ ရက်တွင် ကျင်းပသည့်(၁၄)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးတို့သို့ တက်ရောက်ခဲ့သည်။

ဆွေးနွေးခဲ့

အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးမစတင်မီ ဧပြီ ၇ရက် မွန်းလွဲပိုင်းတွင် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် စင်ကာပူသမ္မတနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Tharman Shar-mugaratnanနှင့် တွေ့ဆုံပြီး ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးဆိုင်ရာ နှစ်နိုင်ငံ အကျိုးတူ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် မွန်းလွဲပိုင်းတွင် ညကျန်းမြို့ရှိ Vinpearl Resort & Spa၊ VIP Lotus Room ၌ကျင်းပသည့် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ သီးသန့်ဆွေးနွေးပွဲသို့ အာဆီယံ(၁၀)နိုင်ငံမှ ဘဏ္ဍာရေးဝန်ကြီးများနှင့် အတူတက်ရောက်ခဲ့ပြီး အာဆီယံဒေသတွင်းနိုင်ငံများအပေါ် ရာသီဥတုပြောင်းလဲမှု၏ ထိခိုက်မှုများ လျော့နည်းစေရန်အတွက် ကျင့်သုံးမည့် ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးဆိုင်ရာ မူဝါဒနည်းလမ်းများ၊ ၂၀၁၀ခုနှစ်တွင် ကျင်းပမည့် ဂျီ ၂၀ ထိပ်သီးအစည်းအဝေး၌ အာဆီယံ၏ ပါဝင်မှု၊ ဧင်းမယ်အစီအစဉ်တွင် နိုင်ငံစုံပါဝင်ရေးအစီအစဉ်နှင့် မလေးရှားနိုင်ငံတွင်အာဆီယံလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်းထူထောင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဖွင့်အမှာစကားပြောကြား

ဝန်ကြီးသည် ဧပြီ ၈ ရက် နံနက်ပိုင်းတွင် Vinpearl Resort & Spa၊ Ball Room 1 ၌ ကျင်းပသော အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး အစည်းအဝေးမစတင်မီ အာဆီယံဘဏ္ဍာရေး ဝန်ကြီးများသည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ ရှေးဦးစွာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဘဏ္ဍာရေး ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Vu Van Ninh က အဖွင့်အမှာစကားပြောကြားပြီး အစည်းအဝေးကို ဖွင့်လှစ်ပေးခဲ့သည်။

အမြင်ချင်းဖလှယ်

ယင်းနောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Vu Van Ninh က ဆောင်ရွက်ပြီး အာဆီယံ ဒုတိယအတွင်းရေးမှူးချုပ် Mr. Pushpan-athan Sundram၊ အာရှဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌ Mr. Haruhiko Kuroda၊ ကမ္ဘာ့ဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး Mr. Juan Jose Dabaubနှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေး ရန်ပုံငွေအဖွဲ့ ဒုတိယ ဦးဆောင်ညွှန်ကြားရေးမှူး Mr. Shin-ohara Naoyukiတို့က ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ ဘဏ္ဍာရေးဝန်ကြီးများက တင်ပြချက်များအပေါ် အမြင်ချင်း ဖလှယ် ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ အာဆီယံဒုတိယအတွင်းရေးမှူးချုပ်က အာဆီယံစီးပွားရေးနှင့် ဘဏ္ဍာရေးကြီးကြပ် ထိန်းကျောင်းမှုလုပ်ငန်းစဉ်များ၊ အာဆီယံစီးပွားရေးအသိုက်အဝန်း ပုံစံအားအကောင်အထည်ဖော်မှု နောက်ဆုံးအခြေအနေများကိုတင်ပြရာ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် အခြားဘဏ္ဍာရေးဝန်ကြီးများက ဆက်လက် ဆောင်ရွက်ရန်များအပေါ် ဆွေးနွေး မှာကြားခဲ့ကြသည်။

လက်မှတ်ရေးထိုး

ထို့အပြင် ဘဏ္ဍာရေးဝန်ကြီးများသည် အာဆီယံစည်းဝါးညီ အမည်ပေးစနစ် သဘောတူညီချက်ပြုပြင်ရန်အတွက် ဒုတိယအကြိမ်မြောက် အာဆီယံစည်းဝါးညီ အမည်ပေးစနစ် သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

မှတ်တမ်းတင်

ထို့နောက် ဘဏ္ဍာရေးဝန်ကြီးများသည် အာဆီယံငွေရေးကြေးရေးနှင့် ငွေကြေးဆိုင်ရာပေါင်းစည်းမှု လမ်းပြမြေပုံအရ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများ၊ အာဆီယံ+၃ ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများ၊ အာဆီယံဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများ၏ တိုးတက်မှုအခြေအနေ တင်ပြချက်များကို မှတ်တမ်းတင်ကြပြီး ရှေ့ဆက်လက်ဆောင်ရွက်ရန်များအတွက် ညွှန်ကြားမှုပြုခဲ့ကြသည်။

ကျင်းပခဲ့

ယင်းနောက် ညနေပိုင်းတွင် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ၏ ပူးတွဲသတင်းထုတ်ပြန်ချက်ကို ထုတ်ပြန်ပြီး သတင်းစာရှင်းလင်းပွဲတစ်ရပ် ကျင်းပခဲ့သည်။

ဝန်ကြီးဗိုလ်ချုပ်လှထွန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့က နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃-၄-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+မေတ္တာသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **စိတ်စင်ကြယ်မှုချမ်းသာမယ်** တရားတော်(ချောင်းဦးဆရာတော် ဒေါက်တာကိတ္တိသာရ)
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၇၉)
- ၈:၃၀ Sports World(Football Asia)
- ၈:၅၅ ၂၀၁၀ သင်္ကြန် ကြိုတင်ပြင်ဆင်နေမှုများ
- ၉:၁၀ ခါသင်္ကြန်အဆိုအက
- ၉:၂၀ Global ကြော်ငြာရိုက်ကွင်း အမှတ်တရ
- ၉:၄၀ Cartoon Show Time (Chicken Little)
- ၁၀:၂၀ တိပိဋကကမ္ဘာ့ဇကျောင်းလွှတ် ပူဇာမင်္ဂလာ
- ၁၀:၃၀ ကြိုးစားခြင်း၏ရလဒ်
- ၁၀:၅၀ သင်ကြားရေးလမ်းညွှန် (Glory Hope Education Centre)
- ၁၁:၂၀ ကြည်နူးရိပ် (ပိုင်ဇေရဲထွန်း၊ ကြည်လဲ့လဲ့ဦး၊ ခိုင်နှင်းဝေ)
- ၁၂:၀၀ နုပျိုလန်းဆန်းစေဖို့ရာ Gemron Gold
- ၁၂:၁၅ Eternal Festival (အပိုင်း-၁)
- ၁၂:၄၅ ခါသင်္ကြန် အဆိုအက
- ၁:၀၀ **စိတ်စင်ကြယ်မှုချမ်းသာမယ်** တရားတော်(ချောင်းဦးဆရာတော် ဒေါက်တာကိတ္တိသာရ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ Fashion Music Festival (သင်္ကြန်ဖက်ရှင်-၂)
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၇၉)
- ၄:၀၅ ခါသင်္ကြန်အဆိုအက
- ၄:၂၅ Global ကြော်ငြာရိုက်ကွင်း အမှတ်တရ
- ၄:၄၅ ဂီတသရုပ်ပြခန်း(ရာသီစာ)
- ၅:၁၀ တိပိဋကကမ္ဘာ့ဇကျောင်းလွှတ် ပူဇာမင်္ဂလာ
- ၅:၂၀ ကြိုးစားခြင်း၏ရလဒ်
- ၅:၄၀ Celebrity Style (စည်သူမောင်နှင့်ချစ်စနိုးဦးတို့ တွေ့ဆုံခြင်း)
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ Cartoon Show Time (Chicken Little)
- ၆:၅၅ Fashion Music Festival (သင်္ကြန်ဖက်ရှင်-၂)
- ၇:၃၅ ၂၀၁၀ သင်္ကြန်အကြိုနေ့မြင်ကွင်း
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ World of Knowledge (WORLD CYBER GAMES)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၇၉)
- ၁၀:၀၀ Sunday Talk
- ၁၀:၃၅ Celebrity Style (စည်သူမောင်နှင့်ချစ်စနိုးဦးတို့ တွေ့ဆုံခြင်း)
- ၁၀:၅၀ ဂီတသရုပ်ပြခန်း(ရာသီစာ)
- ၁၁:၁၀ ခါသင်္ကြန် အဆိုအက
- ၁၁:၂၅ စွယ်တော်လေးဆု ဆုပန်ယူ
- ၁၁:၄၅ မတော်တဆ ထိခိုက်ဒဏ်ရာ ရရှိခဲ့လျှင် သတိပြုလိုက်နာရမည့် အချက်များ(အပိုင်း-၂) (ပါမောက္ခဒေါက်တာနေဝင်း)
- ၁၂:၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည် မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁:၂၄	Chelsea-Bolton	ESPN (Live)
	Chelsea-Bolton	MRTV-4 (Live)

မြဝတီမြို့နယ် ၂၀၁၀ခုနှစ် ပထမအကြိမ် ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့အခမ်းအနားကို ဧပြီ ၃ရက်က အမှတ်(၃)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရွှေတင်က ငါးနှစ်အောက်ကလေးငယ်တစ်ဦးအား ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးစဉ်။ (၁၀၁)

● ရှေ့ဖုံးမှ

ပိုမိုဖွံ့ဖြိုးတိုးတက်

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေက အမှာစကား ပြောကြားရာတွင် ယခုကဲ့သို့ ညောင်ချောင်းတံတား တည်ဆောက်ပြီးစီးခြင်းကြောင့် လပွတ္တာ-မြောင်းမြ-ဝါးခယ်မ-အိမ်မဲမြို့နယ်တို့၌ ရှိသည့် ကျေးရွာများမှ ပြည်သူများအနေဖြင့် ပုသိမ်မြို့နှင့် ရန်ကုန်မြို့တို့သို့ အလွယ်တကူ ကူးလူးသွားလာနိုင်မည် ဖြစ်သဖြင့် ကျေးလက်နေ ပြည်သူများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊လူမှုရေးလုပ်ငန်းများ ပိုမို အကျိုးပြုနိုင်တော့မည် ဖြစ်သကဲ့သို့ မြို့ရွာနှင့် ကျေးလက်ဒေသခံများ ပိုမိုဖွံ့ဖြိုး တိုးတက်လာမည် ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် ကားလမ်းများနှင့် တံတားများ၊ ဆက်သွယ်ရေး ခေတ်မီ တယ်လီဖုန်းစနစ်များ၊ လူ့အရင်းအမြစ်ဖွံ့ဖြိုးရေး စီမံကိန်းများကို ဆောင်ရွက်ပေးခြင်းကြောင့် ဧရာဝတီတိုင်းသည် တစ်ဟုန်ထိုး တိုးတက်လာသည်ကို တွေ့ရှိရမည် ဖြစ်ကြောင်း။

ထမ်းဆောင်လျက်ရှိကြောင်း၊ ယခုနှစ်တွင် စပါးဈေးနှုန်းနှင့် ပဲဈေး ကောင်းမွန်မှုကြောင့် ဒေသခံတောင်သူများ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုသည် အရှိန်အဟုန်ကောင်းကောင်းဖြင့် တိုးတက်လာသည်ကိုလည်း တွေ့မြင် ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဧရာဝတီတိုင်းအတွင်း လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းမကြီး၁၀သွယ် စီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိနေပြီ ဖြစ်ကြောင်း၊ ဤလမ်းမကြီး ၁၀သွယ် ဖောက်လုပ်ပြီးစီးသွားလျှင် ဧရာဝတီတိုင်း၏ လမ်းကွန်ရက်များ ကျယ်ပြန့် ထိရောက်လာမည်ဖြစ်ပြီး အချိန်တိုအတွင်း ကုန်းလမ်းခရီးများဖြင့် ကူးလူးသွားလာနိုင်တော့မည် ဖြစ်ကြောင်း၊ ဤသို့ ဖွံ့ဖြိုးတိုးတက်လာအောင် အကွက်ကျကျ စီမံပေးသည့် နိုင်ငံတော်အစိုးရအပေါ် ဒေသခံပြည်သူများက ကျေးဇူးတင်တုံ့ပြန်သည့် အနေဖြင့် မိမိတို့လက်ရှိ ဆောင်ရွက်လျက်ရှိသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် ယခင်ကထက် ပိုမို အားသွန်ခွန်စိုက်

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်တို့ ညောင်ချောင်းတံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြစဉ်။ (သတင်းစဉ်)

အောင်မြင်စွာ တည်ဆောက်ပေးခဲ့ကြသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများအား အထူးကျေးဇူး တင်ရှိပါကြောင်းနှင့် တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒေသခံပြည်သူအားလုံးက ဝိုင်းဝန်း

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် တာဝန်ရှိသူများက ညောင်ချောင်းတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ကျေပွန်စွာထမ်းဆောင်

ဧရာဝတီတိုင်း၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် စပ်လျဉ်း၍ လယ်ယာကဏ္ဍတွင် မိုးစပါးဧက ၃၇သိန်း စိုက်ပျိုးနိုင်ခဲ့ပြီး နွေစပါးကိုလည်း လျာထားချက် ဧက ၁၃သိန်းပြည့်မီအောင် စိုက်ပျိုးမည်ဖြစ်၍ မိုးစပါး၊ နွေစပါးဧက သိန်း၅၀ စိုက်ပျိုးပြီး နိုင်ငံတော်၏ စပါးကျီတာဝန်ကို ကျေပွန်စွာ ကြိုးပမ်းပေးကြရန်ကိုလည်း တိုက်တွန်းမှာကြားလိုကြောင်း၊ သို့မှသာ တစ်ဦးချင်းဝင်ငွေတိုးတက်လာပြီး လူနေမှုအဆင့်အတန်းများ တိုးတက်လာမည်ဖြစ်ကြောင်း။

ထိန်းသိမ်းစောင့်ရှောက်

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ယခုဖွင့်လှစ်သည့် တံတားကြီးကို ထိန်းသိမ်း စောင့်ရှောက်သွားကြပါဟု တိုက်တွန်းပြောကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က တံတားတည်ဆောက်ပေးရခြင်းနှင့် တံတားဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားရာ၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်တွင် ဧရာဝတီတိုင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းမကြီးများ၊ တံတားကြီးများ၊ ဆည်မြောင်းတာတမံကြီးများ အပါအဝင် ပညာရေး၊ ကျန်းမာရေး၊ လူမှုဖွံ့ဖြိုးမှုနှင့် စပ်လျဉ်းသည့် အခြေခံအဆောက်အအုံများကို အလုံးအရင်းဖြင့် တည်ဆောက်ပေးခဲ့သဖြင့် ဧရာဝတီတိုင်းအတွင်းက မြို့နယ်အများစုသည် မြန်မြန်ဆန်ဆန် ဖွံ့ဖြိုး တိုးတက်လာသည်ကို တွေ့မြင်နေကြရပြီဖြစ်ကြောင်း။

အခက်အခဲမရှိ

နာဂစ်မုန်တိုင်းအပြီးတွင် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်မှုအတွက် စီမံကိန်းဝင် လမ်းသစ်ကြီးများကို ဖောက်လုပ်ပေးလျက်ရှိကြောင်း၊ စီမံကိန်းဝင်လမ်းသစ် ၁၀လမ်းနှင့် မူလလမ်းများ ဆက်စပ်ပေါင်းစည်းခြင်းဖြင့်လည်း ဧရာဝတီတိုင်းတစ်ခုလုံး လွှမ်းခြုံသည့် လမ်းကွန်ရက်များ ဖြစ်ပေါ်လာသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် လမ်းကွန်ရက် ၁၀လမ်းအပေါ်တွင် မြစ်ကြီးလေးစင်းကိုဖြတ်မည့် တံတားများ အပါအဝင် တံတားကြီး/ ငယ်ပေါင်း ၁၃၄စင်းကိုလည်း တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် ပြည်နယ်/ တိုင်းအားလုံး၏ ရေကြောမြေကြောများကို တစ်ဆက်တစ်စပ်တည်းဖြစ်လာရန်၊ တိုင်းရင်းသားအချင်းချင်း အထိအတွေ့ ပိုမိုများပြားလာရန် လိုအပ်သည့် လမ်းများ၊ တံတားများကို တည်ဆောက်ပေးနေသဖြင့် ယခုဆိုလျှင် ပြည်ထောင်စုတစ်ဝန်း၌ အခက်အခဲမရှိ သွားလာမှု လွယ်ကူနေပြီဖြစ်ကြောင်း။

လမ်းများကိုဖောက်ရင်း လိုအပ်သည့် နေရာတိုင်းတွင် မြစ်ကူး/ချောင်းကူး တံတားများကိုလည်း ဆောက်လုပ်ပေးခဲ့သဖြင့် နိုင်ငံတစ်ဝန်းတွင် ပေ ၁၈၀နှင့်အထက် တံတားကြီးဆိုလျှင် ယနေ့ဖွင့်လှစ်သည့် တံတားအပါအဝင်(၂၃၈)စင်းမြောက် တည်ဆောက်ပေးနိုင်ခဲ့ပြီး ဧရာဝတီတိုင်းအတွင်းတွင် (၄၉)စင်းမြောက် တည်ဆောက်ပေးနိုင်ခြင်းပင်ဖြစ်ကြောင်း။

စီးပွားရေးဇုန်

ဧရာဝတီတိုင်းသည် မြစ်ချောင်းထူထပ်သည့် ဒေသဖြစ်သဖြင့် ပြည်နယ်/တိုင်းအားလုံးထဲတွင် တံတားအများဆုံး တည်ဆောက်ပေးခဲ့ရသည့် တိုင်းလည်းဖြစ်ကြောင်း၊ အလားတူ လမ်းဆိုလျှင်လည်း 'နာဂစ်'မတိုင်မီက လမ်းမိုင်ပေါင်း ၁၃၄၄ မိုင် ငါးဖာလုံသာရှိခဲ့ပြီး နာဂစ်အပြီးတွင် ၂၂၅မိုင်လေးဖာလုံကို ဆက်လက်တိုးချဲ့ဖောက်လုပ်နိုင်ခဲ့သည့်အတွက် ယခုအခါတွင် လမ်းမိုင် စုစုပေါင်း မိုင် ၁၅၇၀ တစ်ဖာလုံ ဖောက်လုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ထို့ကြောင့် ဧရာဝတီမြစ်အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းသည် တစ်သားတည်းဖြစ်နေပြီး မြန်မာပြည်၏ အကြီးမားဆုံး စီးပွားရေးဇုန်ကြီးအဖြစ် ဖွံ့ဖြိုးတိုးတက်လာစေရန် စီမံစိုင်းပြင်း လုပ်ဆောင်နေကြသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

နိုင်ငံတော်၏ ဦးဆောင်မှုဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနက ဧရာဝတီတိုင်းအတွင်း လက်ရှိလမ်း မိုင် ၁၅၇၀ တစ်ဖာလုံကို ဖောက်လုပ်ပေးနိုင်ခဲ့ကြောင်း၊ ယခုအခါ မော်တော်ကားလမ်းများသာမက ပုသိမ်မြို့မှ ဒါးက-အိမ်မဲ-ပန်းတနော်-ညောင်တုန်းမြို့များကိုဖြတ်၍ လှိုင်သာယာ၊ ရန်ကုန်အထိ မီးရထားလမ်း ၈၇မိုင်ကိုလည်းကောင်း၊ ဟင်္သာတမှ ဇလွန်-ဓနုဖြူ-ညောင်တုန်းလမ်း ၄၈မိုင် ကိုလည်းကောင်း မီးရထားလမ်းသစ် နှစ်လမ်းကိုပါ ဖောက်လုပ်နေပြီဖြစ်သဖြင့် ဧရာဝတီတိုင်းသည် ယခင်မြစ်ကြောင်းလမ်းသာမက မီးရထားလမ်း၊ မော်တော်ကားလမ်းတို့ဖြင့်ပါ ဒေသအသီးသီးသို့ ပိုမိုကူးလူးဆက်သွယ်သွားလာနိုင်တော့မည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ကျေးဇူးတင်စကားပြောကြား

ယင်းနောက် ဒေသခံပြည်သူများကိုယ်စား ဒေသခံပြည်သူတစ်ဦးက တံတားကြီး ဖွင့်လှစ်ပေးသည့်အတွက် ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဝန်ကြီးနှင့် တာဝန်ရှိသူများက ညောင်ချောင်းတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် တာဝန်ရှိသူများနှင့်အတူ မှတ်ဦးရှေ့၌ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဖြတ်သန်းကြည့်ရှု

ယင်းနောက် တိုင်းမှူးက ညောင်ချောင်းတံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြကာ တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှု၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ညောင်ချောင်းတံတား အမျိုးအစားမှာ သံကူကွန်ကရစ် အုတ်မြစ်၊ သံကူကွန်ကရစ်ကြမ်းခင်းနှင့် ရက်မတို့ဖြင့် တည်ဆောက်ထားပြီး စုစုပေါင်း တံတားအရှည် ပေ ၂၆၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ပေ၊ ယာဉ်နှစ်လမ်းသွားနှင့် လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီပါရှိကာ ယာဉ် တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်သည်။

ယခုဖွင့်လှစ်သည့် ညောင်ချောင်းတံတားသည် ပုသိမ်-မြောင်းမြ-လပွတ္တာနှင့် ပုသိမ်-အိမ်မဲ-ဝါးခယ်မလမ်း၌ ရှိပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်ပေးခဲ့သည့် ပေ ၁၈၀နှင့် အထက်တံတား(၂၃၈)စင်းမြောက် တံတားဖြစ်ကာ ဧရာဝတီတိုင်း၏ (၄၉)စင်းမြောက် တံတားဖြစ်သည်။

ပိုမိုမြန်ဆန်

ညောင်ချောင်းတံတား ဖွင့်လှစ်ပေးသည့်အတွက် ဧရာဝတီတိုင်းမှ ထွက်ရှိသည့် ရေထွက်ပစ္စည်းများနှင့် ဆန်စပါးများကို နိုင်ငံတစ်ဝန်းလုံးသို့ ပိုမိုမြန်ဆန်စွာ ပို့ဆောင်နိုင်တော့မည် ဖြစ်သကဲ့သို့ ဒေသ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကဏ္ဍများတွင် အဘက်ဘက်က ပိုမိုဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာ့အလင်း ကမ္ဘာတစ်လွှား ထူးခြားဆန်းပြား

ကိုသစ္စာ - ရေးသားသည်

ကမ္ဘာ့ဈေးအမြင့်ဆုံးသတင်းစာ

*ရိုမေးနီးယားနိုင်ငံ အိုင်ရာဆီမြို့တွင် ၁၈၅၈ခုနှစ်က ပုံနှိပ်ထုတ်ဝေခဲ့သော **Auroch and the Eagle** အမည်ရှိ သတင်းစာသည် ဧပြီ ၁ရက်က ပြုလုပ်ခဲ့သော လေလံပွဲတစ်ပွဲ၌ ယူရိုငွေ ၈၂၉၅၀၀ ရရှိခဲ့သည်။*

ဖော်ပြ

ယင်းသတင်းစာ၌ နိုင်ငံတကာသတင်းများ၊ စီးပွားရေးနှင့် ငွေကြေးဆိုင်ရာသတင်းများနှင့် နိုင်ငံရေးသတင်းများ ဝေဝေဆာဆာဖော်ပြထားသည်။ အလွန်ရှားပါးနေပြီဖြစ်သည့် သတင်းစာဖြစ်ပြီး မိတ္တူရှစ်စောင်ကူးထားသည်။ ယင်းမိတ္တူသတင်းစာ၏ ရောင်းဈေးသည်ပင် ယူရိုငွေ ၇၀၀၀၀၀ သတ်မှတ်ထားသည်။

(အင်တာနက်)



အာကာသမှ ထူးခြားသော ကြယ်စင်စု

အာကာသသိပ္ပံ ဘာသာပြန်သတင်းမှတ်စု

နာဆာ ဧပြီ ၁၂

အာကာသအတွင်း တစ်ခါတစ်ရံမှ တွေ့ရှိရပြီး ပုန်းကွယ်နေတတ်သည့် ကြယ်စင်အစုအဝေးတစ်ခုကို နာဆာအာကာသ သုတေသနပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြကြောင်း ဧပြီ ၁၁ရက်၌ သတင်းထုတ်ပြန်သည်။

သတ်မှတ်

အာကာသအတွင်း နဂါးငွေ့တန်းတစ်ခုကဲ့သို့ ဖြစ်ပေါ်နေတတ်သည့် ယင်းကြယ်စင်အစုအဝေးကို နာဆာအာကာသ သုတေသနပညာရှင်များက အိုင်စီ ၃၄၂ဟု အမည်သတ်မှတ်ထားသည်။ အာကာသရှိ ကြယ်တာရာများ၏ နောက်ဘက်တွင် တစ်ခါတစ်ရံ ထွက်ပေါ်လာတတ်ပြီး ထိုသို့ ထွက်ပေါ်လာသည့်အချိန်မှာလည်း အချိန်အနည်းငယ်မျှသာ ကြာတတ်သည်။

ရောပြွမ်း

ယင်းကြယ်စင်စုတွင်း၌ ဓာတ်ငွေ့များ၊ အမှုန်များနှင့် ရောင်စဉ်တန်းများ ရောပြွမ်းစွာမြင်တွေ့ရပြီး အလွန်တောက်ပသော အနေအထားဖြင့် အရောင်အမျိုးမျိုး ပြောင်းလဲကာ မြင်တွေ့ရခြင်းဖြစ်သည်။ အစိမ်းရောင်၊ အဝါရောင်နှင့် အနီရောင်များလည်း ထွက်ပေါ်လျက်ရှိသည်။



ပေါက်ကွဲ

ယင်းကြယ်စင်စုအတွင်း အချို့ အရွယ်အစားသေးငယ်သည့် ကြယ်တာရာများမှာ ပေါက်ကွဲနေတတ်ပြီး လင်းလက်တောက်ပသော အာကာသ နဂါးငွေ့တန်းတစ်ခုကဲ့သို့ မြင်တွေ့ရသည်။ အာကာသအတွင်း အခြားကြယ်စင်စုများနှင့် နှိုင်းယှဉ်ပါက ပိုမိုစိတ်ဝင်စားစရာကောင်းသည့်အပြင် နာဆာအာကာသ သုတေသနပညာရှင်များနှင့် အာကာသယာဉ်မှူးများအတွက် လေ့လာရန် အကောင်းဆုံးကြယ်စင်စုပင် ဖြစ်သည်။

ကွာဝေး

သို့သော်လည်း ယင်းကြယ်စင်စုသည် ကမ္ဘာဂြိုဟ်မှ အလွန်ကွာဝေးနေပြီး နာဆာအာကာသ သုတေသနပညာရှင်များ၏ ခန့်မှန်းတွက်ချက်မှုအရ ကမ္ဘာဂြိုဟ်မှ အလင်းနှစ် ၁၁သန်း အကွာအဝေး၌ ဖြစ်ပေါ်နေကြောင်း သိရသည်။ **(အင်တာနက်)**

သမ္မတကာဇိုင်း၏ ဝါရှင်တန်ခရီးစဉ် သမ္မတအိုဘားမားလက်ခံ မကြာမီကတွေ့ဆုံမှု အပြုသဘောဆောင်ဟု အိုဘားမားခံယူ

ကဘူးလ် ဧပြီ ၁၂

အမေရိကန်နိုင်ငံသည် အာဖဂန်နစ္စတန်နိုင်ငံ၏ အရေးပါသည့် လုပ်ဖော်ကိုင်ဖက်အဖြစ် ဆက်လက်ရှိနေမည်ဖြစ်ကြောင်း အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းထံ ပေးပို့သည့်သဝဏ်လွှာ၌ အမေရိကန်သမ္မတအိုဘားမားက အာမခံပြောကြားလိုက်ကြောင်း အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်း၏ ရုံးက ဧပြီ ၁၁ ရက်၌ ကြေညာသည်။ (အောက်ပုံ)

တွေ့ဆုံဆွေးနွေး

သူနှင့် အာဖဂန်သမ္မတဟာမစ်ကာဇိုင်းတို့ မကြာမီက တွေ့ဆုံဆွေးနွေးခြင်းမှာ အပြုသဘောဆောင်ပြီး အကျိုးရှိကြောင်း အမေရိကန်သမ္မတ အိုဘားမားက သဝဏ်လွှာတွင်ထည့်သွင်းဖော်ပြထားသည်။

အတည်ပြု

အာဖဂန်သမ္မတရုံး၏ ထုတ်ပြန်ကြေညာချက်အရ သမ္မတအိုဘားမားသည် မေလ ၁၂ ရက်တွင် သမ္မတကာဇိုင်းအား ဝါရှင်တန်၌ လက်ခံတွေ့ဆုံမည်ဖြစ်ကြောင်း အဆိုပါသဝဏ်လွှာ၌ အတည်ပြုဖော်ပြထားသည်ဟုသိရသည်။

သတိပေး

အာဖဂန်နစ္စတန် ရွေးကောက်ပွဲ မသမာမှုတွင် အမေရိကန် ပါဝင်ပတ်သက်သည်ဟူသော သမ္မတကာဇိုင်း၏ စွပ်စွဲပြောကြားသည့်ကိစ္စရပ်နှင့် စပ်လျဉ်း၍ သမ္မတကာဇိုင်း၏ ဝါရှင်တန်ခရီးစဉ် ပျက်ပြားသွားနိုင်သည်ဟု အမေရိကန်သမ္မတအိမ်ဖြူက ပြီးခဲ့သည့်ရက်သတ္တပတ်၌ သတိပေးခဲ့သည်။

(အင်တာနက်)

ဘရူနိုင်းနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု ဗီယက်နမ် ပိုမိုရရှိရန် မျှော်လင့်

ဟနွိုင်း ဧပြီ ၁၂

ဗီယက်နမ်နိုင်ငံသည် ဘရူနိုင်းနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများပိုမိုရရှိရန် မျှော်လင့်ကြောင်း၊ ဗီယက်နမ်သမ္မတငုယင်မင်ထရီယက်က ဟနွိုင်းမြို့၌ ဧပြီ၇ရက်က ပြောကြားသည်။

ပြောကြား

အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) (၁၆)ကြိမ်မြောက် ထိပ်သီးအစည်းအဝေးသို့တက်ရောက်ရန် ဗီယက်နမ်နိုင်ငံမြို့တော် ဟနွိုင်းသို့ရောက်ရှိလာသော ဘရူနိုင်းစော်ဘွားဟာဆန်နယ်ဘိုလ်ကီးယားနှင့်တွေ့ဆုံစဉ် ဗီယက်နမ်သမ္မတက ယင်းကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

လေ့ကျင့်ပေး

ဒေသအတွင်းနှင့် နိုင်ငံတကာဆွေးနွေးပွဲများတွင် ဗီယက်နမ်နိုင်ငံအား ထောက်ခံခြင်းကိုလည်းကောင်း၊ လူသားအရင်းအမြစ် လေ့ကျင့်ပေးခြင်းကိုလည်းကောင်း၊ ဘရူနိုင်းနိုင်ငံတွင် ဗီယက်နမ်အလုပ်သမားများအား အလုပ်လုပ်ခွင့်ပြုခြင်းကိုလည်းကောင်း ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း ဗီယက်နမ်သမ္မတက ဆက်လက်ပြောကြားသည်။

အမ်အင်န်အေဆင်ဟွာ

အမေရိကန်-ရုရှားနျူကလီးယားစာချုပ်အပေါ် ချက်ခေါင်းဆောင်များ သဘောထားဖော်ပြ

ပရာဟာ ဧပြီ ၁၂

ချက်ခေါင်းဆောင်များနှင့် ပါတီအကြီးအကဲအချို့သည် ပရာဟာမြို့တွင် ဧပြီ ၈ရက်က လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြသော အမေရိကန်-ရုရှားနျူကလီးယား လက်နက်ဆိုင်ရာ သဘောတူစာချုပ်သစ်နှင့် ပတ်သက်၍ အမျိုးမျိုးတုံ့ပြန်ပြောကြားကြသည်။

ချက်သမ္မတဗာကလက်ကလောက အဆိုပါစာချုပ်သည် မိမိတို့ကနဦးယူဆထားသည်ထက် လွန်စွာအရေးကြီးကြောင်း ပြောကြားသည်။

ချက်ဝန်ကြီးချုပ် ဂျန်ဖစ်ရှာက အဆိုပါစာချုပ် လွန်စွာအရေးကြီးကြောင်း ပြောသော်လည်း နျူကလီးယားအင်အားကြီး နှစ်နိုင်ငံအကြား အဏုမြူလက်နက်များ လျှော့ချရေးနှင့် ပတ်သက်၍ အိုဘားမား၏ ကြိုးပမ်းအားထုတ်မှုတန်ဖိုးကို အချိန်ကသာ စကား ပြောလာလိမ့်မည်ဟု ဆိုသည်။

မျှော်လင့်ချက်များ တကယ်ဖြစ်လာဖွယ်ရှိနိုင်သလို ဖြစ်မလာဖွယ်လည်းရှိသည်ဟု ဂျန်ဖစ်ရှာက ပြောကြားသည်။

ဆိုရှယ်ဒီမိုကရက်တစ် ခေါင်းဆောင် ဂျီရီပါရောဘက်ကမူ အကောင်းမြင်မှု ရှိသည်။ တင်းမာမှုလျှော့ပါးရေး ခြေလှမ်းအဆင့်တိုင်းသည် ဥရောပနှင့် ကမ္ဘာကြီးတစ်ခုလုံးအတွက် ကောင်းမွန်ပါသည်ဟုလည်း ဆက်လက်ပြောကြားသည်။

အမ်အင်န်အေဆင်ဟွာ

ယူကရိန်းနှင့်ရုရှား နယ်နိမိတ် သတ်မှတ်မည်

ကိယက်ဗ် ဧပြီ ၁၂

ယူကရိန်းနှင့်ရုရှားအစိုးရတို့အနေဖြင့် နှစ်နိုင်ငံနယ်နိမိတ်ပိုင်းခြားသတ်မှတ်ခြင်းနှင့်စပ်လျဉ်းသည့် ပုံမှန်လုပ်ငန်းစဉ်စတင်ဆောင်ရွက်ရန် ဧပြီ ၁၀ ရက်က သဘောတူညီခဲ့ကြကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

နှစ်နိုင်ငံအနေဖြင့် နယ်နိမိတ်ပိုင်းခြားသတ်မှတ်ရေးနှင့်စပ်လျဉ်း၍ ယခုနှစ်အတွင်း၌စတင်ရန် စီစဉ်ထားကြောင်းနှင့် ရေပိုင်နက်နယ်မြေကန့်သတ်ရေးဆိုင်ရာ ဆွေးနွေးမှုမှာ အခြေအနေတိုးတက်ကောင်းမွန်လျက်ရှိကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလာဗ်ရို့က ထုတ်ဖော်ပြောကြားသည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီးသည် နှစ်နိုင်ငံ အရေးကိစ္စများအတွက် ဧပြီ ၉ ရက်မှစတင်၍ ယူကရိန်းနိုင်ငံ ကိယက်ဗ်မြို့သို့ နှစ်ရက်ကြာ အလည်အပတ် ရောက်ရှိခဲ့သည်။ **အမ်အင်န်အေဆင်ဟွာ**

ရောကတ်စထရို၏ သတ္တိပြောင်မှု ဗီဒယ်ကတ်စထရိုချီးကျူး

ဟာဗားနား ဧပြီ ၁၂

အမေရိကန်နိုင်ငံနှင့် ဥရောပသမဂ္ဂ(အီးယူ)တို့၏ ဖိနှိပ်မှုကို သတ္တိပြောင်မြောက်စွာ ခုခံတွန်းလှန်ခဲ့သည့် တာဝန်ထမ်းဆောင်ဆဲ ကျူးဘားခေါင်းဆောင် ရောကတ်စထရိုကို ကျူးဘားခေါင်းဆောင်ဟောင်း ဗီဒယ်ကတ်စထရိုက ဧပြီ ၉ရက်၌ ချီးကျူးထောမနာပြုလိုက်သည်။

ကျူးဘားအတိုက်အခံ အော်လန်ဒိုဇာပါတာ အစာငတ်ခံဆန္ဒပြပြီး ဖေဖော်ဝါရီလက သေဆုံးသွားခဲ့ပြီးနောက် အမေရိကန်နိုင်ငံနှင့်ဥရောပသမဂ္ဂတို့သည် ကျူးဘားနိုင်ငံအား ဆန့်ကျင်ဝေဖန်မှုများ ပြုလုပ်ခဲ့သည်ဟု ရောကတ်စထရိုက မိန့်ခွန်းပြောကြားရာ၌ ထည့်သွင်းပြောကြားသွားသည်။

အညံ့မခံ

ကျူးဘားနိုင်ငံအနေဖြင့် အင်အားမည်မျှကြီးမားသည်ဖြစ်စေ မည်သည့်နိုင်ငံ၏ အကျပ်ကိုင် ခြိမ်းခြောက်မှုကိုမဆို ဘယ်သောအခါမျှ အညံ့ခံလိမ့်မည်မဟုတ်ကြောင်းဖြင့်လည်း ကျူးဘားလက်ရှိ ခေါင်းဆောင်က ဆက်လက်ပြောကြားသည်။

ယင်းလုပ်ရပ်သည် ကျူးဘားနိုင်ငံနှင့် ကျူးဘားမဟာမိတ်နိုင်ငံများအား နက်ရှိုင်းစွာထိုးနှက်စော်ကားခြင်းပင်ဖြစ်သည်ဟု ပြောကြားသည်။

ဗီဒယ်ကတ်စထရိုသည် ကျန်းမာရေး အခြေအနေအရ သူ၏အာဏာကို သူ့ညီဖြစ်သူ ရောကတ်စထရိုအား ၂၀၀၆ခုနှစ် ဇွန်လက လွှဲပြောင်းပေးခဲ့သည်။

အမ်အင်န်အေဆင်ဟွာ

နိုင်ငံတကာ အာကာသယာဉ်စခန်း၌ အမျိုးသမီးအာကာသယာဉ်မှူး အများဆုံးရောက်ရှိနေ

ပေကျင်း ဧပြီ ၁၂

နိုင်ငံတကာ အာကာသယာဉ်စခန်းတွင် ဒစ္စကာဗာရီအာကာသလွန်းပျံယာဉ် ဧပြီ ၇ရက်က အောင်မြင်စွာ ချိတ်ဆက်နိုင်ခဲ့သည်။ ဒစ္စကာဗာရီအာကာသလွန်းပျံယာဉ်တွင် အမျိုးသမီးအာကာသယာဉ်မှူး သုံးဦးလိုက်ပါသွားခဲ့ရာ နိုင်ငံတကာအာကာသယာဉ်စခန်း၌ အမျိုးသမီး အာကာသယာဉ်မှူး အများဆုံးရောက်ရှိနေမှုပင် ဖြစ်ကြောင်း နာဆာက ဧပြီ ၁၁ရက်၌ သတင်းထုတ်ပြန်သည်။

အာကာသယာဉ်မှူးများ

ဒစ္စကာဗာရီအာကာသလွန်းပျံယာဉ်ဖြင့် နိုင်ငံတကာ အာကာသယာဉ်စခန်းသို့ ရောက်ရှိနေသည့် အမျိုးသမီး အာကာသယာဉ်မှူး သုံးဦးမှာ အငြိမ်းစားကျောင်းဆရာမ တစ်ဦးဖြစ်သည့် အသက် ၃၄နှစ်အရွယ်ရှိ လင်ဒန်ဘူရာဂါ၊ အာကာသခရီးစဉ် နှစ်ကြိမ် လိုက်ပါခဲ့ဖူးသည့် အသက် ၄၃နှစ်အရွယ်ရှိ ဝီလ်ဆင်၊ ဂျပန်အာကာသ အေဂျင်စီမှ အာကာသယာဉ်မှူး တစ်ဦးဖြစ်သည့် အသက် ၃၉နှစ်အရွယ် ယာမာဇာကီတို့ဖြစ်ကြသည်။ (ယာပုံ)

လိုက်ပါသွား

ဒစ္စကာဗာရီ အာကာသလွန်းပျံယာဉ်တွင် အမျိုးသား အာကာသယာဉ်မှူးတစ်ဦးနှင့် အမျိုးသမီးအာကာသယာဉ်မှူး သုံးဦးတို့ လိုက်ပါသွားခဲ့ကြသည်။ (အင်တာနက်)

အင်ဒိုနီးရှား၌ ရင်းနှီးမြှုပ်နှံမှုမြင့်တက် စီးပွားရေးဖွံ့ဖြိုးမှု မြင့်မားမည်

ဂျကာတာ ဧပြီ ၁၂

အင်ဒိုနီးရှားနိုင်ငံ၏ အသေးစားစီးပွားရေးမှာ အလားအလာ ကောင်းမွန်သဖြင့် အင်ဒိုနီးရှားအစိုးရက ကနဦးကာလတွင် စီးပွားရေးဖွံ့ဖြိုးမှုနှုန်း ၅ဒသမ၅ရာခိုင်နှုန်း သတ်မှတ်ထားရာမှ ယခုနှစ်တွင် ၆ရာခိုင်နှုန်းအထိ ပြင်ဆင်ကြောင်း အင်ဒိုနီးရှားအရာရှိများက ဧပြီ ၁၁ရက်၌ ပြောကြားသည်။

ယခုနှစ်စီးပွားရေးဖွံ့ဖြိုးမှုနှုန်းသည် ရင်းနှီးမြှုပ်နှံမှု မြင့်တက်လာမှုကြောင့်ဖြစ်ပြီး အင်ဒိုနီးရှားအစိုးရက ၇ ဒသမ ၈ ရာခိုင်နှုန်းအထိ မြင့်တက်လာမည်ဟု ခန့်မှန်းထားကြောင်း၊ ကမ္ဘာ့တစ်ဝန်းစီးပွားရေးကျဆင်းမှုပေါ်ပေါက်ခဲ့ပြီးနောက်နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများက အင်ဒိုနီးရှား နိုင်ငံအား ရင်းနှီးမြှုပ်နှံမှုကောင်းသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ရွေးချယ်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း စသည်ဖြင့် ဝန်ကြီးမူယာနီက ပြောကြားသည်။

ကြီးထွားလာ

နိုင်ငံ၏ ပြည်ပတင်ပို့မှုပမာဏသည် မြင့်တက်လာသည့် ကမ္ဘာ့တစ်ဝန်းကုန်သွယ်ရေးပမာဏနှင့်အညီ ယခုနှစ်အတွင်း ၁၈ ဒသမ ၉ ရာခိုင်နှုန်းအထိ ကြီးထွားလာနိုင်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

လျှပ်စစ်မော်တော်ယာဉ်များဓာတ်အားဖြည့်တင်းရန် တရုတ်နိုင်ငံတွင် ဌာနများတည်ဆောက်ထား

ကျိနန်း ဧပြီ ၁၂

တရုတ်နိုင်ငံ ရှန်တုံပြည်နယ်အရှေ့ပိုင်း၌ ပထမဆုံးလျှပ်စစ်မော်တော်ယာဉ်များ လျှပ်စစ်ဓာတ်အားဖြည့်တင်းရေးဌာနတစ်ခု တည်ဆောက်လျက်ရှိကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အဆိုပါ လျှပ်စစ်မော်တော်ယာဉ်များ ဓာတ်အားဖြည့်တင်းရေးဌာနမှာ လင်ရီမြို့၌ ရှိပြီး တစ်ကြိမ်လျှင် လျှပ်စစ်မော်တော်ယာဉ် ၄၅စီးကို လျှပ်စစ်ဓာတ်အား ဖြည့်တင်းနိုင်မည်ဖြစ်သည်ဟု ဆိုသည်။

ပြောကြား

ယင်းစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၇သန်း ရင်းနှီးမြှုပ်နှံထားကြောင်းနှင့် မေလအတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း ရှန်တုံလျှပ်စစ်စွမ်းအင် ကော်ပိုရေးရှင်း အရောင်းဌာန ဒုတိယညွှန်ကြားရေးမှူး လီဂူဟွာက ပြောကြားသည်။

တည်ဆောက်

တရုတ်နိုင်ငံသည် ကမ္ဘာ့အကြီးဆုံး လျှပ်စစ်မော်တော်ယာဉ်ထုတ်လုပ်သည့်နိုင်ငံဖြစ်သည့်အပြင် ကမ္ဘာ့အကြီးဆုံး လျှပ်စစ်မော်တော်ယာဉ်ဈေးကွက်လည်းဖြစ်ကြောင်းနှင့် ရှန်ဟိုင်း၊ ရှန်ကျန်းနှင့် ဝူဟန်မြို့များတွင် လျှပ်စစ်မော်တော်ယာဉ် လျှပ်စစ်ဖြည့်တင်းရေးဌာနများ တည်ဆောက်ထားပြီးဖြစ်ကြောင်း လီကဆက်လက်ပြောကြားသည်။ **အမ်အင်န်အေဆင်ဟွာ**

ပင်လယ်ကွေ့သုံးနိုင်ငံနှင့် နီပေါ ဆက်ဆံရေးတိုးမြှင့် နီပေါအလုပ်သမားများအတွက် အခွင့်အလမ်းကောင်းများ မျှော်လင့်

ခတ္တမန္ဒူ ဧပြီ ၁၂

နီပေါနိုင်ငံနှင့် ဆက်ဆံမှုတိုးတက်ရေး၊ နီပေါအလုပ်သမားများ အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်စေရေးတို့အတွက် သံတမန်နည်းလမ်းသစ်များ ဆောင်ရွက်ရာတွင် ပင်လယ်ကွေ့သုံးနိုင်ငံဖြစ်သည့် အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)၊ ကာတာနိုင်ငံနှင့် ဆော်ဒီအာရေဗျနိုင်ငံတို့မှ ကိုယ်စားလှယ်ရုံးများကို နီပေါ၌ ယခုနှစ်အတွင်း ဖွင့်လှစ်မည်ဖြစ်ကြောင်း နီပေါမီဒီယာများက ဧပြီ ၁၁ရက်၌ သတင်းထုတ်ပြန်သည်။

ခတ္တမန္ဒူမြို့၌ လွန်ခဲ့သည့်လေးလအတွင်းက ယူအေအီးကောင်စစ်ဝန်ချုပ်ရုံးကို ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

ယင်းသို့ သံတမန်ဆက်ဆံရေးနည်းလမ်းများကြောင့် ယူအေအီး၌ နီပေါအလုပ်သမားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိနိုင်မည်ဟု မျှော်လင့်ပါကြောင်း နီပေါနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

ယခုနှစ်အတွင်း နီပေါ၌ ကာတာနိုင်ငံမှ ကောင်စစ်ဝန်ရုံးနှင့် ဆော်ဒီအာရေဗျမှ သံရုံးတို့ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ ***အမ်အင်န်အေဆင်ဟွာ***

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် အမျိုးသားဥယျာဉ်အတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသောမြစ်မှ မြစ်ရေများလျော့ကျလျက်ရှိသည်ကို ဧပြီ၁၁ရက်က တွေ့ရစဉ်။ (အမေရိကန်နိုင်ငံတွင် ယခုနှစ်အတွင်း စံချိန်တင်လောက်အောင် ပူပြင်းလျက်ရှိပြီး အနောက်ကမ္ဘာခြမ်း ပင်လယ်ရေမျက်နှာပြင်မှာ ၂၈၂ပေအထိ အနိမ့်ဆုံးကျဆင်းသွားခဲ့ကြောင်း သိရသည်။) **(အင်တာနက်ဓာတ်ပုံ)**

သမိုင်းဝင် သတင်းသုတ　သမိုင်းဝင် သတင်းသုတ　သမိုင်းဝင် သတင်းသုတ　သမိုင်းဝင် သတင်းသုတ

မဲခေါင်မြစ်ဝှမ်း ဂေဟစနစ် ဝိုင်းဝန်းထိန်းသိမ်းကြရမည်

တိုး- ရေးသားသည်

မဟာမဲခေါင်ဒေသခွဲသည် များပြားလှသောရေဝေကုန်းတန်းများ၊ စိုစွတ်မြေများ၊ သစ်တောများနှင့်အတူ မြစ်ကြီးမြစ်ငယ်အသွယ်သွယ်တို့ ဖြတ်ကျော်စီးဆင်းရာ အာရှတိုက်၏ အတုလံအတုကင်းမဲ့သည့်နေရာ တစ်ခုဖြစ်သည်။

စီးဆင်းဖြတ်ကျော်

မဲခေါင်မြစ်သည် ကမ္ဘာ့မြစ်ကြီးများစာရင်းဝင်မြစ်ဖြစ်ပြီး အာရှတိုက်တွင် သတ္တမမြောက် အကြီးဆုံးမြစ် ဖြစ်သည်။ ပျမ်းမျှအရှည် ၂၇၀၃မိုင်ရှိပြီး စတုရန်းမိုင် ၃၀၇၀၀၀ကို စီးဆင်းဖြတ်ကျော်သွားသည့်မြစ် ဖြစ်သည်။

တိဗက်ကုန်းပြင်မြင့်မှ မြစ်ဖျားခံသည့်မဲခေါင်မြစ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်၊ မြန်မာနိုင်ငံ၊ လာအိုဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းဘုရင့်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့ကို ဖြတ်သန်းစီးဆင်းကာ တောင်တရုတ်ပင်လယ်အတွင်း စီးဝင်သွားသည်။

သွားလာရေးခက်ခဲ

မဲခေါင်မြစ်တွင်း ရေစီးဆင်းမှုမှာ ရာသီအလိုက်အပြောင်းအလဲများရှိပြီး မြစ်အတွင်း ရေမှော်နှင့်ရေတံခွန်များရှိခြင်းကြောင့် မြစ်ကြောင်းတစ်လျှောက် ရေကြောင်းသွားလာရေးမှာ လွန်စွာခက်ခဲစေသည်။ မဲခေါင်မြစ်သည် နိုင်ငံပေါင်းခြောက်နိုင်ငံကို ဖြတ်သန်းစီးဆင်း ရသည့်အားလျော်စွာ ဒေသအလိုက် မြစ်၏ နာမည်များလည်း ကွဲပြားခြားနားသည်ကို တွေ့ရသည်။ မဲခေါင်ဟူသောအမည်မှာ ထိုင်းဘာသာဖြင့် မဲနမ်ခေါင်မှပြောင်းလဲလာခြင်း ဖြစ်သည်။ မဲမှာ မိခင်၊ နမ်မှာ ရေ၊ ခေါင်မှာ သသ်ကရိုက်ဘာသာဂင်္ဂါ (အဓိပ္ပာယ်မှာ ဂင်္ဂါမြစ်) မှဆင်းသက်သည်။ ထိုင်းနိုင်ငံမြောက်ပိုင်းနှင့် လာအိုဒေသခံများကမဲခေါင်မြစ်ကို မြစ်ခေါင်ဟုခေါ်သည်။ ကမ္ဘောဒီးယားတွင် တိုနယ်ဆက်ဟုခေါ်သည်။ တိုနယ်မှာ ရေကန်ကြီး သို့မဟုတ် မြစ်ကြီးဟု အဓိပ္ပာယ်ရသည်။ မြစ်အစပိုင်းကို လန်ကန်ဟုခေါ်ဝေါ်သည်။

ဇီဝမျိုးစိတ်

မဲခေါင်မြစ်ဝှမ်းသည် ကမ္ဘာပေါ်တွင် ဇီဝမျိုးစိတ် အကြွယ်ဝဆုံး ဒေသတစ်ခုဖြစ်သည်။ အမေဇုန်မြစ်ဝှမ်းက ဇီဝမျိုးစိတ်အများဆုံးဟုဆိုသော်လည်း ဇီဝမျိုးစိတ် သိပ်သည်းမှုတွင် မဲခေါင်မြစ်ဝှမ်းကိုမလိုက်နိုင်တော့ပေ။ မဲခေါင်မြစ်ဝှမ်းတွင် ငါးမျိုးပေါင်း ၁၂၀၀ ကျော်ရှိကြောင်း တွေ့ရှိသတ်မှတ်ထားသော်လည်း အမှန်စင်စစ်ငါးမျိုး ၁၇၀၀ကျော်ရှိနိုင်ပေသည်။ ဤဒေသအတွင်းတွင် ငါးဖမ်းလုပ်ငန်းသည် စီးပွားရေးအတွက်အရေးပါသည်။ ငါးအမျိုးပေါင်း ၁၂၀ကို ရောင်းဝယ်ဖောက်ကားနေသော်လည်း အဓိကအားဖြင့် ငါးအမျိုးပေါင်း ၁၀မျိုး၊ အမျိုး ၂၀ကိုသာ ရောင်းဝယ်စီးပွားရှာနေကြခြင်းဖြစ်သည်။ အကြီးစားငါးများကျက်စားမှုတွင် မဲခေါင်မြစ်ကို မည်သည့်မြစ်မျှမယှဉ်နိုင်ပေ။ မဲခေါင်ငါးကြင်းမှာ လေးပေဆယ့်တစ်လက်မရှည်ပြီး အလေးချိန်ပေါင် ၁၅၀အထိစီးသည်။ ရေချိုလင်းပိုင်တစ်မျိုးဖြစ်သည့် ဧရာဝတီလင်းပိုင်မှာလည်း မဲခေါင်မြစ်အတွင်းတွေ့ရှိရသည်။ သို့သော် ရှားပါး၍နေပြီဖြစ်၏။ အလားတူပင် ရှားပါးသော ထိုင်းမိကျောင်းသည်လည်း မဲခေါင်မြစ်တွင်ရှိသည်။ ရှားပါး၍နေပေပြီ။

ကူးသန်းရောင်းဝယ်ရေးနှင့် လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် မဲခေါင်မြစ်ကိုဖြတ်၍ တံတားများတည်ဆောက်သည်။ ထိုင်းနိုင်ငံ နွန်ခိုင်မြို့နှင့် လာအိုနိုင်ငံ ဗီယန်ကျင်းမြို့တို့ကိုဆက်သွယ်သည့် အရှည်ပေ ၃၈၄၀ ပထမ ထိုင်း-လာအိုချစ်ကြည်ရေးတံတား၊ မတ်ဒါဟန်နှင့် ဆာဖန်နစက်တို့ကို ဆက်သွယ်သည့် အရှည်ပေ ၅၂၀၀ ဒုတိယထိုင်း-လာအိုချစ်ကြည်ရေးတံတား၊ လာအိုနိုင်ငံအတွင်း တံတားသုံးစင်း၊ အာရှလမ်းမကြီး(၃)၏ အစိတ်အပိုင်းအဖြစ် ထိုင်းနိုင်ငံချင်းခေါင်မြို့နှင့် လာအိုနိုင်ငံ ဂန်ဟွေးဇေမြို့တို့ကိုဆက်သွယ်သည့်တံတားသစ် (၂၀၁၁ခုနှစ်၌ပြီးစီးမည်)၊ ကမ္ဘောဒီးယားနိုင်ငံက ကီဇူနာတံတားနှင့် ပရက်တာမက်တံတား (၂၀၁၁ခုနှစ်၌ပြီးစီးမည်)၊ ဗီယက်နမ်နိုင်ငံမှ မိုင်သွမ်တံတား၊ ရက်မြူတံတားနှင့် မပြီးသေးသည့် ကန်သိုတံတားတို့ကိုတည်ဆောက်သည်။ ရေကာတာတည်ဆောက်မှုများလည်းရှိသည်။

မဲခေါင်မြစ်သည် တရုတ်ပြည်တိဗက်ကုန်းပြင်မြင့်မှမြစ်ဖျားခံကာ ယူနန်ပြည်နယ်ကိုဖြတ်ပြီး တောင်ဘက်မြန်မာ၊ ထိုင်းနှင့် လာအိုနယ်စပ်ကိုစီးဆင်းသည်။ ထိုမှ တောင်ဘက်သို့စီးဆင်းစဉ် ထိုင်းနိုင်ငံအတွင်း မြစ်လက်တက်အချို့နှင့်ပူးပေါင်းကာ ကမ္ဘောဒီးယားနိုင်ငံအတွင်းဝင်ရောက်သည်။ ဂရိတ်လိပ် (ရေကန်ကြီး)မှ တွန်လီဆက်မြစ်အပါအဝင် မြစ်လက်တက်အချို့စီးဝင်ပြီးနောက် မြစ်ကြောင်းများဖြာထွက်ပြီး ဗီယက်နမ်နိုင်ငံအတွင်း မြစ်ဝကျွန်းပေါ်ထွန်းလျက် နောက်ဆုံးတောင်တရုတ်ပင်လယ်အတွင်းစီးဆင်းသွားသည်။ ယင်းသို့ ဝေ့ကာဝိုက်ကာစီးဆင်းဖြတ်သန်းရသည့်အလျောက် မဲခေါင်မြစ်သည် ထူးခြားသည့်သမိုင်းကို ဖော်ဆောင်သည်။ ထိုနိုင်ငံများ၏စီးပွားရေးနှင့် နိုင်ငံရေးပြဿနာများသည် ယဉ်ကျေးမှုအစဉ်အလာများနှင့် ဆက်စပ်နေခြင်းဖြစ်သည်။ ထို့ကြောင့်ပင် မဲခေါင်မြစ်ကို အာရှတိုက်၏ ဒင်ညူမြစ်ဟုတင်စားခေါ်ဝေါ်ကြခြင်းဖြစ်သည်။

မဲခေါင်မြစ်ဝှမ်းမြေပုံ။ (အင်တာနက်ဓာတ်ပုံ)

အကျယ်အဝန်း

မဲခေါင်မြစ်ဝှမ်းတွင် တရုတ်ပြည်အကျယ်အဝန်း၏ ၁ ဒသမ ၇ ရာခိုင်နှုန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ၃ ဒသမ ၅ ရာခိုင်နှုန်း၊ လာအိုဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ၏ ၈၅ ဒသမ ၅ ရာခိုင်နှုန်း၊ ထိုင်းဘုရင့်နိုင်ငံ၏ ၃၅ ဒသမ ၉ ရာခိုင်နှုန်း၊ ကမ္ဘောဒီးယားဘုရင့်နိုင်ငံ၏ ၈၅ ဒသမ ၄ ရာခိုင်နှုန်း၊ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ၏ ၁၉ ဒသမ ၆ ရာခိုင်နှုန်းပါဝင်သည်။

လာအိုနိုင်ငံနှင့် ကမ္ဘောဒီးယားတွင် နိုင်ငံပိုင်နက်နယ်မြေပျမ်းမျှ ၈၅ ရာခိုင်နှုန်းမှာ မဲခေါင်မြစ်ဝှမ်းဒေသများဖြစ်ရာ ဤနှစ်နိုင်ငံသည် မဲခေါင်မြစ်နှင့်အထူးပင် နက်ရှိုင်းစွာဆက်စပ်လျက်ရှိသည်ကိုတွေ့နိုင်သည်။ တရုတ်နှင့် မြန်မာနိုင်ငံတို့မှာမူ အနည်းငယ်သာလျှင် မဲခေါင်မြစ်ဝှမ်းတွင် အကျုံးဝင်သည်ကိုတွေ့ရှိနိုင်သည်။

၁၉၉၅ ခုနှစ် ဧပြီ ၅ ရက်တွင် ဖွဲ့စည်းသည့် မဲခေါင်မြစ်ကော်မရှင် (အမ်အာရ်စီ)တွင် ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်တို့ပါဝင်သည်။

တက်ရောက်

ထိုင်းနိုင်ငံအပန်းဖြေစခန်းဟွာဟင်၌ ၂၀၁၀ ခုနှစ် မတ် ၄ ရက်မှစတင်သည့် ပထမအကြိမ် မဲခေါင်မြစ်ကော်မရှင်အဖွဲ့ဝင်နိုင်ငံများ၏ ထိပ်သီးအစည်းအဝေးသို့ အဖွဲ့ဝင်လေးနိုင်ငံတက်ရောက်သည်။ မြန်မာနှင့် တရုတ်နိုင်ငံကိုယ်စားလှယ်များက ဆွေးနွေးဖက်နိုင်ငံများအဖြစ် တက်ရောက်ခဲ့ကြသည်။



မဲခေါင်မြစ်တစ်နေရာ၏သဘာဝရှုခင်းအလှမြင်ကွင်း….။
(အင်တာနက်ဓာတ်ပုံ)

မြစ်ဝှမ်းတစ်လျှောက်တွင် ပြည်သူသန်း ၂၂၀ မှီတင်းနေထိုင်သည့် မဲခေါင်မြစ်မှာ ယခုအခါ နှစ်ပေါင်း ၅၀အတွင်း ရေအတိမ်ဆုံးဖြစ်၍ အချို့နေရာများ၌ ရေယာဉ်ငယ်များပင်သွားလာခုတ်မောင်းရန် အခက်ကြုံနေရသည်။ မိုးခေါင်မှု၊ ဆားအနည်ထိုင်မှု၊ မြေဆီလွှာလျော့နည်းမှုတို့က ကမ္ဘောဒီးယားနှင့် ဗီယက်နမ် စပါးကျီဟုတွင်သည့် ဒေသများ၌ ရိက္ခာထုတ်လုပ်မှုကိုခြိမ်းခြောက်လာခဲ့သည်။

မဲခေါင်မြစ်ဝှမ်းနိုင်ငံများမှာ ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ဘုရင့်နိုင်ငံ၊ သမ္မတနိုင်ငံ၊ ဒီမိုကရေစီစနစ်ကျင့်သုံးမှု စသဖြင့် နိုင်ငံရေးစနစ်အမျိုးမျိုးကွဲပြားသည်။ မည်သို့ပင်ဖြစ်စေ သမိုင်းအစဉ်အလာအရ ယဉ်ကျေးမှုနှင့် လူမျိုးများနေထိုင်မှုဘဝတူညီခြင်းများက တစ်ဖက်တွင်ရှိနေပြန်ရာ မဲခေါင်မြစ်စီမံခန့်ခွဲရေးတွင် ကောင်းမွန်အောင် တက်ညီလက်ညီဆောင်ရွက်နိုင်မည်မှာ မြေကြီးလက်ခတ်မလွဲနိုင်ပေ။

လက်တွဲအနိုင်ယူ

ရာသီဥတုဖောက်ပြန်မှုနှင့် မြစ်ရေကို အထိန်းအချုပ်မရှိသုံးစွဲမှုတို့ကြောင့် ပေါ်ပေါက်လာရသည့် ပြဿနာများက မဲခေါင်မြစ် ရေစီးရေလာကိုခြိမ်းခြောက်လာမှုအပေါ် မဲခေါင်မြစ်ဝှမ်း ပြည်သူများက လက်တွဲကြိုးပမ်းအနိုင်ယူရမည်သာ ဖြစ်ပါကြောင်း။ ။

ကိုးကား-အင်တာနက်

မဲခေါင်မြစ်အတွင်းမှ ဖမ်းယူ ရရှိသော ဧရာမငါး ကြီး တစ်ကောင်။ (အင်တာနက်ဓာတ်ပုံ)

မဟာမဲခေါင်ဒေသခွဲသည် များပြားလှသော ရေဝေကုန်းတန်းများ၊ စိုစွတ်မြေများ၊ သစ်တောများနှင့်အတူ မြစ်ကြီးမြစ်ငယ်အသွယ်သွယ်တို့ ဖြတ်ကျော်စီးဆင်းရာ အာရှတိုက်၏ အတုလံအတုကင်းမဲ့သည့်နေရာ တစ်ခုဖြစ်။

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည်-စုစည်းသည်

တရုတ်အလယ်ပိုင်း၌ ကုန်သိုလှောင်ရုံ ပြိုကျမှုဖြစ်ပွား

တရုတ်နိုင်ငံအလယ်ပိုင်း ဟူနန်ပြည်နယ် ဟွာယန်စီရင်စုတွင် ဧပြီ ၁၂ရက်က ကုန်သိုလှောင်ရုံပြိုကျမှုဖြစ်ပွားရာ အလုပ်သမားနှစ်ဦးသေဆုံးပြီး လေးဦးပျောက်ဆုံးလျက်ရှိကြောင်း၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ အမြန်ဆောင်ရွက်လျက်ရှိကြောင်း တရုတ်အရာရှိများက ပြောကြားသည်။ (အောက်ပုံ)

အိန္ဒိယသမုဒ္ဒရာရေပြင်၌ ကုန်တင်သင်္ဘော အပိုင်စီးခံရ

အိန္ဒိယသမုဒ္ဒရာရေပြင်တွင် ကုန်တင်သင်္ဘောတစ်စင်းကို ဆိုမာလီဓားပြများက ဧပြီ ၁၂ရက်၌ အပိုင်စီးသွားခဲ့ကြောင်း၊ သင်္ဘောပေါ်တွင် အိန္ဒိယ၊ ပါကစ္စတန်နှင့် တန်ဇန်းနီးယားနိုင်ငံတို့မှ သင်္ဘောသား၂၅ဦးပါသွားကြောင်း၊ ယင်းကုန်တင်သင်္ဘောအား ဆိုမာလီနိုင်ငံသို့ဦးတည်ခုတ်မောင်းသွားစေခဲ့ကြောင်း တန်ဇန်းနီးယားအရာရှိများက သတင်းထုတ်ပြန်သည်။

စပိန်အရှေ့တောင်ပိုင်း၌ ငလျင်လှုပ်

စပိန်နိုင်ငံ အရှေ့တောင်ပိုင်း ဂရာနာဒါမြို့အနီး ၂၅ကီလိုမီတာကွာဝေးသည့်နေရာကို ဗဟိုပြုပြီး ဧပြီ ၁၂ရက်က ရစ်ချ်တာစကေး ၆ဒသမ၂ရှိ ငလျင်လှုပ်သွားကြောင်း၊ ထိခိုက်ပျက်စီးမှုမရှိကြောင်း သတင်းထုတ်ပြန်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မာစကာတာမြစ်၌ ကူးတို့နစ်မြုပ်

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဘာရစ်ဆယ်ခရိုင်အတွင်းရှိ မာစကာတာမြစ်အတွင်း ဧပြီ ၁၂ရက်နံနက်က ရာသီဥတုဆိုးရွားပြီး လေပြင်းတိုက်ခတ်မှုကြောင့် ခရီးသည် ၄၀ခန့် တင်ဆောင်လာသော ကူးတို့လှေနစ်မြုပ်ခဲ့ရာ ခြောက်ဦးသေဆုံးပြီး ၁၀ဦးပျောက်ဆုံးလျက်ရှိကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်ပေးလျက်ရှိကြောင်း ဘင်္ဂလားဒေ့ရှ် ရဲတပ်ဖွဲ့က ပြောကြားသည်။

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်းပြန်လည် ဦးမော့

ကမ္ဘာ့ဈေးကွက်တွင် ရွှေဈေးနှုန်းများ ပြန်လည် ဦးမော့လျက်ရှိရာ တရုတ်ရွှေဈေးကွက်၌ ရွှေတစ်အောင်စလျှင် ဧပြီ ၁၂ရက် ဈေးပိတ်ချိန်၌ အမေရိကန်ဒေါ်လာ ၁၁၆၇ဒသမ၁၄ဒေါ်လာဖြစ်ခဲ့ကြောင်း တရုတ်အရာရှိများက သတင်းထုတ်ပြန်သည်။

မလေးရှားကမ်းခြေလုံခြုံရေးရေယာဉ်ငယ်များ သုံးမည်

မလေးရှားကမ်းခြေစောင့်လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် အကြီးစားရေယာဉ်များနေရာတွင် အငယ်စားနှင့် အပေါ့စားအမြန်ရေယာဉ်ငယ်များဖြင့် အစားထိုးသုံးစွဲသွားမည်ဖြစ်ကြောင်း၊ လုံခြုံရေးတာဝန်များကို ပိုမိုလျင်မြန်စွာဆောင်ရွက်နိုင်ရန်အတွက် ဖြစ်ကြောင်း မလေးရှားရေတပ်အရာရှိများက ဧပြီ ၁၂ရက်၌ ပြောကြားသည်။

ဒစ္စကာဗာရီမှ အာကာသယာဉ်မှူးများ လမ်းထွက်လျှောက်

နိုင်ငံတကာအာကာသယာဉ်စခန်းသို့ ရောက်ရှိနေသော ဒစ္စကာဗာရီအာကာသလွန်းပြန်ယာဉ်မှ အာကာသယာဉ်မှူးနှစ်ဦးသည် ဒုတိယအကြိမ် အာကာသတွင်း လမ်းလျှောက်မှုပြုလုပ်ခဲ့ကြကြောင်း၊ ပေါင် ၁၇၀၀ရှိသည့် အမိုးနီးယား သိုလှောင်ကန်တစ်ခုကို နိုင်ငံတကာအာကာသယာဉ်စခန်း၌ ဧပြီ ၁၂ရက်က အစားထိုးတပ်ဆင်ခဲ့ကြောင်း နာဆာက သတင်းထုတ်ပြန်သည်။ *(အင်တာနက်)*

ပျော်ပျော်ရွှင်ရွှင် ဆင်ကာနွဲ ရခိုင်ရိုးရာနံ့သာသွေးပွဲ

သတင်းမြင်ကွင်း
ဝင်းကျော်

ဓာတ်ပုံမှတ်တမ်း
တင်စိုး(မြန်မာ့အလင်း)

စာမျက်နှာဖွဲ့စည်းမှု
ဝင့်မာသွင်(မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၁၂

၂၀၁၀ ခုနှစ် ရခိုင်ရိုးရာ သင်္ကြန်ပွဲတော်ကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူကားမောင်းသင်ကွင်း၌ ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ ပွဲတော်အကြိုအဖြစ် ရခိုင်ရိုးရာနံ့သာသွေးပြိုင်ပွဲကို ယနေ့ညနေပိုင်းက အဆိုပါနေရာ၌ စည်ကားစွာကျင်းပသည်။

ရခိုင်ရိုးရာသင်္ကြန်ပွဲတော် ဒုတိယအကြိမ် နံ့သာသွေးပြိုင်ပွဲတွင် ပထမဆုရ ကျောက်တော်မြို့နယ်အသင်း (ကစ္ဆမပျိုဖြူ)အား ပွဲတော်ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်စောခင်တင့်က ဆုချီးမြှင့်စဉ်။

နံ့သာသွေးပြိုင်ပွဲကျင်းပရာ မဏ္ဍပ်အတွင်း၌ ပြိုင်ပွဲဝင်အသင်းများမှ သမီးပျိုများ၏ တက်ကြွသောလှုပ်ရှားမှုနှင့်အတူ ရောင်စုံဝတ်စားဆင်ယင်မှုကလည်း ပန်းရ၍ လှပနေသည်။

နံ့သာသွေးပြိုင်ပွဲ

မြန်မာ့အလင်းသတင်းအဖွဲ့ နံ့သာသွေးပြိုင်ပွဲနှင့် ပတ်သက်၍ သိလိုသည်များကို ရခိုင်ရိုးရာသင်္ကြန်ပွဲတော်ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဒေါ်စောခင်တင့်အား တွေ့ဆုံ၍ မေးမြန်းခဲ့ရာ ''ရခိုင်ရိုးရာနံ့သာသွေးပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်းပေါင်း ၁၃သင်း ပါဝင်ယှဉ်ပြိုင်ကြပါမယ်။ ရခိုင်ပြည်နယ်မှ မြို့နယ်ပေါင်းစုံနဲ့ အသင်းအဖွဲ့များမှ ပါဝင်ယှဉ်ပြိုင်ကြပါမယ်''ဟု ပြိုင်ပွဲဝင်အသင်းများနှင့် ပတ်သက်၍ ပြောပြသည်။

ရခိုင်အမျိုးသမီးအဖွဲ့မှ မအေးသီတာကလည်း ပြိုင်ပွဲဝင်မှုအပေါ် ပျော်ရွှင်ကျေနပ်မိကြောင်း ပြောပြစဉ်။

အမှတ်များ သတ်မှတ်

ဆက်လက်၍ ပြိုင်ပွဲဝင်အမှတ်ပေးမှုနှင့် ပတ်သက်၍လည်း ဤသို့ ပြောပြသည်-

''နံ့သာသွေးပြိုင်ပွဲဝင် အသင်းများကို အမှတ်ပေးရာမှာ တူညီဝတ်စုံဝတ်ဆင်ခြင်း၊ ပြိုင်ပွဲဝင်သမီးပျိုများ အရွယ်တူညီမှုရှိခြင်း၊ ပြိုင်ပွဲဝင်ရာတွင် သပ်ရပ်သေသပ်မှုရှိခြင်း၊ ပြိုင်ပွဲတာဝင်၊ တာထွက်မှန်ကန်မှုရှိခြင်း၊ အသင်းလိုက်တက်ကြွစွာ ပါဝင်ယှဉ်ပြိုင်ခြင်း၊ နံ့သာရည်အနှစ်ပမာဏအများဆုံးရရှိခြင်းဆိုပြီး အမှတ်များ သတ်မှတ်ပေးပါတယ်''ဟု ရှင်းပြသည်။

ပြိုင်ပွဲဝင်ချိန်ကို အချိန် ၁၅ မိနစ် သတ်မှတ်ထားကြောင်း၊ ပြိုင်ပွဲဝင်တစ်သင်းလျှင် ၁၀ ဦး ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်ချိန်တွင် ပြိုင်ပွဲဝင်များကို နောက်မှအားပေးသူများ၏ သံပြိုင်သံချပ်ထိုးပေးမှုကလည်း အမှတ်ပေးမှုတွင် ပါဝင်ကြောင်း၊ အဓိကအားဖြင့် နံ့သာသွေးအနှစ်ရရှိမှု အနည်းအများအပေါ်သတ်မှတ်၍ အကဲဖြတ်ကြောင်း ပြောပြသည်။

သင်္ကြန်သံချပ်

နံ့သာသွေးပြိုင်ပွဲ ကျင်းပရာတွင် အသင်း ၁၃ သင်းကို လေးသင်းနှစ်ဖွဲ့နှင့် ငါးသင်းတစ်ဖွဲ့တို့ပါဝင်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲဝင်သမီးပျိုများ ပြိုင်ပွဲဝင်ချိန်တွင် သတ်မှတ်ချိန်အတွင်း နံ့သာအနှစ်များရရှိရေးအတွက် အားကြိုးမာန်တက်သူ့ထက်ငါအပြိုင် သွေးနေသည်ကိုတွေ့ရပြီး သက်ဆိုင်ရာအဖွဲ့များမှ အားပေးသူများကလည်း ရခိုင် ရိုးရာသင်္ကြန်သံချပ်များ သီဆို၍ မိမိအဖွဲ့ပြိုင်ပွဲဝင်များ စိတ်ဓာတ်တက်ကြွစေရန် သီဆိုပေးနေသည်မှာ ညီညွတ်ခြင်း၊ စည်းလုံးခြင်း၏ သရုပ်ကို ဖော်ပြနေသည်။ အကဲဖြတ်ဒိုင်လူကြီးများကလည်း ပြိုင်ပွဲဝင်အသင်းများကို တစ်သင်းချင်းလိုက်လံကြည့်ရှု၍ အမှတ်များပေးနေသည်ကို တွေ့ရသည်။

နံ့သာသွေးပြိုင်ပွဲဝင် မြို့နယ်များမှ မြောက်ဦးမြို့နယ် နံ့သာသွေးပြိုင်ပွဲဝင်တစ်ဦးဖြစ်သူ မခိုင်လင်းနွယ်ကို ပြိုင်ပွဲဝင်မှုနှင့်ပတ်သက်၍ မေးကြည့်မိရာ- ''သမီးက မြောက်ဦးမြို့နယ်ကို ကိုယ်စားပြုပြီးပါဝင်ယှဉ်ပြိုင်တာပါ။ ပြိုင်ပွဲဝင်တာ နှစ်ကြိမ်ရှိပါပြီ။ ပျော်လည်း ပျော်ပါတယ်'' ဟု ဖြေကြားသည်။

ဆက်လက်၍ ရခိုင်အမျိုးသမီးအဖွဲ့မှ မအေးသီတာကို မေးမြန်းရာ ''ပထမဆုံးအကြိမ်ပြိုင်ပွဲဝင်တာပါ။ အသင်းလိုက်ယှဉ်ပြိုင်ရလို့ ပျော်ရွှင်မိပါတယ်''ဟု ပြောသည်။

ရခိုင်ရိုးရာ နံ့သာသွေးပြိုင်ပွဲသည် ရိုးရာအစဉ်အလာပြိုင်ပွဲတစ်ခုဖြစ်ပြီး ပြိုင်ပွဲဝင်အချင်းချင်း စည်းလုံးခြင်း၊ ညီညွတ်ခြင်းကို ရရှိစေသည့်အတွက် ချစ်စရာကောင်းသော ရိုးရာပြိုင်ပွဲတစ်ခုပင်ဖြစ်သည်။

ဝတ်စားဆင်ယင်

ထို့နောက် မြန်မာ့အလင်းသတင်းအဖွဲ့မှ ရခိုင်ရိုးရာ သင်္ကြန်ပွဲတော်ကျင်းပရေးဖျော်ဖြေရေးကော်မတီမှ တာဝန်ခံဖြစ်သူ ဦးသန်းမောင်အားတွေ့ဆုံ၍ ပွဲတော်ကာလဖျော်ဖြေရေးအစီအစဉ်များနှင့်ပတ်သက်၍ မေးမြန်းရာ ''ရခိုင်ရိုးရာသင်္ကြန်ပွဲတော်ကို မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့်အညီ ဝတ်စားဆင်ယင်ခြင်း၊ ရိုးရာသီချင်း၊ သံချပ်များ သီဆိုခြင်းနဲ့ သင်္ကြန်အနှစ်သာရပြည့်ဝစေရန် ကျင်းပပါမယ်။ မြို့နယ်ကိုယ်စားပြု မဏ္ဍပ်အလိုက်လောင်းလှေနဲ့ ရေပက်ကစားခြင်း ပါဝင်ပါမယ်။ ဒါ့အပြင် မြို့နယ်၏ဂုဏ်ကို ဖော်ကျူးသော သီချင်းများ သီဆိုဖျော်ဖြေပါမယ်။ ဖွင့်ပွဲနေ့မှာ ရခိုင်အမျိုးသား ဦးလုံး ရေးစပ်ခဲ့တဲ့ သီချင်းနဲ့ သီဆိုဖွင့်လှစ်ပါမယ်။

ယိမ်းအက

ရိုးရာသီချင်းနဲ့ သရုပ်ဖော်ယိမ်းအက ဖျော်ဖြေပါမယ်။ ထူးခြားမှုအနေနဲ့ ခေတ်ပေါ်သီချင်းများမပါဘဲ ရိုးရာသံစဉ်သီချင်းများနဲ့သာ သီဆိုကပြပါမယ်''ဟု ပြောကြားသည်။

ပါဝင်ဆင်နွှဲနိုင်

ရခိုင်ရိုးရာသင်္ကြန်ပွဲတော်ကို သင်္ကြန်အကြိုနေ့ဧပြီ(၁၃)ရက်မှ သင်္ကြန်အတက်နေ့ဧပြီ(၁၆)ရက်နေ့အထိ ကျင်းပမည်ဖြစ်ပြီး ရိုးရာလောင်းလှေများဖြင့် အမျိုးသားအမျိုးသမီးများ ရေပက်ကစားခြင်း၊ ရိုးရာစားသောက်ဖွယ်ရာများ ရောင်းချပေးခြင်း၊ ဖျော်ဖြေရေးမဏ္ဍပ်မှ ရိုးရာသီချင်းများဖြင့် သီဆိုဖျော်ဖြေခြင်း၊ ယိမ်းအကများဖြင့် ဖျော်ဖြေ တင်ဆက်ပေးမည်ဖြစ်ရာ သင်္ကြန်ချစ်သူများအနေဖြင့် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်ပါကြောင်းသတင်းစကားပါးလိုက်ရပါသည်။ ။ (မြန်မာ့အလင်း)

ရခိုင်ရိုးရာ နံ့သာသွေးပြိုင်ပွဲဝင်များနှင့် အားပေးသူ ပရိသတ်များကို ဤသို့ တွေ့ရသည်။

မြန်မာ့အလင်း ဒါသကြွန် သတင်းပဒေသာ အတိုအထွာ

ရန်ကုန် ဧပြီ ၁၂

ဆီဒိုးနားဟိုတယ်ရှေ့ T-Home မဏ္ဍပ်၌ ရေကစားမည်

ရန်ကုန်မြို့ ကမ္ဘာ့အေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်ရှေ့၌ T-Home ဖျော်ဖြေရေးသင်္ကြန်မဏ္ဍပ်ကို ဆောက်လုပ်ထားပြီး Century နှင့် Cobra H တေးဂီတအဖွဲ့နှင့်အတူ နာမည်ကျော်အဆိုတော်များက အားပါးတရ ဖျော်ဖြေကြမည်ဖြစ်ပြီး သင်္ကြန်မဏ္ဍပ်သို့ လာရောက်ကြည့်ရှုသူများအနေဖြင့် ဖျော်ဖြေရေးခေတ္တနားချိန်တွင် မဏ္ဍပ်အနီးရှိ မြကျွန်းသာဥယျာဉ်၌ ပျော်ရွှင်စွာ အနားယူအပန်းဖြေနိုင်သည်။ (၂၀၀၉ ခုနှစ် မဟာသင်္ကြန်ကာလက မဏ္ဍပ်ရှေ့မြင်ကွင်း)

သင်္ကြန်ရက်အတွင်း စက်သုံးဆီနှင့် CNG အရောင်းဆိုင်များ ဖွင့်ထားမည်

စွမ်းအင်ဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ ရန်ကုန်တိုင်းအတွင်း ဖွင့်လှစ်ရောင်းချလျက်ရှိသည့် စက်သုံးဆီအရောင်းဆိုင်များနှင့် သဘာဝဓာတ်ငွေ့ (CNG) အရောင်းဆိုင်များကို မဟာသင်္ကြန်ရုံးပိတ်ရက်များတွင် ပုံမှန်အတိုင်း ဖွင့်လှစ်ရောင်းချပေးမည် ဖြစ်သည်။

ဒါသကြွန်ကာလ ကန်တော်ကြီးပတ်လမ်း၌ စည်ကားဖွယ်

ဧပြီ ၁၃ရက် (အကြိုနေ့)တွင် သင်္ကြန်ကာလကျရောက်ပြီဖြစ်ရာ ရန်ကုန်မြို့နေရာအနှံ့၌ ရေကစားမဏ္ဍပ်များ ဆောက်လုပ်ထားသည်ကိုတွေ့ရပြီး ကန်တော်ကြီး ကန်ပတ်လမ်းတစ်လျှောက်၌ မဏ္ဍပ်ပေါင်း ၂၀ ခန့် ဆောက်လုပ်ထားသဖြင့် သင်္ကြန်ကာလတွင် အဆိုပါနေရာ၌ စည်ကားနိုင်ကြောင်း သင်္ကြန်ချစ်သူများအကြားပြောဆိုနေကြသည်။

ရန်ကုန်မြို့တော်ဝန် သင်္ကြန်မဏ္ဍပ်၌ ယိမ်းအကနှင့် အလှပြယာဉ်များ ယှဉ်ပြိုင်ကြမည်

နှစ်စဉ်ကျင်းပနေကျဖြစ်သော ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်တွင် မူကြိုယိမ်းနှင့် ၁၂ ဦး၊ ၁၆ ဦး၊ ၂၀ ယိမ်းပြိုင်ပွဲများ ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အလှပြယာဉ်များ ယှဉ်ပြိုင်ခြင်းနှင့် ညပိုင်းတွင် ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဖျော်ဖြေ၍ သင်္ကြန်ချစ်သူများအတွက် စည်ကားစွာ ကျင်းပမည်ဖြစ်သည်။

ကရဝိက်ဥယျာဉ်ကမ္ဘာ၌ ရေပက်ကစားနိုင်

ရန်ကုန်မြို့ ကန်တော်ကြီး ဥယျာဉ်ရှိ ကရဝိက်ဥယျာဉ်ကမ္ဘာ၌ ဧပြီ ၁၆ ရက် (သင်္ကြန်အတက်နေ့)အထိ ဥယျာဉ်သို့ အပန်းဖြေလာရောက်သူများ ပျော်ရွှင်စွာ ရေပက် ကစားနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

သင်္ကြန်ကာလ ကန်တော်ကြီးပတ်လမ်း တစ်လမ်းမောင်းစနစ် ကျင့်သုံးမည်

ခါသင်္ကြန်ပွဲတော်ကာလဖြစ်သည့် ဧပြီ ၁၃ ရက် (အကြိုနေ့)မှ ၁၆ ရက် (အတက်နေ့)အထိ နံနက် ၆နာရီမှ ညနေ ၆နာရီအတွင်း ရန်ကုန်မြို့ ကန်တော်ကြီးပတ်လမ်းကို ဦးထောင်ဘိုအဝိုင်း တိရစ္ဆာန်ဥယျာဉ်ဘက်မှ ကန်ရိပ်သာလမ်းသို့အဝင် သတ်မှတ်၍ ကမ္ဘာ့အေးစေတီလမ်းဆုံသို့အထွက် သတ်မှတ်သည်။ ကန်ရိပ်သာလမ်း အတိုင်း လက်ဝဲရစ်မောင်းနှင်ရမည်ဖြစ်ပြီး တစ်လမ်းမောင်းစနစ် ကျင့်သုံးမည်ဖြစ်သည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် အရေးကြီးနယ်မြေများ၌ ၂၄ နာရီ ရေပေးထားမည်

၁၃၇၂ခုနှစ် မဟာသင်္ကြန်ပွဲတော်ရက်အတွင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့်အရေးကြီးနယ်မြေများ၌ ၂၄ နာရီရေပေးထားမည်ဖြစ်ပြီး ဧပြီ ၁၄ ရက်မှ ၁၆ ရက်အထိ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ပုဇွန်တောင်နှင့် ဗိုလ်တထောင်မြို့နယ်တို့၌လည်း ၂၄ နာရီ ရေပေးဝေမည်ဖြစ်သည်။ ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ၊ လမ်းမတော်၊ ဗဟန်းနှင့် ဒဂုံမြို့နယ်များ၌ နံနက် ၇နာရီမှ ၁၁နာရီအထိနှင့်ညနေ ၃ နာရီမှ ၆ နာရီအထိ ရေပေးဝေပြီး အလုံ၊ ကြည့်မြင်တိုင်နှင့် စမ်းချောင်း မြို့နယ်တို့၌ နံနက် ၇နာရီမှ ၁၀နာရီအထိ ရေပေးဝေမည် ဖြစ်သည်။ ကျန်မြို့နယ် များကို မူလရေပေးဝေချိန်အတိုင်း ပေးဝေထားမည်ဖြစ်ပြီး ဧပြီ ၁၇ရက် (နှစ်ဆန်း တစ်ရက်)တွင် မြို့နယ်အားလုံးကို ပုံမှန်အတိုင်းပေးဝေမည်ဖြစ်သည်။ ။ (မြန်မာ့အလင်း)

ခုစည်းရေးသားသူ – ဝင်းကျော် / ဓာတ်ပုံမှတ်တမ်း – တင်စိုး(မြန်မာ့အလင်း)

အတာသင်္ကြန်ပွဲတော် နွှဲပျော်ကြရာဝယ် . . . .

သတင်းဆောင်းပါး- မောင်ဆွေဝင်း(ပဲခူး)၊ ဓာတ်ပုံမှတ်တမ်း- တင်စိုး(မြန်မာ့အလင်း)၊ စာမျက်နှာဖွဲ့စည်းမှု- ခိုင်လွင်(မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၁၂

မြန်မာတို့၏ သင်္ကြန်နှစ်သစ်ကူးချိန် ရေပက်ကစားသည့် အလေ့အထသည် ဒေဝဒဟနှင့် ကပိလတွင် သကျသာကီနွယ်ဝင်မင်းတို့ နှစ်သစ်ကူးပြောင်းချိန် ရောက်တိုင်း တစ်ခုသော ရေကန်ကြီးအနီး မင်းခမ်းမင်းနားဖြင့် တဲကြီးများဆောက်လုပ်၍ ရေဖျန်းသဘင် ဆင်မြန်းခဲ့ကြရာမှ စတင်ခဲ့သည်ဟု သာသနာဝင် ကျမ်းများတွင် ဖော်ပြထားကြောင်း သိရသည်။

နှစ်သစ်ကူးအခါသမယတွင် နှစ်ဟောင်းမှ အကုသိုလ်အညစ်အကြေးများကို သန့်စင်ကြည်လင်သော သင်္ကြန်ရေအေးဖြင့် ဆေးကြောခြင်း၊ ပူပြင်းသော နွေရာသီ၌ အပူဒဏ် သက်သာစေရန် ရေကစားကြခြင်းဟူသည့် ရည်ရွယ်ချက်ဖြင့် မြန်မာတို့သည် ရေသဘင်ပွဲတော် နွှဲပျော်ကြခြင်းလည်း ဖြစ်သည်။

ခိုင်မာစွာ ပေါ်ထွက်လာ

သင်္ကြန်ကို အတာဟုလည်း ခေါ်ကြသည်။ သင်္ကြန်ဟူသော ဝေါဟာရနှင့် ဆက်နွယ်ကာ သင်္ကြန်ကျ၊ သင်္ကြန်စာ၊ သင်္ကြန်တက်၊ သင်္ကြန်ထမင်း၊ သင်္ကြန်ပန်း၊ သင်္ကြန်မိုး၊ သင်္ကြန်ရေ၊ သင်္ကြန်လက်ဆောင်မိုး၊ သင်္ကြန်အမြောက် စသော မြန်မာတို့နှင့် ရင်းနှီးပြီး ဝေါဟာရများလည်း ခိုင်မာစွာ ပေါ်ထွက်လာခဲ့ပြီး ဖြစ်သည်။

ပိတောက်နှင့် အတာရေ

သင်္ကြန်ကျခြင်းကို အတာကူးသည်ဟုလည်း ပြောဆိုသုံးနှုန်းကြသေးရာ အတာ-သည် ပါဠိဘာသာစကား အဒ္ဓ-မှ ဆင်းသက်လာကြောင်း လေ့လာမှတ်သားရပါသည်။ အတာကူးသည်ဟုဆိုလျှင်လည်း နှစ်သစ်သို့ ကူးပြောင်းခြင်း အဓိပ္ပာယ်ပင်ဖြစ်သည်။ အတာရေ၊ အတာအိုးစသည့် ဝေါဟာရများသည် အတာနှင့် တွဲဖက်ရာမှ ပေါ်ထွက်လာခြင်းဖြစ်လေသည်။ စင်စစ် မြန်မာတို့၏ တစ်ဆယ့်နှစ်လပွဲတော်များတွင် သင်္ကြန်ပွဲတော်သည် အထင်ရှားဆုံးဟု ဆိုနိုင်သည်။ သင်္ကြန်အချိန်အခါတွင် ပန်းပိတောက်တို့ လှိုင်လှိုင်ပွင့်တတ်သောကြောင့် ပိတောက်နှင့် အတာရေသည် ခွဲခြားမရအောင်ဖြစ်သည်။

ကူးပြောင်းခြင်းဟု အဓိပ္ပာယ်ရသည့် သင်္ကြန်အတာရေသဘင်ပွဲ၏ ရည်ရွယ်ရင်းသဘောထားကို ကြည့်မည်ဆိုလျှင် ရေသည် အေးမြသကဲ့သို့ နှစ်သစ်ကူးအချိန်မှစ၍ နှစ်ကုန်သည်အထိ မိတ်ဆွေ အပေါင်းအသင်းအားလုံး အေးချမ်းသာယာမှုရှိကြပါစေ၊ ရေသည် ကြည်လင်သည့် သဘောရှိသကဲ့သို့ တစ်နှစ်ပတ်လုံး စိတ်နှလုံး ကြည်လင်ကြပါစေ၊ ရေသည် ကွဲပြားခြားနားခြင်းမရှိသကဲ့သို့ လူသားအားလုံး စိတ်ဝမ်းမကွဲဘဲ စုစည်းညီညွတ်ကြပါစေဟူသော ကောင်းမြတ်သည့် အချက်များကို တွေ့ကြရမည်ဖြစ်သည်။

အထင်ကရနေရာ

နှစ်သစ်ကူးသည့်အခါ ရေသဘင်ပွဲဆင်နွှဲပြီး ကူးကြသည့် နိုင်ငံများကို အရှေ့တောင်အာရှနိုင်ငံများထဲမှ မြန်မာနိုင်ငံ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအိုနှင့် တရုတ်ပြည်မှ ယူနန်ပြည်နယ်များတွင် ယနေ့တိုင် တွေ့မြင်နေရဆဲဖြစ်သည်။ ရေသဘင်ပွဲတော်ဖြင့် နှစ်သစ်ကိုကြိုသည့်အခါ ရိုးရာအကများ၊ တေးသီချင်းများ၊ ယဉ်ကျေးမှုဆိုင်ရာ ပြပွဲများ ပါဝင်ပြုလုပ်ကြကြောင်းလည်း သိရသည်။ ထိုင်းနိုင်ငံတွင် ဆွန်ကရန်ခေါ် ရေသဘင်ပွဲတော်ကို နှစ်စဉ် ဧပြီလ ၁၃ရက်မှ ၁၅ရက်အတွင်း ကျင်းပကြပြီး ကမ္ဘောဒီးယားနိုင်ငံတွင် ရိုးရာအစဉ်အလာအရ ကောက်ရိတ်သိမ်း ရာသီကုန်နှင့်အတူ ဧပြီလလယ်တွင် ကျင်းပကြောင်း သိရသည်။ လာအိုနိုင်ငံတွင်မူ ရှေးဟောင်းမြို့တော်လည်းဖြစ်၊ ဘာသာရေးဆိုင်ရာ အချက်အချာ နေရာလည်းဖြစ်သည့် လောင်ပရာဘန်မြို့သည် ရေသဘင်ပွဲတော်၏ အထင်ကရနေရာ ဖြစ်လေသည်။

ဆွမ်းဆက်ကပ်လှူဒါန်း

ရှေးမြန်မာဘုရင်များလက်ထက်သင်္ကြန်ပွဲတော်ကျင်းပပုံများကို လေ့လာသောအခါ မြန်မာလူမျိုးတို့၏ ယဉ်ကျေးသိမ်မွေ့သောသဘော၊ ချစ်စဖွယ်ကောင်းသော ဓလေ့၊ မွန်မြတ်သောရည်ရွယ်ချက်များဖြင့် ထုံမွမ်းထားသည်ကို အထင်အရှားတွေ့ရသည်။ မြန်မာသက္ကရာဇ် ၁၂၄၀မှ ၁၂၄၁ ခုသို့ ကူးပြောင်းသောသင်္ကြန်တွင် ထုတ်ပြန်ချက်အမိန့်တော်တစ်ရပ်ရှိခဲ့သည်။ အဆိုပါအမိန့်တော်တွင် သင်္ကြန်အချိန် (နှစ်သစ်ကူးချိန်) တွင် အမြောက်သံပေးခြင်း၊ သံဃာတော်အရှင်မြတ်များအား တရားပရိတ်တော် ရွတ်ဖွန်းစေ၍ ဆွမ်းဆက်ကပ်လှူဒါန်းခြင်းစသည့် ကောင်းမြတ်သည့် ဆောင်ရွက်ချက်များပြုလုပ်ကြောင်း တွေ့ရသည်။

အတိအလင်းဖော်ပြထား

"ခန့်ထားစီရင်ဖွယ်များကို ပြီးပြေအောင်စီရင်၊ စေတီပုထိုးဇာဓိဘောင်တော်များကို နှစ်စဉ်ဆက်သွန်းမြဲ သွန်းလောင်းလှူဒါန်းစေ"ဟု အဆိုပါအမိန့်တော်တွင်ပါရှိသောကြောင့် သင်္ကြန်ကာလများအတွင်း ဥပုသ်သီတင်း ဆောက်တည်သူများ၊ စေတီပုထိုးများသို့သွားရောက် အလှူဒါနပြုကြသူများ အလွန်များပြားလှကြောင်း သိနိုင်ပါသည်။ စင်စစ် သင်္ကြန်ရေသဘင်ပွဲတော်သည် သုံးရက်သာဖြစ်သည်။ သင်္ကြန်အကျနေ့၊ အကြတ်နေ့နှင့် အတက်နေ့တို့တွင်သာ ရေကစားရန်ဖြစ်ကြောင်း ၎င်းအမိန့်တော်တွင် "အခါတော်သုံးရက်အတွင်း ပြည်သူပြည်သားတို့မှာ ထုံးနန္ဒင်း အိုးမဲတို့ဖြင့် မသုတ်မလိမ်းစေရ၊ ရိုင်းသောအမှုများကို မပြုလုပ်စေရ၊ အမွှေးအထုံ ရေကြည်ရေသန့်များဖြင့် နံနက်ခင်း ညနေခင်းများကိုသာ ဖျန်းပက်ကြစေ၊ ဘုရင့်အမိန့်တော်"ဟု အတိအလင်း ဖော်ပြထားကြောင်း တွေ့ရသည်။

ဝိုင်းဝန်းထိန်းသိမ်း

နှစ်သစ်ကူးသင်္ကြန်ပွဲတော်သည် မြန်မာတို့၏ ချစ်စရာကောင်းသော ဓလေ့စရိုက်တစ်ရပ်အဖြစ် ရပ်တည်လာခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်ပါသည်။ သို့ရာတွင် ထိုချစ်စဖွယ် သင်္ကြန်ပွဲတော်သည် တဖြည်းဖြည်းနှင့် အယဉ်မှ အရိုင်းသို့၊ အနုမှ အကြမ်းသို့ အသွင်ကူးပြောင်းလာခဲ့ပြီး ဝတ်စားဆင်ယင်မှု လော်လီပျက်ပြားမှုလည်း ယခင်ကထက် များလာသည်ဟု လူကြီးသူမများက ကောက်ချက်ချလာကြသည်။ ဗြိတိသျှကိုလိုနီလက်အောက်တွင် နှစ်ပေါင်းတစ်ရာကျော် နေခဲ့ရသဖြင့် မြန်မာ့ယဉ်ကျေးမှုဓလေ့ မေးမှိန်ခဲ့ရသည်ဟု စောဒကတက်နိုင်သော်လည်း လွတ်လပ်သော မြန်မာနိုင်ငံဖြစ်လာပြီးချိန်တွင်လည်း သင်္ကြန်ပွဲတော်ကို အပျော်ကြူးစရာအဖြစ် သဘောထားလာကြသော လူငယ်အချို့ကြောင့် လေးမြတ်သော သင်္ကြန်၏ရည်ရွယ်ချက်များ ပျောက်ကွယ်မှာစိုးရိမ်စရာဖြစ်လာသည်။

သင်္ကြန်ရေသဘင်ပွဲကို ခုတုံးလုပ်၍ ခေတ်ရေစီးကြောင်းကို အကြောင်းပြကာ မြန်မာ့ယဉ်ကျေးမှုကို အရိုးပေါ် အရွက်မဖုံးရလေအောင် ကြိုးပမ်းရမည့်အစား၊ လွတ်လွတ်လပ်လပ် သာမန်ပျော်ပွဲရွှင်ပွဲအဖြစ် မရောက်ရအောင် အားလုံးဝိုင်းဝန်း ထိန်းသိမ်းကြရန် အထူးလိုအပ်နေပြီ ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

သင်္ကြန်ယိမ်း

၁၃၇၁ခုနှစ် မဟာသင်္ကြန်ပွဲတော်တွင် လှပျိုဖြူကလေးများ ဤသို့ သင်္ကြန်ယိမ်းအကဖြင့် ပါဝင်ကပြခဲ့ကြသည်။

ကုသိုလ်ယူ

၁၃၇၁ ခုနှစ် နှစ်ဆန်းတစ်ရက်နေ့က နှင်းဆီကုန်းဘိုးဘွားရိပ်သာတွင် အဘိုး၊ အဘွားများအား တရော် ကင်ပွန်းတို့ဖြင့် ခေါင်းလျှော်ပေးပြီး လက်သည်း၊ ခြေသည်းများ ညှပ်ကာ ဤသို့ ကုသိုလ်ယူခဲ့ကြသည်။

ဇီဝိတဒါန ငါးများလွှတ်

၁၃၇၁ခုနှစ် နှစ်ဆန်းတစ်ရက်နေ့က ကမ္ဘာအေးကန်တော်မင်္ဂလာ ရေပြင်တွင် ဇီဝိတဒါန ငါးများလွှတ်၍ ကုသိုလ်ကောင်းမှုများ ပြုလုပ်ခဲ့ကြသည်။

သင်္ကြန်ရေသဘင်ပွဲကို ခုတုံးလုပ်၍ ခေတ်ရေစီးကြောင်းကို အကြောင်းပြကာ မြန်မာ့ယဉ်ကျေးမှုကို အရိုးပေါ် အရွက် မဖုံးရလေအောင် ကြိုးပမ်းရမည့်အစား၊ လွတ်လွတ်လပ်လပ် သာမန်ပျော်ပွဲရွှင်ပွဲ အဖြစ် မရောက်ရအောင် အားလုံး ဝိုင်းဝန်းထိန်းသိမ်းကြရန် အထူးလိုအပ် နေပြီဖြစ်။

အတာရေသဘင်ပွဲဆင်နွှဲ

၁၃၇၁ ခုနှစ် မဟာသင်္ကြန်ပွဲတော်တွင် ကမ္ဘာအေးစေတီလမ်းတစ်လျှောက် ဤသို့ပျော်ရွှင်စွာ အတာရေသဘင်ပွဲ ဆင်နွှဲခဲ့ကြသည်။

✻ ကျော်ဖုံးမှ

နေ့စဉ်ခရီးသွားများ များပြားသော မြို့ဖြစ်သည်။

ခရီးသွားနှင့် ဒေသခံတို့ နေ့စဉ်သွားလာနေသော ပဲခူးမြို့ကြီး၏ ရေ၊ သန့်ရှင်းရေး အစရှိသည့် လိုအပ်ချက်များကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တတ်စွမ်းသမျှ ကြိုးပမ်းဖြည့်ဆည်းနေမှုမှာ ပဲခူးမြို့နေ ပြည်သူများအတွက် အားထားဖွယ်ရာပင် ဖြစ်သည်။

ရေလှောင်ကန်

ပဲခူးမြို့ ရေပေးဝေမှုအနေဖြင့် ပဲခူးရိုးမမှ စီးဆင်းလာသော သဲဖြူချောင်းကို ရေကာတာဖြင့် တားဆီး စုစည်းမှုအပါအဝင် စိမ့်စမ်းရေနှင့် ရှာသွန်းသောမိုးရေများကို မြို့အနောက်မြောက်ဘက် ငါးမိုင်ခန့်အကွာတွင် တည်ရှိသော ကန်တော်ကြီး ရေလှောင်ကန်တွင် သိုလှောင်ထားပြီး မြို့တွင်းသို့ ရေပိုက်လိုင်းများဖြင့် အဆင့်ဆင့်သွယ်တန်းသောစနစ်ဖြင့် ရေပေးဝေလျက်ရှိသည်ကို တွေ့ရသည်။

ရေပေးဝေ

ပဲခူးမြို့၏ ယခုကဲ့သို့ ရေပေးဝေမှုစနစ်ကား သက်တမ်း ကြာမြင့်ခဲ့ပြီဖြစ်သည်။ ၁၉၂၄ခုနှစ်မှစ၍ အချင်း ၁၈ လက်မ၊ ၁၄လက်မ၊ ၁၂လက်မ စသည့် ပင်မရေပိုက်လိုင်းများ သွယ်တန်းကာ ရွာသစ်ရပ်ကွက်၊ ကျောက်ကြီးစုရပ်ကွက်၊ သွန်းဘုရားရပ်ကွက်၊ ညောင်ဝိုင်း တောင်ရပ်ကွက်၊ ညောင်ဝိုင်း မြောက်ရပ်ကွက်၊ ဈေးပိုင်းရပ်ကွက်၊ ပန်းလှိုင်ရပ်ကွက်၊ လိပ်ပြာကန်ရပ်ကွက်၊ ရုံးကြီးရပ်ကွက်၊ ရှင်စောပုရပ်ကွက်၊ ဇိုင်းဂနိုင်းတောင်ရပ်ကွက်၊ ဇိုင်းဂနိုင်း မြောက်ရပ်ကွက် စသည့် ရပ်ကွက် ၁၂ရပ်ကွက်သို့ အများသုံးရေကန် ၅၉ကန်၊ အရေးပေါ်ပိုက်ခေါင်း ၄၂ခု၊ အများသုံး ရေတိုင် ၅၂တိုင်နှင့် အိမ်သွယ်ရေတိုင် ၁၂၉၆တိုင်သို့ ရေပေးဝေလျက်ရှိပေသည်။

လိုအပ်ချက်

“ကျွန်တော်တို့ ပဲခူးမြို့အတွက် တစ်နေ့တာ ရေလိုအပ်ချက်မှာ ရေဂါလန် ၁၅၄၂၀၀၀ ဖြစ်ပါတယ်။ လက်ရှိ နေ့စဉ်ရပ်ကွက် ၂၂ရပ်ကွက်နဲ့ တိုးချဲ့ရပ်ကွက် ကိုးရပ်ကွက်တို့ကို ရေမှုတ်အားကောင်းတဲ့ အင်ဂျင်တွေ အသုံးပြုပြီး အုတ်ကန်တွေဆီ ပေးပို့ကာ ရေတွန်းစက် ၂၅စက်နဲ့ ရေဂါလန် ၁၀သိန်းကျော် နေ့စဉ် ပေးဝေလျက်ရှိပါတယ်။ အရန်အဖြစ် ပဲခူးမြို့ အနောက်ဘက် သုံးမိုင်ခန့်ကွာဝေးတဲ့ မဇင်းဆည်ရေကို အသုံးပြုဖို့ စီစဉ်ပြီးဖြစ်တဲ့အတွက် ဒေသခံများ သောက်သုံးရေမှာ ပူပင်စရာမရှိပါဘူး”ဟု ပဲခူးမြို့ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းမြိုင်က သတင်းအဖွဲ့ကို ပြောပြသည်။

ပဲခူးမြို့ စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူး ဦးအောင်ကျော်လူနှင့် လက်ထောက်အင်ဂျင်နီယာ ဦးလေးလွင်တို့က ပဲခူးမြို့ သန့်ရှင်းသာယာလှပရေးအတွက် မွမ်းမံပြင်ဆင်ရမည့် ၁၆ချက်အပေါ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ရှင်းပြရာတွင် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း မြို့ပြလမ်း ၂၄လမ်း ကတ္တရာခင်းခြင်းနှင့် ဂဝံလမ်းတစ်လမ်း ဆောင်ရွက်ရန် လျာထားရာ ကတ္တရာခင်းခြင်း ၂၄လမ်းနှင့် ဂဝံလမ်းတစ်လမ်းတို့ ဆောင်ရွက် ပြီးစီးခဲ့ကြောင်း ကျေးလက်လမ်း ငါးလမ်းနှင့် ကွန်ကရစ်လမ်းတစ်လမ်း ဆောင်ရွက်ရန် လျာထားမှုကလည်း ယခုအခါ ပြီးစီးခဲ့ပြီးဖြစ်ကြောင်း၊ မြို့ပြတံတားတစ်စင်းပြီးစီး၍ ကျေးလက်တံတားနှစ်စင်း ပြင်ဆင်ဆောင်ရွက်နေကြောင်းကို သတင်းအဖွဲ့အား ရှင်းပြသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ၁၉၈၈ခုနှစ် နောက်ပိုင်းမှစ၍ ယနေ့အထိ ပဲခူးမြို့အတွင်း ကတ္တရာလမ်း ၁၁လမ်း၊ ကျောက်ချောလမ်း သုံးလမ်း၊ ဂဝံလမ်း ၉၇လမ်းနှင့် မြေလမ်း ၂၉၃လမ်း အရှည်မိုင် ၉၅ဒသမ ၅၈ကို ဒေသခံပြည်သူတို့ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးတို့ တိုးတက်လာစေရန် ရည်ရွယ်လျက် အမာခံလမ်းများအဖြစ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သာယာလှပရေး

မြို့သာယာလှပစေရေးအတွက် ဘုရားလမ်းဘေး၊ သနပ်ပင်လမ်း၊ ရှင်စောပုလမ်း၊ ပဲခူးမြို့အတွင်းကို ဖြတ်သန်းဖောက်လုပ်ထားသော ရန်ကုန်-မန္တလေး အစိတ်အပိုင်း၊ ကျွန်းသာယာယာဉ်ရပ်နားစခန်းရှေ့ လမ်းဘေးဝဲယာတို့တွင် အရှည်ပေ ၄၂၈၀၀ရှိ လမ်းဘေးပလက်ဖောင်းများကိုလည်း သေသပ်လှပစွာ ဆောက်လုပ်ထားရာ စည်ပင်သာယာနေမှု မြင်ကွင်းက ထူးခြားနေသည်။

တစ်ဖန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ သန့်ရှင်းရေးဌာနမှ စစ်ဆေးရေးမှူး ဦးဇော်လွင်က မြို့ပေါ် ၃၁ရပ်ကွက်မှ အမှိုက်ကန် ၄၇ကန်သို့ စွန့်ပစ်သည့် အမှိုက်များ၊ ပဲခူးမြို့မဈေး၊ ဘုရားဈေး၊ ကုန်စိမ်းဈေးတို့မှ စွန့်ပစ်သည့် အမှိုက်များ တန်ချိန် ၃၀မျှကို နေ့စဉ် မော်တော်ယာဉ် ခုနစ်စီးဖြင့် သိမ်းဆည်းရပုံ၊ ရပ်ကွက်များသို့ နေ့စဉ်၊ ရက်ခြားအမှိုက်သိမ်းယူပုံ၊ ဈေးများသို့ နေ့စဉ် ညနေ ၆နာရီမှ ည ၈နာရီအထိ အမှိုက်သိမ်းယူပုံတို့ကို ပြောပြသည်။

ပုဏ္ဏားစု ရေစက်ရုံကို ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်း ကွင်းဆင်းစစ်ဆေးခဲ့စဉ်။

ပဲခူးမြို့ သန့်ရှင်းသာယာလှပရေးအတွက် အမှိုက်များစုပုံနေခြင်း မရှိစေရေးအတွက် ဝန်ထမ်း ၄၅ဦးဖြင့် သိမ်းယူကာ ပဲခူးမြို့ စည်ပင်သာယာရေးနယ်မြေအတွင်း ဖဲဖောင်တော်ကွင်းတောင်သူစုကျေးရွာအနီးရှိ ၁၀ဧကကျယ်ဝန်းသော အမှိုက်စွန့်ပစ်နေရာတွင် စွန့်ပစ်ရကြောင်း သိရသည်။

စွန့်ပစ်အမှိုက်များတွင် ဆွေးနိုင်သော သစ်ရွက်၊ သစ်ကိုင်း၊ စက္ကူများကိုသာထားပြီး မဆွေးနိုင်သော ပလတ်စတစ်၊ ဖန်ကွဲများ၊ မှန်ကွဲများ၊ ဆေးထိုးအပ်များ၊ သံတိုသံစများကို သီးခြားရွေးထုတ်ပြီး မြေမြှုပ်ကြရသည်။ ဆွေးနိုင်သော အရာဝတ္ထုများကို EMဟုခေါ်သည့် အဏုဇီဝဆေးရည်ဖြင့် ပက်ဖျန်းကာ ခြောက်လမျှ ပစ်ထားပြီး ရိုက်စက်အတွင်းထည့်ကာ အမှုန့်ဖြစ်အောင် ပြုလုပ်သဖြင့် ဩဂဲနစ်သဘာဝမြေဩဇာများ ထွက်ရှိလာကြောင်း သိရသည်။

ကြည့်ရှုလေ့လာ

အဆိုပါ ဩဂဲနစ်သဘာဝမြေဩဇာ အလုပ်ရုံနှင့် အမှိုက်ကန်များ၊ အမှိုက်စွန့်ပစ်သည့်နေရာများနှင့် သဘာဝမြေဩဇာဖြင့် ရာသီပင်များ စိုက်ပျိုးထားမှုကို ပဲခူးမြို့ စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းမြိုင်၊ အင်ဂျင်နီယာမှူး ဦးအောင်ကျော်လူတို့နှင့်အတူ သတင်းအဖွဲ့ သွားရောက်ကြည့်ရှု လေ့လာခဲ့သည်။

သဘာဝမြေဩဇာ

နေရာအစုံ၊ ဌာနအစုံ၊ လူမျိုးစုံတို့မှ အသုံးမလိုတော့သဖြင့် စွန့်ပစ်သည့် အမှိုက်ထဲမှ တန်ဖိုးရှိကာ လူသားအတွက်၊ သဘာဝပတ်ဝန်းကျင်အတွက် များစွာ အထောက်အကူပြုသည့် သဘာဝမြေဩဇာ ထုတ်လုပ်ခြင်းကို များစွာဂုဏ်ယူ ကျေးဇူးတင်ရမည်ဖြစ်ပါသည်။

ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ကြိုးပမ်းမှုဖြင့် စွန့်ပစ်သည့်အမှိုက်များကို သေချာကျနစွာ သန့်စင်ခြင်းအားဖြင့် သဘာဝပတ်ဝန်းကျင်ကို လှပကောင်းမွန်စေသည့်အပြင် သဘာဝမြေဩဇာ ထုတ်လုပ်မှု၊ ထုတ်လုပ်သမျှ အကျိုးရှိအောင် အသုံးပြုနိုင်မှုမှာ လေ့လာ အတုယူစရာ ကောင်းပါသည်။

စနစ်တကျ

မြို့နယ်တိုင်းတွင် အမှိုက်ရှိပါသည်။ မြို့နယ်တိုင်းသည် မိမိတို့ ပတ်ဝန်းကျင်နှင့်ကိုက်ညီသည့် သဘာဝမြေဩဇာထုတ်လုပ်ရေးကို စနစ်တကျ ဆောင်ရွက်ကြလျှင် သဘာဝပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်လာမည်ကား သေချာပါသည်။

ဩဂဲနစ်သဘာဝဓာတ်မြေဩဇာ တစ်တင်းခွဲဝင်တစ်အိတ်ကို စက်ရုံအထိုင်ဈေး ငွေကျပ် ၂၀၀၀၊ ဟင်္သာကုန်းအရောင်းဆိုင်မှ တစ်တင်းခွဲဝင်တစ်အိတ်ကို ငွေကျပ် ၂၂၀၀ဖြင့် တောင်သူများ၊ စိုက်ပျိုးရေးဝါသနာရှင်များသို့ လိုသလောက် ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရောင်းချလျက်ရှိသည်။ တစ်ရက်လျှင် တစ်တင်းခွဲအိတ် ၁၅၀မျှ ထွက်ရှိရာ တစ်လ အိတ် ၄၅၀၀ ထုတ်လုပ်နိုင်ပြီး ဝန်ထမ်း ၁၀ဦးဖြင့် လည်ပတ်လျက်ရှိသည်။

မိုးတွင်းကာလတွင် ဝန်ထမ်းများနှင့် မိသားစုများ စားဝတ်နေရေးအတွက် ယခင်က မြေကျင်းတူး EM နှပ်ခဲ့သော နေရာများမှ ချိုင့်ခွက်များအတွင်း ငှက်ပျောပင်များ၊ အမှိုက်စုပုံနေရာဝန်းကျင်တွင် သင်္ဘောပင်နှင့် မုံလာ၊ ခရမ်း၊ ကန့်ကလာစသည့် မီးဖိုချောင် စားသုံးသီးနှံများ စိုက်ပျိုးကာ ရောင်းချရငွေဖြင့် တစ်နှစ်ပတ်လုံး ထောက်ပံ့နိုင်သဖြင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည် သန့်ရှင်းရုံသာမက မိသားစု စားဝတ်နေရေးကိုပါ အထိုက်အလျောက် ထောက်ပံ့နိုင်သော လက်တွေ့ကျသည့် လုပ်ငန်းဖြစ်ပါသည်။

အကျိုးကျေးဇူး

ပဲခူးခရိုင်သည် မြေပြန့်လွင်ပြင် စပါးစိုက်ခင်းပေါ်များသဖြင့် ယခုအခါ စပါးတစ်ဧကလျှင် စပါးမျိုးနှံ့ဆီဘူး သုံးဘူးဖြင့် ပျိုးထောင်စိုက်ပျိုးသည့် ပျိုးသက်နုစပါးစိုက်နည်းကိုလည်း စတင်ကျင့်သုံးလျက်ရှိပြီဖြစ်ရာ ယင်းစပါးခင်းများတွင် တန်ဖိုးနည်းကာ ထိရောက်သည့် ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ထုတ်လုပ်သည့် ဩဂဲနစ်သဘာဝမြေဩဇာကို အသုံးပြုပါက ထုတ်လုပ်သူရော လယ်သမားများပါ များစွာအကျိုးဖြစ်ထွန်းမည့်အပြင် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုကို ကာကွယ်စေနိုင်သော အကျိုးကျေးဇူးများ ဖြစ်ထွန်းနိုင်မည်ဖြစ်ပါကြောင်း သတင်းခရီးတစ်ထောက် လေ့လာတင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

> **“ပဲခူးမြို့ အနောက်ဘက် သုံးမိုင်ခန့်ကွာဝေးသည့် မဇင်းဆည်မှရေကို အသုံးပြုရန် စီစဉ်ပြီးဖြစ်သဖြင့် ဒေသခံများ သောက်သုံးရေ ပူပင်စရာ မရှိပါဘူး”**
>
> ဦးထွန်းမြိုင် ဒုတိယညွှန်ကြားရေးမှူး၊
> မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ အမှုဆောင်အရာရှိ
> ပဲခူးမြို့။

နေရာအစုံ၊ ဌာနအစုံ၊ လူမျိုးစုံတို့မှ အသုံးမလိုတော့သဖြင့် စွန့်ပစ်သည့်အမှိုက်ထဲမှ တန်ဖိုးရှိကာ လူသားအတွက်၊ သဘာဝပတ်ဝန်းကျင်အတွက် များစွာ အထောက်အကူပြုသည့် သဘာဝမြေဩဇာ ထုတ်လုပ်ခြင်းကို များစွာဂုဏ်ယူ ကျေးဇူးတင်ရမည်ဖြစ်။

ဩဂဲနစ် သဘာဝမြေဩဇာကို ရိုက်စက်ဖြင့် မြေဆွေးများကို ရိုက်၍ သဘာဝမြေဩဇာထုတ်လုပ်မှုကို အမှုဆောင်အရာရှိနှင့် တာဝန်ရှိသူများ ကြည့်ရှုနေကြစဉ်။

ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ သဘာဝမြေဩဇာ ရောင်းချရေး ပင်မအရောင်းဌာနကို တွေ့ရစဉ်။

13-4 (08-09).pmd 1 4/13/2010, 1:28 AM

၄၅၀၀ ထုတ်လုပ်နိုင်ပြီး ဝန်ထမ်း ၁၀ဦးဖြင့် လည်ပတ်လျက်ရှိသည်။

မိုးတွင်းကာလတွင် ဝန်ထမ်းများနှင့် မိသားစုများ စားဝတ်နေရေးအတွက် ယခင်က မြေကျင်းတူး EM နှပ်ခဲ့သော နေရာများမှ ချိုင့်ခွက်များအတွင်း ငှက်ပျောပင်များ၊ အမှိုက်စုပုံနေရာဝန်းကျင်တွင် သင်္ဘောပင်နှင့် မုံလာ၊ ခရမ်း၊ ကန့်ကလာစသည့် မီးဖိုချောင် စားသုံးသီးနှံများ စိုက်ပျိုးကာ ရောင်းချရငွေဖြင့် တစ်နှစ်ပတ်လုံး ထောက်ပံ့နိုင်သဖြင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည် သန့်ရှင်းရုံသာမက မိသားစု စားဝတ်နေရေးကိုပါ အထိုက်အလျောက် ထောက်ပံ့နိုင်သော လက်တွေ့ကျသည့် လုပ်ငန်းဖြစ်ပါသည်။

အကျိုးကျေးဇူး

ပဲခူးခရိုင်သည် မြေပြန့်လွင်ပြင်စပါးစိုက်ခင်းပေါများသဖြင့် ယခုအခါ စပါးတစ်ဧကလျှင် စပါးမျိုးနို့ဆီဘူး သုံးဘူးဖြင့် ပျိုးထောင်စိုက်ပျိုးသည့် ပျိုးသက်နုစပါးစိုက်နည်းကိုလည်း စတင်ကျင့်သုံးလျက်ရှိပြီဖြစ်ရာ ယင်းစပါးခင်းများတွင် တန်ဖိုးနည်းကာ ထိရောက်သည့် ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ထုတ်လုပ်သည့် ဩဂဲနစ်သဘာဝမြေဩဇာကို အသုံးပြုပါက ထုတ်လုပ်သူရော လယ်သမားများပါ များစွာအကျိုးဖြစ်ထွန်းမည့်အပြင် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုကို ကာကွယ်စေနိုင်သော အကျိုးကျေးဇူးများ ဖြစ်ထွန်းနိုင်မည်ဖြစ်ပါကြောင်း သတင်းခရီးတစ်ထောက် လေ့လာတင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

စုံ၊ ဌာနအစုံ၊ လူမျိုးစုံ
လိုတော့သဖြင့် စွန့်ပစ်
မှ တန်ဖိုးရှိကာ လူသား
သဘာဝပတ်ဝန်းကျင်
းစွာ အထောက်အကူ
ာဝမြေဩဇာ ထုတ်လုပ်
ာဂုဏ်ယူ ကျေးဇူးတင်

...ယာရေးအဖွဲ့ သဘာဝမြေဩဇာ ရောင်းချရေး
...့ရစဉ်။



■ *ရွှေဖုံးမှ*

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့သည်။

ပီတိစကား

အရှေ့လောကဓာတ် တစ်ခွင်မှ ထွန်းသစ်စနေမင်း၏ အရောင်အဝါတို့သည် ပို၍ပို၍ လင်းလက်တောက်ပလာ၏။ ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင် ထောမနာစကား ပြောကြားလျက်ရှိသော ဒေသခံပြည်သူတစ်ဦး၏ ပီတိစကားသံတို့ကလည်း ပို၍ပို၍ ပဲ့တင်ထပ်မျှရှိလာ၏။

"ကျွန်တော်ကတော့တွံတေးမြို့က စိုက်ပျိုးမွေးမြူရေး လုပ်ငန်းရှင် ဦးစောမြင့်ဆွေ ဖြစ်ပါတယ်။ ဒီအရပ် ဒီဒေသရဲ့ မြစ်တွေ၊ ချောင်းတွေ ကောင်းစဉ်က ခတ္တိယနဲ့ ကျိုက်မြောင်းပြည့်ကြားမှာ ပျူမြို့ဟောင်းရှိခြင်း၊ ကျိုက်မြောင်းပြည့်စေတီကိုဗညားဦး ပြုပြင်ခဲ့ခြင်း၊ ပုဂံခေတ်ပြိုင် အုတ်တွေနဲ့ ကွင်းလှစေတီရှိနေခြင်း၊ ရုပ်သေးပညာရှင်နဲ့ ရွှဲလုံးပညာရှင်များ ပေါ်ထွက်ခဲ့ခြင်း၊ မြန်မာဘာသာစကား ပညာရှင်ဆရာကြီး ဦးဖိုးလတ်နဲ့ ပန်းချီကျော် ဦးထွန်းလှတို့ မွေးဖွားရာမြေဖြစ်ခဲ့ခြင်း၊ ဘာသာ သာသနာ စည်ပင်ဖွံ့ဖြိုးခဲ့ခြင်း စတဲ့ ဂုဏ်တွေနဲ့ မြန်မာ့သမိုင်း စာမျက်နှာမှာ ထည့်ဝါတဲ့ အရပ်ဖြစ်ခဲ့ပါတယ်။

စစ်ဘေးဒဏ်ကြောင့် အထက်က ဂုဏ်ရည်တွေ မှေးမှိန်ခဲ့ရသလို ပြည်တွင်းသောင်းကျန်းမှုဒဏ်ကြောင့် လက်ကျန်ယဉ်ကျေးမှု အမွေအနှစ်တွေ ပျက်စီးဆုံးရှုံးခဲ့ရုံမက အထုပ်ကိုပြင်၊ သားကိုင်၊ လင်ကိုလက်တို့၊ ခွေးကို အို့မျက်ရည်စို့ဘဝနဲ့ တစ်မျိုး၊ သွေးအလိမ်းလိမ်း ဖုန်အကျံကျံ ကျီးလန့်စာစားနဲ့တစ်ဖုံ၊ တထိတ်တလန့် နေခဲ့ရပြီး ဒေသဖွံ့ဖြိုးရေး မလုပ်နိုင်ခဲ့လို့ မိုးမှာပင်လယ်၊ ဆောင်းမှာကန္တာ၊ နွေမှာ ရေငန်ရောက်ပြီး မြက်ခြောက်ပေါက်တဲ့ အရပ်အဖြစ် နေခဲ့ရပါတယ်။

ကောင်းမွန်တိုးတက်

ယခုအခါ နိုင်ငံတော်က ခြေလျင်လမ်း၊ ကားလမ်း၊ ရေလမ်း၊ ရေရရှိရေးလုပ်ငန်းများအပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့လို့ ဒေသအတွင်း လမ်းပန်းဆက်သွယ်ရေး အခြေအနေတွေ အလွန်ကောင်းမွန်တိုးတက်ခဲ့ပါတယ်။

ဒါကြောင့် ဒေသခံပြည်သူတွေက "ခေတ်အဆက်ဆက်နဲ့ ယှဉ်ကြည့်ရင် ဘယ်သူပြိုင်လို့ လှပါတော့နိုင်" လို့ ဆိုရလောက်အောင် ဒေသအကျိုးပြုခဲ့လို့ တိုးတက်မှုလိုလားတဲ့ ပြည်သူတွေနဲ့အတူ သက်ကြီးရွယ်အိုတွေကပါ ဝမ်းသာကြည်နူးမဆုံး ဖြစ်နေကြပါတယ်"။

ထောမနာစကား

ဒေသခံပြည်သူ ဦးစောမြင့်ဆွေ၏ ကျေးဇူးတင် ထောမနာစကားအပြီးတွင် ထွက်ပေါ်လာသော မင်္ဂလာစည်တော်သံ၊ ဘင်ခရာသံနှင့် ကရင်ဒုံယိမ်း တေးသံတို့ကား ရွှေဖလားကို အနားသတ်ပေးသကဲ့သို့နှယ် ရှိလာ၏။

သံမဏိကြိုးထိန်းတံတားကြီး

အလျားပေ ၃၅၇၀နှင့် အကျယ် ၂၈ပေရှိ တွံတေးတူးမြောင်းဖြတ် သံမဏိကြိုးထိန်းတံတားကြီးကို တွေ့ရစဉ်။

ရှင်းလင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းအထူးအဖွဲ့ (၁၆)မှ အင်ဂျင်နီယာမှူး ဦးခင်မောင်သန်း လမ်းပိုင်းဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားစဉ်။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းအထူးအဖွဲ့ (၁၆)မှ အင်ဂျင်နီယာမှူး ဦးခင်မောင်သန်းက "အဆိုပါ ကတ္တရာလမ်းပိုင်းမှာ လမ်းအရှည် (၁၁/၁)မိုင် လမ်းအကျယ် ၂၄ပေရှိ နှစ်လမ်းသွား ကတ္တရာလမ်းဖြစ်ကြောင်း၊ လမ်းခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်ကြောင်း၊ လမ်းပိုင်းပေါ်၌ အလျားပေ ၁၉၄၀နှင့် အကျယ် ၃၆ပေရှိ ပန်းလှိုင်မြစ်ကူး သံကူကွန်ကရစ်တံတားကြီး၊ အလျားပေ ၃၅၇၀နှင့် အကျယ် ၂၈ပေရှိ တွံတေး တူးမြောင်းဖြတ် သံမဏိကြိုးဆိုင်းတံတားကြီး အပါအဝင် တံတားကြီး တံတားငယ် ခြောက်စင်း ပါဝင်ကြောင်း" ဖြင့် ရှင်းလင်းပြောကြားသည်။

လမ်းဖွင့်ပွဲအပြီးတွင် ကိုယ်ပိုင်ယာဉ်ကြီး ယာဉ်ငယ်များ၊ ခရီးသည်တင်ယာဉ်ကြီး ယာဉ်ငယ်များကား ဥဒဟို သွားလာလျက် ရှိကြပေပြီ။ ယာဉ်ကြီး ယာဉ်ငယ်များကား ဒလနှင့် တွံတေးမြို့သို့လော၊ သို့မဟုတ် ကော့မှူး-ကွမ်းခြံကုန်းမြို့ သို့လေလား၊ သို့တည်းမဟုတ် ဧရာဝတီတိုင်းရှိ ဒေးဒရဲ-ဖျာပုံ-ဘိုကလေးမြို့သို့လော။ သို့လောပေါင်း များစွာဖြင့် ကျွန်တော် မတွေးတတ်တော့ပါ။

သွားလာနိုင်

သေချာသည်က အဆိုပါ ကတ္တရာလမ်းပိုင်းသည် ရန်ကုန်-တွံတေး-ကော့မှူး - ကွမ်းခြံကုန်း မြို့တို့မှ တစ်ဆင့် ဒေးဒရဲတံတားကို ဖြတ်ကာ ဧရာဝတီတိုင်း၏ ဒေးဒရဲ-ဖျာပုံ-ဘိုကလေးမြို့တို့သို့ တောက်လျှောက်သွားလာနိုင်သည့် ဧရာဝတီတိုင်း၏ ဒုတိယဝင်ပေါက် တစ်ခုဟု ဆိုရချိမ့်မည်။

ထို့အပြင် ဧရာဝတီတိုင်းမှ ထွက်ရှိသော ဆန်စပါး၊ ပဲအမျိုးမျိုးနှင့် ရေထွက်ကုန်များကို ရန်ကုန်မြို့သို့ အချိန်တိုအတွင်း ထပ်မံတင်ပို့နိုင်မည်ဖြစ်၍ ရန်ကုန်တိုင်းအတွက်သာမက နိုင်ငံတော်အတွက်ပါ များစွာအကျိုးရှိသော လမ်းပိုင်းတစ်ခုဖြစ်သည်မှာ ဧကန်ပင်။ ။

ကတ္တရာလမ်းသစ်ဖွင့်ပွဲ

ရန်ကုန်-ပုသိမ် အမှတ်(၅) လမ်းမကြီးနှင့် ဒလ-တွံတေးလမ်းကို ဆက်သွယ်ထားသည့် ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။

မြန်မာ့ယဉ်ကျေးမှုသကြၤန်

- အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
- သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသကြၤန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ရေခဲထုပ်၊ ရေပူဖောင်း ဆပ်ပြာရည်ဂက်စ်ဘူးဖြင့် ကစားက

၁။ လက်ဝယ်တွေ့ရှိသူ - ထောင် (၁) နှစ်
၂။ ကစားသူ - ထောင် (၃) နှစ်
၃။ ထုတ်လုပ်ရောင်းချသူ - ထောင် (၅) နှစ်နှင့် ပစ္စည်းကိုသိမ်း

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

သတိ

၁။ လေပေါင် (၁၀၀)မှ (၁၅၀) အထိ အတင်အချပြုလုပ်၍ ရသည့် ကွန်ပရက်ဆာပန့်များဖြင့် ရေပက်ကစားခြင်းကြောင့် ရေစူးအားပြင်းလွန်း၍ ရေပက်ခံသူတွင် အသားရေများ ပွန်းပဲ့ စုတ်ထွက်နိုင်ခြင်း၊ မျက်လုံးနှင့် နားများအား ထိုးမိပါက မျက်လုံးနှင့် နား ကန်းနိုင်ခြင်းစသည့် အန္တရာယ်များ ဖြစ်စေနိုင်ပါသဖြင့် ရေကစား မဏ္ဍပ်များ၊ ရေပက်ခံကားများတွင် ကွန်ပရက်ဆာပန့်များ အသုံးပြု၍ ရေပက်ခြင်းမပြုရန် တားမြစ်သည်။

၂။ သင်္ကြန်ရေပက်ကစားခြင်းအား သင်္ကြန်ရက်များအတွင်း နေ့စဉ်နံနက် ၇နာရီမှ ညနေ ၆နာရီအတွင်းသာ ရေပက်ကစားကြရန်နှင့် ညနေ ၆နာရီနောက်ပိုင်း ရေပက်ကစားခြင်းမပြုရန် တားမြစ်သည်။

၃။ တားမြစ်ချက်များ ဖောက်ဖျက်ပါက တည်ဆဲဥပဒေအရ အရေးယူခံရမည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

သတိ

ရန်ကုန်မြို့တော်အတွင်း
ဟွန်းမတီးရ။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် ဆင်နွှဲသူများလိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏ အမြင်တွင်မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။
(ခ) ဗုဒ္ဓဘာသာယဉ်ကျေးမှု အဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။
(ဂ) အချင်းချင်းဒဏ်ရာ အနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်။
(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကို ဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးပြုမူပြောဆို၊ ကြိုးပမ်းမှုများကို မပြုလုပ်ရန်။

ရန်ကုန်တိုင်း မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

သတိ

သင်္ကြန်ကာလအတွင်း အရက်/ ဘီယာများအား မော်တော်ယာဉ်များဖြင့် လှည့်လည်ရောင်းချခြင်း၊ ရေကစားမဏ္ဍပ်များအနီးနှင့် အခြားနေရာများတွင် တရားမဝင်ရောင်းချခြင်းများ မပြုလုပ်ရန်တားမြစ်သည်။

ရန်ကုန်တိုင်း မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

ရာသီမိဿ၊ တန်ခူးလ၊ နွဲကြတာသင်္ကြန်

"ဆယ့်နှစ်လီ ဒွါဒရမှာ၊ ခါမိဿရာသီ။
ယင်းအစ ဦးချီသည်၊ လတွင်မည်တန်ခူး။
စိတြ ကြယ်ပြောင်ငယ်၊ ညဥ့်သန်းခေါင်ကျခါမှမြူး။
နေ့နှင့်ည နာရီမှာ၊ သုံးဆယ်စီမကြူး။
နှစ်လုံးညီ တစ်ပါဒ်ကူးလို့၊ နှစ်သစ်ဦးတစ်ခါ။
ပန်းကန့်ကော် ရွှေရင်ခတ်ကယ်တို့၊ ဖူးပွင့်ချပ်စီလို့သာဖြာ။
တည့်သုံးဖဝါးရိပ်ဆာယာမှာ၊ တူမကွာမောင်မယ်နွဲလို့
မြတ်သည့်ပွဲသင်္ကြန်တော်၊ တီးခြိမ့်ခြိမ့်ကြော်။
ထီးကမ္ဘူရိပ်ပျော်ငယ်၊ ခေါင်းလျှော်တော်မူမြဲထင့်လေး"။

ဗေဒင်ဝေါဟာရအားဖြင့် ဤတန်ခူးလကို မိဿရာသီဟုခေါ်၍ ဤလတွင် စိတြနက္ခတ်သည် လမင်းနှင့် ယှဉ်ပြိုင်မွန်းတည့်ပုံ၊ ရာသီပန်းများမှာ ကံ့ကော်ပန်း၊ ရင်ခတ်ပန်းနှင့် ပိတောက်ပန်းတို့ ပွင့်ကြပုံ၊ ဤလရာသီ၌ ဘုရင်နှင့်တကွ ပြည်သူအပေါင်းတို့သည် နှစ်သစ်ကူးသင်္ကြန် ရေသဘင်ပွဲတော်အဖြစ် ကျင်းပလေ့ရှိပုံ၊ ဤလ၌ နံနက် ၆ နာရီတွင် နေထွက်၍ ညနေ ၆ နာရီတွင် နေဝင်သဖြင့် နေ့တာ၊ ညတာ ညီမျှသော ရက်မစုံလဖြစ်ပုံ စသည်တို့ကို အကြောင်းပြုလျက် စလေဆရာကြီး ဦးပုည က အထက်ပါအတိုင်း ရာသီဘွဲ့တေးထပ်ကဗျာဖြင့် မှတ်တမ်းပြုခဲ့ပေသည်။

"တန်ခူးရေကုန်၊ ကဆုန်ရေခန်း" ဟု အဆိုအတိုင်း ရေတွင်းရေကန်များတွင် ရေများ ခြောက်ခန်းစပြုနေပေပြီ၊ ထိုလရာသီဝယ် သစ်ရွက်များမှာ ရောင်ခြည်တစ်ထောင် အလင်းဆောင်သည့်နေမင်း၏ ပြောင်လက်ဝင်းထိန်နေသော အပူရှိန်အောက်တွင် မြစိမ်းရောင်မှသည်၊ ရွှေဝါရောင်သို့ ကူးပြောင်းခြောက်သွေ့ကြရရှာသည်ကို ရှင်ဥတ္တမကျော်က **"သဘင်ဂိမှာန်၊ တာသင်္ကြန်ဟု၊ လေပြန်လွင့်ကူ၊ ဘုံသစ်ထူ၍"** စသော တောလားကို ဖွဲ့ဆိုခဲ့ပါသည်။

နှစ်သစ်ကူး သင်္ကြန်ကာလနှင့် ယင်းကာလ၏ ပတ်ဝန်းကျင်အချိန်များတွင် မိုးတစ်ကြိမ် နှစ်ကြိမ်ခန့် ရွာသွန်းလေ့ရှိသည်။ ယင်းသို့ ရွာသွန်းသော မိုးသည် မြေပြင်အနှံ့ပြန့်ကျဲစုပုံ တည်နေကုန်သော သစ်ရွက်ခြောက်များကို တိုက်စားခြေဆွတ် ယူဆောင်သွားကြပြီး ရွာသွန်းသော ရေယာဉ်ကြောလမ်းအတိုင်း သစ်ရွက်ခြောက်များကို မျှောခေါ်သွားသည့်အတွက် **"တန်ခူးမည်မှတ်၊ ဖက်ဆွတ် ရေတိုး၊ သင်္ကြန်မိုး"** ဟူသော မိုးလက္ခဏာအတိုင်း ထိုမိုးကို **"ဖက်ဆွတ်မိုး"**ဟု လည်းကောင်း၊ **"သင်္ကြန်မိုး"**ဟုလည်းကောင်း ခေါ်ဝေါ်ကြလေသည်။

ထိုသင်္ကြန်မိုး ရွာသွန်းဖြိုးလိုက်သည့်အခါ အရိုးပြိုင်းပြိုင်းဖြစ်နေသော သစ်ကိုင်း သစ်ခက်များတွင် ရွက်နုရွက်သစ်ကလေးများ ထွက်ပေါ်လာကြသည့်ပြင် တန်ခူးလ၏နေပူရှိန်ကြောင့် ကျက်နေသည့် မဟာပထဝီမြေကြီးမှာလည်း မြေသင်းရနံ့လေး ပျံ့သင်းလာလေ့ရှိပေရာ ယင်းမြေသင်းရနံ့ သင်းပျံ့ပုံကို ရဟန်းစာဆိုရှင် အဂ္ဂသမာဓိဆရာတော်က ဘုံခန်းပျို့တွင် "ခါလည်လုလု၊ ရတုသစ်သစ်၊ သရစ်ပေါ်ပေါ်၊ သာပျော်ရွှန်းရွှန်း၊ ကိန်းခန်းသင့်မော၊ ရွက်ရင့်လျှော၍ ရွက်ကျောနုလှန်၊ ရွက်သစ်ပြန်တည့်၊ ပန်းမာလ်ငုံကင်း၊ သုတ်လေညင်းနှင့်၊ မြေသင်းနံ့နံ့တပျံ့ပျူးပျူး၊ မင်းလွင်မြူးလျက်၊ တန်ခူးလည်းကုန်၊ လကဆုန်သည် ပဇ္ဇုန်ရိုက်မြည် ချုန်းချုန်းတည်း" ဟု ဖွဲ့ဆိုခဲ့လေသည်။

တန်ခူးလကို ပုဂံခေတ်ကျောက်စာတို့၌ တန်ခူးဟုခေတ်ရေးထုံးအတိုင်း ရေးထိုးခဲ့သော်လည်း ဝိသဇ္ဇနီအရေးအသားပေါ်လာပြီဖြစ်သော အင်းဝခေတ်၌ "တန်းခူး"ဟု ရေးသားခဲ့ကြသည်ကို တွေ့ရှိရသည်။

မင်းဇေယျရန္တမိတ်၏ ပုရစ်ဖြာစီရတုတွင် -

"တန်းခူးရာသီတိုင်ခဲ့ပြီ။
ဆန်းထူးဝါနီ လှိုင်ခဲ့ပြီ။
သွန်းမြူးဖြာစီအိုင်ခဲ့ပြီ။" ဟု စပ်ဆိုထားသည်ကိုလည်းကောင်း၊

နတ်ရှင်နောင်ရတုတွင် -

"ဘယ်ဝေ့ညာကူး၊ ပုံမထူးသည်၊ တန်ခူးလေနှင့် လျော်တော့၏"ဟု ဖွဲ့ဆိုထားသည်ကိုလည်းကောင်း လေ့လာသိရှိရသဖြင့် တောင်ငူခေတ်၊ ညောင်ရမ်းခေတ်တို့၌လည်း တန်းခူးဟုပင် ရေးသားခဲ့ကြကြောင်း သုံးသပ်ရပါသည်။ နောက်ပိုင်းခေတ်ကာလများ၌မူ တန်ခူးဟုလည်းကောင်း၊ တာကူးဟုလည်းကောင်း ရေးသားကြလေရာ "သတ်ထူးလက္ခာသတ်ပုံ" စသည့်သတ်ပုံကျမ်းများ၌ပင် **"တန်တိုင်းတန်ခူး၊ တန်တားဦး၊ မှတ်ကူးတန်ဆောင်းပက်"** ဟု ပြဆိုလာကြသည်။

"တန်းခူး"တွင် တန်းပုဒ်မှာ ပါဠိဘာသာ တာလပုဒ်မှ သက်ဆင်းလာသည့် ပုဒ်ဖြစ်သည်။ တာလပုဒ်ကား "ထန်း" ဟု အဓိပ္ပာယ်ရ၏။ "ခူး"၏ အဓိပ္ပာယ်ကား **"ပန်းခူး၊ ဟင်းရွက်ခူး၊ ဆွတ်ခူး"** ဆိုသကဲ့သို့ ဆွတ်ခြင်း၊ ခြွေခြင်းဟု အဓိပ္ပာယ်ရ၏။ သို့ဖြစ်ရာ တန်ခူးလဆိုသည်မှာ ထန်းသီးကို ခူးသောလ၊ ထန်းသီးကို ဆွတ်ခြွေသောလဟု ဆိုလိုကြောင်း မြန်မာလအမည်များ စာအုပ်၌ ဖွင့်ဆိုထားပေသည်။

ကင်းဝန်မင်းကြီးကလည်း -

"တန်ခူးမိဿ၊ စိတြ၊ လနှင့်ယှဉ်ပြိုင်ထွန်း။
ရင်ခတ်ကံ့ကော်၊ ထုံသင်းပျော်၊ ပွဲတော်အတာညွန်း"ဟူ၍ သံပေါက်တိုကလေးဖြင့် တန်ခူးလကို ထိမိစွာ ခြယ်မှုန်းခဲ့သည်။

ရာသီတို့၏ သဘာဝအလှများကို ဖွဲ့ဆိုရာတွင် လက်ရာပြောင်မြောက်လှသည့် ရာသီဖွဲ့စာဆိုကြီး ဦးကြင်ဥရေးဖွဲ့ခဲ့သော "ပဒေသာသီချင်းများ" စာအုပ်တွင် တန်ခူးလ၏ သဘာဝအလှကို အောက်ပါအတိုင်း သရုပ်ဖော်ခဲ့ပါသည် -

"သြော်.... ဆွေမစုံဖက်၊ ဖြေပုံခက်အောင်၊ မကရိုးကွက်ချွန်၊ တိမ်ရွက်ကွန်လဲ၊ လက်ပုစွန်ရိုး ရွာစကျွန်ငယ်၊ သံဝှန်ဖြိုးမျှ၊ မြူခိုးငယ်မှောင်ခြွေ၊ ထောင်ရောင်နေလဲ၊ မဈေလမ်းကွန့်၊ ပြင်နန်းစွန့်မို့၊ ကိုက်ညွှန့်ငယ်ဖူးစီ၊ ဂေါ်ငွေခိုင်ဝတ်၊ လေယိုင်ညွတ်သည်၊ ဖက်ဆွတ်ချီနှင့်၊ ယဉ်သီဒါပျို့၊ သောင်ကမ်းစို့မှာ၊ နှစ်ကိုယ့်တစ်ကိုယ်၊ ဟသာသောင်တင်း၊ ရွှေပိန်ညင်းတို့၊ ချစ်တင်းဆိုသည်၊ မ-ဖို တောင်ဖြန့်ဝဲတော့တယ်။"

တန်ခူးလ၏ အလှပုံရိပ်ကို ပိုမိုပေါ်လွင်မြူးကြွလာစေရန်၊ စုံနံ့သာမြိုင်ဦးကြော့ကလည်း -

"ပုရစ်တံမြရည်သွေးငယ်နှင့်၊ နှစ်သင်္ကြန်လမည်ပေးမယ်လို့၊
လှကြည်ဆေးငယ်က ထင်လိုက်တာ။
အသွင်မြတ်ပါဘိ၊ ရင်ခတ်ကယ်ရွှေမာလာတို့၊
ဇွဲချာမှာ ရနံ့သင်းလို့ရယ်၊ ဟေမဝါစုံမြိုင်တွင်းမှာ၊ ဆင်းဖန့်ဖန့်ဝါ။
နွေဂိမှာန်မိဿစန်းဟာမို့၊ ဝေထိန်လျှံစိတြဆန်းပြန်တော့၊
နန်းမေရှုဖွေအာကာ၊ တာရာက ရောင်စုံမြူး"

ဟု အလှပန်းချီခြယ်မှုန်းခဲ့ပေသည်။

တင်ထွဋ် (အစိုးရတိုင်းရင်းဆေး)

ကမ္ဘာပေါ်ရှိ ယဉ်ကျေးသော လူမျိုးတိုင်းသည် နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ စတင်ရောက်ရှိလာသည်ကို အလေးအမြတ်ထားကြသည့်နည်းတူ ကျွန်ုပ်တို့မြန်မာတို့ အနေဖြင့်လည်း နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းချိန်ကို **"နှစ်သစ်ကူးပွဲတော်(တစ်နည်း) သင်္ကြန်ပွဲတော်"**ဟု ခေါ်ဝေါ်ကျင်းပလေ့ရှိကြသည်။

"သင်္ကြန်" ဟူသော ဝေါဟာရသည် **"သင်္ကန္တ"** ဟူသော သက္ကတပုဒ် **"သင်္ကန္တ"**ဟူသော ပါဠိပုဒ်မှ ဆင်းသက်လာသည်ဟုဆိုကြပါသည်။ မည်သို့ပင်ဆိုစေကာမူ **"သင်္ကြန်"**ဟူသော ဝေါဟာရသည် ပြောင်းရွှေ့ခြင်း၊ ကူးပြောင်းခြင်းပင် ဖြစ်သည်။ သင်္ကြန်ကျသည်ဆိုသည်မှာ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းခြင်းပင် ဖြစ်သည်။

နှစ်သစ်ကူး သင်္ကြန်ပွဲတော်ကျင်းပခဲ့ခြင်းနှင့်စပ်လျဉ်း၍ ပုဂံခေတ် မြန်မာသက္ကရာဇ် ၆၅၃ခုနှစ်(ခရစ်နှစ် ၁၂၉၁ခုနှစ်)တွင် ရေထိုးခဲ့သော စောလုဝန်းဘုရားကျောက်စာ၌ "မီဖုန်၊ သင်္ကြန်၊ စာရိယ်၊ ညောင်ရိယ် သွန့်မပြယ်စိတ်လျှင်တည်၏"ဟူသော ရာသီပွဲတော်ဆိုင်ရာ ဝေါဟာရများ ရေးထိုးထားသည်ကို ထောက်ရှုလျှင် ထေရဝါဒ သာသနာတော်ထွန်းကားနေပြီဖြစ်သော ပုဂံခေတ်၌ သင်္ကြန်ခေါ်သည့် နှစ်သစ်ကူးပွဲတော်ကို ကျင်းပနေပြီဖြစ်ကြောင်း ပြဆိုသည့် ထင်ရှားသော သာဓကဖြစ်ပေသည်။

မြန်မာသင်္ကြန်ပွဲတော်သမိုင်းကို လေ့လာမည်ဆိုပါက လွန်ခဲ့သောနှစ်ပေါင်း ၃၀၀ခန့် အင်းဝခေတ်မှ စာဆိုတော်ဦးအောင်ကြီးက တစ်ဆယ့်နှစ်လရာသီပွဲတော် လူးတားတွင် တန်ခူးလဖွဲ့လူးတားအဖြစ် "တာသဘင်ဝယ် ဆင်ယင်တုပ၊ လွှရွှရွှတည့်၊ ငြိမ့်မျှစောင်းညှင်း၊ အဲသီချင်းနှင့် ထုံသင်းနံ့သာ၊ ရေသီတာဝယ်၊ စမ္ပါကရမက်၊ ပန်းပေါင်းဖက်၍၊ ရွှေခွက်အပြည့်၊ မွှေးမျိုး ထည့်ကာ၊ သည်လှယ်ဆူလှယ်၊ စံတင့်ပယ်လျက်၊ မြူးရယ်ရွှင်အား လွန်ပျော်ပါးသည်၊ ကစားထုံရည်၊ ဖျန်းတည့်လေး၊ ပွင့်လင်းစည်သည်၊ ရွှေပြည်ရွှေဝနန်းတည့်လေး"ဟု အင်းဝမြို့တော်တွင် ကျင်းပခဲ့သော သင်္ကြန်ပွဲတော်သည် စည်ကားသိုက်မြိုက်လှ၍ ရွှေဖလားဖြင့် ရေပက်ဖျန်းပုံ၊ စောင်းညှင်းများဖြင့် သာယာစွာတီးခတ်ပုံနှင့်၊ ပန်းနံ့သာရေများဖြင့် ပက်ဖျန်းပုံစသည့် သရုပ်သကန်များကို ဖော်ညွှန်းဖွဲ့ဆိုထားခြင်း ဖြစ်ပေသည်။

လွန်ခဲ့သော ခရစ်နှစ်၊ ၁၇၉၅ခုနှစ်တွင် ပဲခူးမြို့သို့ ဗြိတိသျှသံအမတ်ကပ္ပတိန် မိုက်ကယ်ဆိုင်းဆိုသူရောက်ရှိခဲ့စဉ်ကာလ၌ နှစ်သစ်ကူး ရေသဘင်ပွဲတော်ကျင်းပချိန်နှင့် ကြုံကြိုက်နေသဖြင့် ၎င်းသံအမတ်က သူ၏ မှတ်တမ်းတွင် "ပဲခူးမြို့ဝန်၏သမီးပျိုကလေးက မိဘနှစ်ပါးအား စန္ဒကူးနှင်းရည်ဖြင့် ရှိသေစွာရေကန်တော့ပုံနှင့် သင်္ကြန်ရေကစားသူများက သန့်ရှင်းသောရေဖြင့် ယဉ်ကျေးသိမ်မွေ့စွာ ရေပက်ဖျန်းကြပုံတို့ကို အမှတ်တရ မှတ်တမ်းတင်ခဲ့သည်။ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာနှင့်အညီ တစ်မျိုးသားလုံးနှစ်စဉ် ပျော်ရွှင်စွာဆင်နွှဲပြီး ထူးခြားသော အမျိုးသားပွဲတော်ကြီးအဖြစ် မြန်မာတို့အနေဖြင့် ဂုဏ်ယူကြရဖွယ် ဖြစ်သကဲ့သို့ ထိုယဉ်ကျေးမှုအစဉ်အလာကိုလည်း မပျောက်ပျက်အောင် ဆက်လက်ထိန်းသိမ်းကြရပေမည်။

ကပိလဝတ်ပြည်၌ နေထိုင်ကြကုန်သော သာကီဝင်မင်းအပေါင်းတို့သည် နှလုံးမွေ့လျော်ဖွယ်ရှိသော ရေအိုင်ကြီးတစ်ခုအနီး၌ မင်းတဲကြီးဆောက်၍ မင်း၊ မိဖုရား၊ မှူးမတ်တို့နှင့်အတူ ပျော်ရွှင်စွာ ရေကစားခဲ့ကြကြောင်း သာသနာဝင်ကျမ်းများတွင်လည်းကောင်း၊ ပုဂံပြည် နရသီဟပတေ့မင်း(ခေါ်) တရုတ်ပြေးမင်းလက်ထက် နွေအခါ ရေဖျန်းကစားမြဲဖြစ်၍ နန်းတော်မှသည် မြစ်ဆိပ်တိုင်အောင် တဲကြီးများ တည်ဆောက်ထားပြီး ယင်းတဲကြီးများကို လူမမြင်သာအောင် ကာရံကာ မိဖုရားမောင်းမများနှင့်အတူ မြစ်ဆိပ်တွင် ရေကစားကြကြောင်း မဟာရာဇဝင်ကျမ်းတွင်လည်းကောင်း၊ "နှောင်းတန်ခူး လပြည့်ကျော် ၁၀ရက် တနင်္ဂနွေနေ့တွင် အရှင်နှစ်ပါးသည် ရွှေနန်းတော်အတွင်း သင်္ကြန်ခေါ်မြဲအရပ်တွင် အတာသင်္ကြန်ခေါ်တော်မူသည်။ မှန်နန်းတော် ဘမရာသနပလ္လင်၊ မနောဟရ ထီးဖြူတော်အောက်တွင် အတာပွဲတော် တည်တော်မူသည်၊ မင်းညီမင်းသား၊ မှူးတော်မတ်တော်တို့ကိုလည်း အတာသင်္ကြန်ထမင်း ကျွေးတော်မူသည်။ မြို့တော်အတွင်းရှိကြသော ဒက္ခိတပေါင်း ၂၁၆ ယောက်တို့ကိုလည်း တစ်ဦးလျှင် ငွေဒင်္ဂါးပြား ၂၀စီ ပေးကမ်းလှူဒါန်းတော်မူသည်"ဟု ရတနာပုံခေတ် မင်းတုန်းမင်းတရားကြီးလက်ထက်၌ အတာသင်္ကြန်ပွဲတော် ကျင်းပခဲ့ပုံကို ကုန်းဘောင်ခေတ် ရာဇဝင်ကြီး တတိယတွဲ (စာ/၃၁၁)တွင် သမိုင်းမှတ်တမ်းတင်ခဲ့ခြင်းကိုလည်းကောင်း အသီးသီး လေ့လာသိရှိရာ နှစ်သစ်ကူးသင်္ကြန်ပွဲတော်ကျင်းပကာ ပျော်ရွှင်စွာ ရေကစားကြသည့် အလေ့အထသည် ပုဂံခေတ်မှသည် အင်းဝ၊ ညောင်ရမ်း၊ ကုန်းဘောင်စသော ပဒေသရာဇ်ခေတ်များကို ဖြတ်သန်းကာ မျက်မှောက်ခေတ်သို့တိုင်အောင် မြန်မာတစ်မျိုးသားလုံး အမြတ်တနိုးထားခဲ့ကြသည့် အမျိုးသားယဉ်ကျေးမှု အမွေအနှစ်တစ်ရပ်ပင် ဖြစ်သည်။

မြန်မာလများ၏ နှစ်ဦးအစဖြစ်သော တန်ခူးလရာသီတွင် မြန်မာနှစ်ဆန်းတစ်ရက်နေ့ကို "မင်္ဂလာအခါတော်နေ့"အဖြစ် ကျင်းပကြပါသည်။

ယင်းမြန်မာနှစ်ဆန်း တစ်ရက်နေ့ကို မင်္ဂလာအခါတော်နေ့အဖြစ် ကျင်းပခြင်းဖြင့် -

(၁) ကမ္ဘာသူကမ္ဘာသားများ အနိဋ္ဌာရုံတွေ ပပျောက်ပြီး ဣဋ္ဌာရုံအပေါင်းနှင့် ပြည့်စုံကြစေခြင်း၊
(၂) ဘေးဥပဒ်အန္တရာယ် ကင်းပကြစေခြင်း၊
(၃) မကောင်းသောစိတ်ဓာတ်များကို ဖယ်ရှားပြီး ကောင်းသောစိတ်များကို မွေးမြူကြစေခြင်း၊
(၄) အရှက်နှင့် အကြောက်တည်းဟူသော လောကပါလ တရားနှစ်ပါး ထွန်းကားကြစေခြင်း၊
(၅) သတ္တဝါများကို ချစ်ခင်၍ ဘေးရန်ဆင်းရဲ ကင်းစေလိုခြင်းဟူသော မေတ္တာ၊
ဆင်းရဲသည့်သတ္တဝါများကို သနားကြင်နာ၍ ဆင်းရဲမှကင်းလွတ်စေလိုခြင်းဟူသော ကရုဏာစည်းစိမ်ပြည့်စုံသူများကို မြင်လျှင် ဝမ်းမြောက်၍ စည်းစိမ်မဆုတ်ယုတ်စေလိုခြင်းဟူသော မုဒိတာ၊
သတ္တဝါတို့သည် ကံအတိုင်းဖြစ်ကြ၏ဟု ဆင်ခြင်၍ မုန်းချစ်မပြုဘဲ တည့်မတ်စွာ ရှုမြင်ခြင်းဟူသော မုဒိတာ စသည့် ဗြဟ္မဝိဟာရတရားလေးပါး(တစ်နည်း ဗြဟ္မစိုရ်တရားလေးပါး) ထွန်းကားပြန့်ပွားစေခြင်း၊
(၆) မင်္ဂလာတရားတော်များ ထွန်းကားပြန့်ပွားစေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည်။

"မင်္ဂလာ"၏ အဓိပ္ပာယ်၊ မင်္ဂလာတရားတော်နှင့်ပတ်သက်၍ ဂေါတမမြတ်စွာဘုရား မပွင့်သေးမီအချိန်အခါက ထိုခေတ်လူသားများအတွက် အဖြေမှန် ဖော်ထုတ်နိုင်ခြင်း၊ အနှစ်သာရရှိသော အဖိုးတန်ထိုက်တန်သည့် တရားစကားများကို ကြားနာခွင့်မကြုံခဲ့ရပေ။

အခါတစ်ပါး၌ ဂေါတမမြတ်စွာဘုရားသည် သာဝတ္ထိပြည်၊ အနာထပိဏ်သူဌေး ဆောက်လုပ်လှူဒါန်းသော ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ်ဝယ် မထင်ရှားသော နတ်သားတစ်ဦးသည် သန်းခေါင်ယံအချိန်၌ မြတ်စွာဘုရားထံတော်မှောက်သို့ ရောက်ရှိချဉ်းကပ်ကာ သင့်တင့်လျောက်ပတ်သည့် အရပ်တွင် ရပ်လျက် မြတ်စွာဘုရားကို ရှိသေစွာရှိခိုးပြီးနောက် "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ များစွာကုန်သော နတ်နှင့်လူတို့သည် စင်ကြယ်သော နိဗ္ဗာန်ချမ်းသာကို လိုချင်တောင့်တကုန်၍ မင်္ဂလာတရားတော်ကို ၁၂နှစ်ကြာမျှ ကြံစည်တွေးတောပါသော်လည်း မသိနိုင်ကြပါကုန်၊ ထိုမင်္ဂလာတရားကို ရှင်းလင်းဟောကြားပေးသနားတော်မူပါဘုရား"ဟု လျှောက်ထားမေးမြန်းသဖြင့် မြတ်စွာဘုရားသခင်က မင်္ဂလာတရား ၃၈ပါးကို ရှင်းလင်းဟောကြားတော်မူခဲ့ပါသည်။

အဆိုပါ ဟောကြားတော်မူခဲ့သော မင်္ဂလာတရားတော်ကို သေချာစွာလေ့လာမည်ဆိုပါက ပေါင်းသင်းဆက်ဆံရေး မင်္ဂလာသုံးပါး၊ နေရေးထိုင်ရေး မင်္ဂလာသုံးပါး၊ သင်ကြားရေး မင်္ဂလာလေးပါး၊ ပြုစုရေး မင်္ဂလာသုံးပါး၊ လိုက်နာကျင့်သုံးရေး မင်္ဂလာလေးပါး၊ ရှောင်ကြဉ်ရေး မင်္ဂလာလေးပါး၊ စိတ်ထားရေး မင်္ဂလာငါးပါး၊ သည်းခံရေး မင်္ဂလာလေးပါး၊ ခြိုးခြံရေး မင်္ဂလာလေးပါးနှင့် စိတ်ဓာတ်ခိုင်ခံ့ရေး မင်္ဂလာလေးပါး စုစုပေါင်း မင်္ဂလာတရား ၃၈ပါး (သုံးဆယ့်ရှစ်ဖြာမင်္ဂလာတရားတော်)ကို လောကလူသားများ၏ အကျိုးစီးပွား တိုးပွားစေရေးအတွက် ထောင့်မျိုးစုံမှ ဟောကြားတော်မူထားကြောင်း လေ့လာသိရှိရပါသည်။

သို့ဖြစ်ရာ သင်္ကြန်ကာလတွင် ဥပုသ်သီတင်းဆောက်တည်ခြင်း၊ ရေများခန်းခြောက်နည်းပါးနေသော ရေတွင်း၊ ရေကန်များကိုဆယ်၍ သန့်ရှင်းရေးပြုလုပ်ခြင်း၊ တံတားအို၊ တံတားပျက်များကို ပြင်ဆင်မွမ်းမံခြင်းစသည့် ကုသိုလ်ကောင်းမှုများ ပြုလုပ်သည့်နည်းတူ နှစ်ဆန်းတစ်ရက်နေ့တွင် ငါးလွှတ်ပွဲများ၊ အိုမင်းကြီးရင့်ပြီဖြစ်သော ခိုင်းနွားကြီးများကိုလည်း ဘေးမဲ့ပေးခြင်း၊ သက်ကြီးပူဇော်ပွဲများ ကျင်းပပေးခြင်း၊ အဘိုးအို၊ အဘွားအိုများအား ခေါင်းလျှော်ပေးခြင်း၊ ခြေသည်းလက်သည်းများ လှီးဖြတ်ပေးခြင်း စသည့် ကာယကံမြောက် ကုသိုလ်များ ဆောင်ရွက်ကြခြင်းသာမက မင်္ဂလာတရား တော်နှင့်အညီ မင်္ဂလာရှိစွာ ပြုမူကျင့်ကြံနေထိုင်ကြလျက် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေး၊ အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များနှင့် အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်ကြစေရေးတို့အတွက် ထိန်းသိမ်းစောင့်ရှောက်ကြရင်း နှစ်သစ်ကူးသင်္ကြန်ပွဲတော်ကို ရိုးရာဓလေ့နှင့်အညီ ဆင်နွှဲကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သ ရေးသားလိုက်ရပါကြောင်း။ ။

ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမင်း ပဲခူးတိုင်း တောင်ငူခရိုင် ရေတာရှည်မြို့နယ် သာဂရမြို့နှင့် မှန်ထောင်တောရအကြားရှိ မြေသားလမ်းနှင့် တံတားဖွင့်ပွဲအခမ်းအနားတွင် မုခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

❒ ကျောဖုံးမှ

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက လမ်းနှင့်တံတားတို့ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး ဗိုလ်ချုပ်လှမင်းက လမ်းနှင့်တံတားဖွင့်ပွဲ မုခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဖြတ်သန်းကြည့်ရှု

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် မှန်ထောင်တောရလမ်းသစ်ကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှု စစ်ဆေးကြသည်။

အဆင်ပြေချောမွေ့

အဆိုပါလမ်းသည် အရှည်ပေ ၈၇၀၀ နှင့် အကျယ်ပေ၂၀ရှိပြီး တံတားငယ်ခုနစ်စင်း ပါဝင်ကာ နွေရာသီမိုးပါ အချိန်ရာသီမရွေး အဆင်ပြေချောမွေ့စွာ သွားလာနိုင်တော့မည် ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်တောလုပ်ငန်းများ ကြည့်ရှုစစ်ဆေး လုပ်ငန်းရည်မှန်းချက်များ အောင်မြင်အောင်ဆောင်ရွက်ရေးမှာကြား

နေပြည်တော် ဧပြီ ၁၂

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဧပြီ ၉ရက် ညနေပိုင်းက တာချီလိတ်မြို့ အမှတ်(၁) သစ်ဆိပ်သို့ ရောက်ရှိလာရာ သစ်ဆိပ် ရှင်းလင်းဆောင်၌ ရှမ်းပြည်နယ် (အရှေ့ပိုင်း) သစ်ထုတ်ရေးဌာန ဒုတိယအထွေထွေမန်နေဂျာက သစ်ဆိပ်၏ သစ်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးက လိုအပ်သည်များကိုမှာကြားပြီး သစ်ဆိပ်အတွင်း သစ်လုံးများ စနစ်တကျထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ဧပြီ ၁၀ရက် နံနက်ပိုင်းက တာချီလိတ်မြို့ ဟောင်လိတ် အမြဲတမ်းပျိုးဥယျာဉ်သို့ ရောက်ရှိပြီး ပြည်ပမှ ငှားရမ်းထားသည့် လေအရည်အသွေး တိုင်းတာသည့် စက်ကိရိယာများ တပ်ဆင်ထားသော မော်တော်ယာဉ်ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားပြီး ဟောင်လိတ်ပျိုးဥယျာဉ်အတွင်း ကျွန်း၊ မဟော်ဂနီ၊ ယူကလစ်နှင့် သစ်မျိုး ပေါင်းစုံ အပင်တစ်သိန်း ပျိုးထောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်း

ထို့နောက် ဝန်ကြီးသည် တာချီလိတ်မြို့ အမှတ်(၂)သစ်ဆိပ်သို့ ရောက်ရှိပြီးရှင်းလင်းဆောင်၌ ပြည်နယ်ဒုတိယ အထွေထွေမန်နေဂျာ ဦးအေးမြင့်နှင့် သစ်တောဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးဦးကြည်ဝင်းတို့က သစ်ထုတ်လုပ်ငန်းများနှင့် သစ်တောသယံဇာတများ ထိန်းသိမ်းထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြား၍ သစ်ဆိပ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တာချီလိတ်မြို့ သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံး ရှင်းလင်းဆောင်၌ လက်ထောက်ညွှန်ကြားရေးမှူး ဦးညွန့်အောင်က ကြိုးဝိုင်းကြိုးပြင် ကာကွယ်တောများ၊ သစ်တောစိုက်ခင်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

တွေ့ဆုံ

ထို့နောက် ဝန်ကြီးသည် တာချီလိတ်ခရိုင်အတွင်းရှိ သစ်တောဦးစီးဌာနနှင့် သစ်ထုတ်ရေးဌာန ဝန်ထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းရည်မှန်းချက်တာဝန်များ အောင်မြင်အောင် ဆောင်ရွက်ရေး မှာကြားပြီး မိုင်းဖြတ်မြို့နယ် နမ့်လုံတောင် ကြိုးပြင်ကာကွယ်တော၌ ၂၀၀၉ခုနှစ် စီးပွားရေးကျွန်းစိုက်ခင်း ဧက ၁၀၀ကို ကြည့်ရှုစစ်ဆေးသည်။

ကာကွယ်တော

ဝန်ကြီးသည် ဧပြီ ၁၁ရက် နံနက်ပိုင်းက ကျိုင်းတုံမြို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)သစ်ထုတ်ရေးဌာန ဒုတိယ အထွေထွေမန်နေဂျာရုံးသို့ ရောက်ရှိလာရာ ညှိခန်းဆောင်၌ သက်ဆိုင်ရာ တာဝန်ရှိသူများက သစ်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ သစ်တောစိုက်ခင်းများ စိုက်ပျိုးထားမှုနှင့် ကြိုးဝိုင်းကြိုးပြင် ကာကွယ်တောများ ထိန်းသိမ်းထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးသည် ကျိုင်းတုံမြို့ အတွင်းရှိ သစ်တောဦးစီးဌာနနှင့် သစ်ထုတ်ရေးဌာန ဝန်ထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းရည်မှန်းချက်တာဝန်များ အောင်မြင်အောင်ဆောင်ရွက်ရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တာချီလိတ်မြို့ အမှတ်(၁) သစ်ဆိပ်အတွင်း သစ်လုံးများထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သစ်တောရေးရာ)

ကျောက်ကြီးမြို့ အထက မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၁၂

ပဲခူးတိုင်း ကျောက်ကြီးမြို့ အခြေခံပညာအလယ်တန်းကျောင်းဟောင်းနှင့် အခြေခံပညာ အထက်တန်းကျောင်းတို့၌ ပညာသင်ကြား ပို့ချပေးခဲ့ကြသည့် အငြိမ်းစား ဆရာ ဆရာမကြီးများအား (၁၅)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဧပြီ ၂၄ရက် (စနေ နေ့) နံနက် ၉နာရီတွင် ကျောက်ကြီးမြို့ ပဲခူးရပ် မူလတန်းလွန်ကျောင်း(ယခင်) ပဲခူးရပ် အခြေခံပညာ အလယ်တန်း ကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် ရပ်ဝေးတွင် နေထိုင်လျက်ရှိကြသည့် ဆရာ ဆရာမကြီးများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် နှိုးဆော်ထားသည်။

အလှူငွေများကို ဗိုလ်မှူးကြီး မြင့်အုန်း (ငြိမ်း) ဖုန်း-၀၁-၅၈၁၀၂၀၊ ၀၉-၈၀၂၁၅၅၄၊ ဦးသန်းဝင်း(ရန်ကုန်) ဖုန်း-၀၁-၆၄၆၃၇၅၊ ဒေါ်ဝေမာသီ(ရန်ကုန်)ဖုန်း-၀၉-၅၁၀၆၂၂၅၊ ဦးခင်ဇော်(မန္တလေး)ဖုန်း-၀၉-၂၀၂၃၂၅၄နှင့် ဦးဝင်းနိုင် (ကျောက်ကြီး) ဖုန်း-၀၉-၆၃၁၀၃၇၆၊ ၀၅၄-၄၉၀၄၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ ***(သတင်းစဉ်)***

အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ၌ လုပ်ငန်းခွင်မပျက် အခမဲ့ဆေးကုသမှုပြုလုပ်

မန္တလေး ဧပြီ ၁၂

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့၊ မန္တလေးအလုပ်သမားဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာခင်ဖြူဝင်း ဦးဆောင်သော အထူးကုဆရာဝန်ကြီးများနှင့် အဖွဲ့သည် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံသို့ လာရောက်၍ စက်ရုံရှိ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များကို လုပ်ငန်းခွင်မပျက် အခမဲ့ဆေးကုသပေးကြသည်။

ကုသ

သမားတော်ကြီး ဒေါက်တာခင်စန်းတင့်၊ အထူးကုဆရာဝန်ကြီး (ခွဲစိတ်) ဒေါက်တာစိုင်းအောင်စိန်၊ အထူးကုဆရာဝန်ကြီး (ကလေး) ဒေါက်တာကျော်စိုး၊ အထူးကုဆရာဝန်ကြီး (နား၊ နှာခေါင်း၊ လည်ချောင်း) ဒေါက်တာခင်လှလှ၊ အထူးကုဆရာဝန်ကြီး(မျက်စိ) ဒေါက်တာဝင်းလှိုင်၊ အထူးကုဆရာဝန်ကြီး (သားဖွား၊ မီးယပ်) ဒေါက်တာသန္တာအောင်၊ လက်ထောက်ဆရာဝန် (သွားနှင့်ခံတွင်း)၊ ဆေးဝါးကျွမ်းကျင် (အကြောအဆစ်နှင့်ဆေးဝါး) တို့က စက်ရုံဝန်ထမ်းများကို ဆေးကုသပေးခဲ့ကြသည်။

ဆေးကုသမှုများ ပြုလုပ်ပြီးနောက် ဆေးရုံအုပ်ကြီး ဒေါက်တာခင်ဖြူဝင်းက စက်ရုံဝန်ထမ်းများကို လူမှုဖူလုံရေးအဖွဲ့၏ ဆေးကုသမှုလုပ်ငန်းများနှင့် ကျန်းမာရေးဆိုင်ရာ ဗဟုသုတများ ဟောပြောခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၁၃-၄-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
၇း၄၀ ၇။ ခါသင်္ကြန်အဆို အကများ
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄း၁၅ ၄။ တရားတော်
၅း၀၀ ၅။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၅း၁၅ ၆။ ခါသင်္ကြန်အဆို အကများ
၅း၂၅ ၇။ မျိုးချစ်တပ်မတော်
၅း၃၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၅း၃၅ ၉။ မြဝတီရုပ်မြင်သံကြား မင်္ဂလာဇင်းကဏ္ဍ
၅း၄၅ ၁၀။ ခါသင်္ကြန်အဆို အကများ
၅း၅၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၄။ လျှပ်တစ်ပြက်
၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်သူ့မေတ္တာ**(အပိုင်း-၃၉)
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ မွေးမြူသုတ
၂၁။ ဟာသရုပ်စုံ ကြော်ငြာ
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင် ဇာတ်လမ်း **ကြည်နူးဖွယ်ရာ ပျိုကညာ** (အပိုင်း-၂၈)

မြန်မာ့ရုပ်မြင်သံကြား

၁၃-၄-၂၀၁၀ (အင်္ဂါနေ့)

(မဟာသင်္ကြန်အကြိုနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅ ၂။ အဂ္ဂဇယမင်္ဂလံ (ယဉ်ဝေထွန်း၊ တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ ခါသင်္ကြန်အဆိုအကများ
၇း၅၀ ၆။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၇။ သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး
၈း၁၀ ၈။ နှောင်းခေတ်တေးပဒေသာ
၈း၂၀ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈း၃၀ ၁၀။ ခါသင်္ကြန်အဆိုအကများ
၈း၄၀ ၁၁။ International News
၈း၄၅ ၁၂။ ခါသင်္ကြန်အဆိုအကများ
၉း၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ ခါသင်္ကြန်အဆိုအကများ
၄း၂၅ ၃။ ရိုးရာကျေးလက်ကစားနည်း
၄း၃၅ ၄။ ခါသင်္ကြန်အဆိုအကများ
၄း၅၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ - ပထမနှစ်(ပထဝီဝင်အထူးပြု) (ပထဝီဝင်)
၅း၀၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၁၀ ၇။ ဇီဝိတဒါနသွေးလှူကြစို့
၅း၂၀ ၈။ ကြေးမုံရိပ်သွင် တေးနုယဉ်
၅း၃၀ ၉။ ရင်မှာစွဲထင် တေးအလှသံစဉ်
၅း၄၅ ၁၀။ ခါသင်္ကြန်အဆိုအကများ
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၃။ **ကြယ်ပွင့်များရဲ့ ရင်ခုန်သံ**
၆း၄၀ ၁၄။ ခါသင်္ကြန်အဆိုအကများ
၇း၀၀ ၁၅။ ခါသင်္ကြန်အဆိုအကများ
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ မြန်မာရုပ်ရှင် **ကျန်စစ်မင်း** (အပိုင်း-၂) လူမင်း၊ မေသန်းနု၊ ပန်းဖြူ၊ ထက်ထက်မိုးဦး၊ စိုးမြတ်နန္ဒာ (ဒါရိုက်တာ-လူမင်း)
၂၀။ အစီအစဉ်ပြီး၏။

ရွှေဘိုမြို့ အမှတ်(၁)ရပ်ကွက်အတွင်း သောက်သုံးရေဖူလုံစွာရရှိမှု အခြေအနေကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးအောင်နှင့် တာဝန်ခံ အင်ဂျင်နီယာ အင်ဂျင်နီယာမှူး ဦးမျိုးတို့ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြောက်ပိုင်းဒေသများ၌ မိုးဆက်လက်ထစ်ချုန်းနိုင်

နေပြည်တော် ဧပြီ ၁၂

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာခဲ့ပြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့် အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ဒေသများတွင် အများအားဖြင့်သာယာခဲ့သည်။ နေ့အပူချိန်များမှာ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီ စင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး၊ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဧပြီ ၁၃ ရက် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျားမိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရွှေဘိုမြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၁၂

စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်စိုးသည် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၉ရက်က စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် ကျောက်မြောက်ကျေးရွာအုပ်စုရှိ နွယ်ငြိမ်းကျေးရွာသို့ ရောက်ရှိကာ ဧရာဝတီမြစ်ကူး ရတနာသိဃ်တံတားစီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်းတာဝန်ခံဒုတိယအင်ဂျင်နီယာချုပ်မှ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် စီမံကိန်းလုပ်ငန်းခွင်အတွင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြပြီး တိုင်းမှူးက လိုအပ်သည်များကို မှာကြားသည်။ ဆက်လက်ပြီး တိုင်းမှူးသည် နွယ်ငြိမ်းကျေးရွာ ဒေသခံများနှင့် တွေ့ဆုံ၍ အမှာစကား ပြောကြားပြီး ဒေသခံများ၏တင်ပြချက်များနှင့် ပတ်သက်ပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် ရွှေဘိုမြို့ရှိ ရွှေဘို-ကျောက်မြောင်းလမ်း (သံလမ်းဆုံ)နေရာကို လမ်းဝဲ/ယာ ကတ္တရာလမ်း တိုးချဲ့ဖောက်လုပ်ခြင်း လုပ်ငန်းသို့ ရောက်ရှိကြပြီး ရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ခရိုင်အင်ဂျင်နီယာမှူးက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းမှူးသည် လုပ်ငန်းခွင်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်ပြီး တိုင်းမှူးနှင့်အဖွဲ့သည် ရွှေဘိုမြို့ မဟာနန္ဒာကန်တော်သို့ ရောက်ရှိကာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက မဟာနန္ဒာကန်ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း၊ ထပ်မံဆောင်ရွက်မည့်လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များကို မှာကြားသည်။ ဆက်လက်ပြီး တိုင်းမှူးသည် တိုးချဲ့ဆောင်ရွက်မည့် ကန်ဧရိယာနှင့် ပြုပြင်တည်ဆောက်မည့် ရေကျော်တံတားများနှင့် လေးပေအနက် တူးဖော် ငါးကန်များကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြပြီး တိုင်းမှူးကလိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။ ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် မြို့ရေပေးဝေနေမှု အခြေအနေ၊ မဟာနန္ဒာကန်စိမ်းလန်းစိုပြည်အောင် ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အင်းစိန်မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ တောင်တွင်းကြီးမြို့ ဗိသနိုးမြို့ဟောင်းသို့သွားရောက်လေ့လာ

ရန်ကုန် ဧပြီ ၁၂

အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာ ဗိုလ်သံမဏိ-တောင်တွင်းကြီး)ခေါင်းဆောင်သော စာနယ်ဇင်း လေ့လာရေးအဖွဲ့သည် ဧပြီ ၃ရက်က မကွေးတိုင်း တောင်တွင်းကြီးမြို့သို့ သွားရောက်ပြီး ဗိသနိုးမြို့ဟောင်းနှင့် ပြတိုက်တို့ကို ကြည့်ရှုလေ့လာခဲ့သည်။

အမှာစကားပြောကြား

ထို့နောက် တောင်တွင်းကြီးမြို့နယ် စာပေနှင့်စာနယ်ဇင်း အဖွဲ့ဝင်များနှင့် အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ လေ့လာရေးအဖွဲ့ဝင်များ တွေ့ဆုံမိတ်ဆက်ပွဲနှင့် စာအုပ်များလှူဒါန်းပွဲ အခမ်းအနားကို တောင်တွင်းကြီးမြို့ရှိ စံပြမူလတန်းကြို ကျောင်း၌ ကျင်းပရာ အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးဘုန်းဝေ (ဒါရိုက်တာ ဘုန်းဝေ)၊ ဒုတိယဥက္ကဋ္ဌ လေ့လာရေးအဖွဲ့ခေါင်းဆောင် ဦးဘိုကြည် (ဒေါက်တာ ဗိုလ်သံမဏိ -တောင်တွင်းကြီး)၊ တောင်တွင်းကြီးမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းကျော် (တောင်တွင်း ဝင်းကျော်)နှင့် တောင်တွင်းကြီးမြို့နယ် စာကြည့်တိုက်များ ဖြစ်မြောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကျော်ငြိမ်းတို့က အမှာစကားပြောကြားကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးဇော်ဌေးအောင်က ကျေးဇူးတင်စကား ပြောကြားသည်။

ပေးအပ်လှူဒါန်း

ယင်းအခမ်းအနားတွင် အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များက လှူဒါန်းသော ငွေကျပ် နှစ်သိန်းဖိုးခန့်ရှိ စာအုပ်၊ မဂ္ဂဇင်းနှင့် ဂျာနယ် စာစောင်များကို တောင်တွင်းကြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(ဗုဒ္ဓဟူးနေ့-နံနက်+နေ့လယ်+ည)

၁၄-၄-၂၀၁၀

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇း၀၅	တရားတော် **(အာဋာနာဋိယသုတ်)** ဓမ္မပူဇာတေးပဒေသာ
၇း၃၀	(၃၈)ဖြာမင်္ဂလာ
၇း၃၅	နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန် + သတင်း
၈း၁၀	နံနက်ခင်းတေးပဒေသာ
၁၀း၀၀	အမှတ်တရတေးလက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	တေးပဒေသာ
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	ထူးဆန်းထွေလာ ဤမြေကမ္ဘာ (၃၅) နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀	ဆိုကြပျော်ရွှင်တေးသံစဉ်(၈၆) တေးပဒေသာ
၁၂း၀၀	စံတော်ချိန်
၁၂း၂၅	ဇာတ်လမ်းပမာနားဆင်စရာ (မွေးရပ်ပြန်စိတ်ကူး)
၁၂း၄၅	တေးပဒေသာ
၁၃း၀၀	မွန်းလွဲပိုင်းသတင်း
၁၃း၁၀	တေးပဒေသာ
၁၃း၃၀	အစီအစဉ်ပြီး၏။
၁၆း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၃၀	စစ်သည်အတွက် တေးလက်ဆောင်
၁၇း၀၀	ခံတွင်းမြိန်စရာသူ့လက်ရာ (မော်လမြိုင်သင်္ကြန်ထမင်းနဲ့ ငါးခြောက်ထောင်းကြော်)
၁၇း၁၀	Current Song(18)
၁၇း၂၅	သတင်းစာဆောင်းပါး
၁၇း၃၀	တေးပဒေသာ
၁၇း၃၅	အင်္ဂလိပ်စာ သုတပဒေသာ (2)
၁၈း၀၀	ညနေခင်းသတင်း
၁၈း၁၀	ချစ်ခြင်းဖြေသိမ့် တေးသံငြိမ့်(၄၅)
၁၈း၂၀	ကျေးလက်ဇာတ်လမ်း (သင်္ကြန်ချစ်သူ)
၁၈း၃၀	တူယှဉ်သီကြွေးစုံတွဲတေး
၁၉း၀၀	နိုင်ငံတကာသတင်း
၁၉း၀၅	သံစဉ်တေးသွားမေတ္တာစကား နိုင်ငံရေးဦးတည်ချက်
၁၉း၁၅	အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (ဒါရိုက်တာ အကယ်ဒမီ ညီညီထွန်းလွင်)
၁၉း၃၀	တေးပဒေသာ
၁၉း၄၀	ဝတ္ထုတိုခံစားမှု (သင်္ကြန်မင်းသား)
၂၀း၀၀	ပြည်တွင်းသတင်း စီးပွားရေးဦးတည်ချက်
၂၀း၅၀	ကျန်းမာရေးရာသိကောင်းစရာ (ဆေးဖက်ဝင်သည့် ဒန့်ကျွဲပင်) လူမှုရေးဦးတည်ချက်
၂၁း၀၀	ခံစားနားဆင်မြန်မာတေးသံစဉ်
၂၁း၃၀	ညချမ်းချိန်ခါတေးပဒေသာ
၂၂း၀၀	အစီအစဉ်ပြီး၏။

လယ်ယာစပါး ပြည့်အားထား
တားဆီးကာကွယ် မီးရန်စွယ်

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မင်းဘူးမြို့ အမှတ်(၁)ရပ်ကွက် နဂါးပွက်တောင်လမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာထပ်ပိုးလွှာခင်းခြင်း လမ်းဖွင့်ပွဲကို မတ် ၂၇ရက်က မင်းဘူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ငွေနှင့် မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မဟာသင်္ကြန် ရွှေဖလားဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့ပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်

ရန်ကုန် ဧပြီ ၁၂

ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်းက ကြီးမှူး၍ KAUNG MYAT Companies (KM Golf Centre) က အဓိက ကူညီပံ့ပိုးသော (၅၂)ကြိမ်မြောက် မဟာသင်္ကြန်ရွှေဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ (Pyin Oo Lwin Gold Cup)၏ ဒုတိယနေ့အဖြစ် ကြေးအဆင့် အသင်းလိုက်ပြိုင်ပွဲ၊ ကြေးအဆင့် တစ်ဦးချင်းပြိုင်ပွဲ၊ သက်ကြီးတန်းပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့ ပြင်ဦးလွင်ဂေါက်ကွင်း၌ ဆက်လက်ကျင်းပသည်။

ဆက်လက်ကျင်းပ

ရွှေအဆင့် အသင်းလိုက်ပြိုင်ပွဲ၊ ရွှေအဆင့် တစ်ဦးချင်းပြိုင်ပွဲ၊ ငွေအဆင့်အသင်းလိုက်ပြိုင်ပွဲ၊ ငွေအဆင့် တစ်ဦးချင်းပြိုင်ပွဲများနှင့် ပြင်ဦးလွင်ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲများကို ဧပြီ ၁၃ရက်နှင့် ၁၄ရက်တို့တွင် ဆက်လက်ကျင်းပမည် ဖြစ်သည်။

(၅၂)ကြိမ်မြောက် မဟာသင်္ကြန်ရွှေဖလားဂေါက်သီးရိုက်ပြိုင်ပွဲတွင် ကြေးအဆင့် ၈၉ဦး၊ ငွေအဆင့် ၇၈ဦး၊ ရွှေအဆင့် ၃၉ဦး၊ ပြင်ဦးလွင်ဖလားဂေါက်သီးရိုက်ပြိုင်ပွဲဝင် ၃၀၊ အမျိုးသမီး ၁၇ဦးနှင့် သက်ကြီးတန်းပြိုင်ပွဲဝင် ၃၇ဦး စုစုပေါင်း ၂၉၁ဦး၊ အသင်းလိုက်ပြိုင်ပွဲတွင် ရွှေအဆင့် ခုနစ်သင်း၊ ငွေအဆင့် ၁၄သင်း၊ ကြေးအဆင့် ၁၅သင်း စုစုပေါင်း ၃၆သင်းတို့ ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

ပံ့ပိုးကူညီ

အဆိုပါပြိုင်ပွဲကို ပြင်ဦးလွင် ဂေါက်သီးရိုက်အသင်းက ကြီးမှူး၍ Main Sponsor အဖြစ် KAUNG MYAT Companies (KM Golf Centre) က လည်းကောင်း၊ Co-Sponsor များအဖြစ် IBTC (International Beverages Trading Co., Ltd.)၊ ထူးထရေးဒင်း၊ ရွှေချမ်ကုမ္ပဏီ၊ Hotel Pyin Oo Lwin၊ လပ်ကီး သောက်ရေသန့်၊ ပန်ဟုတ်ဒူဝါကုမ္ပဏီ၊ ရွှေသပြေကုမ္ပဏီ၊ အေဝမ်းဆောက်လုပ်ရေး၊ သော်တာဝင်းဆောက်လုပ်ရေး၊ Elite Tech Manufacturing Co., Ltd.၊ IGE Group of Companies၊ Yatanapon Teleport Co.,Ltd.၊ Asia World Co., Ltd.၊ တာမိုးညဲ ချမ်းသာထွန်းဝေသာ၊ Fortune International Co., Ltd.၊ Fisca Co.,Ltd.၊ မြတ်မန္တလာထွန်း ခရီးသည်ပို့ဆောင်ရေး၊ Royal Reward Resort Hotel၊ KKK ဖုန်းရောင်းဝယ်ရေး၊ မြန်မာဘီယာ၊ HAN Golf Master၊ Nikon Camera၊ Aurora Wine နှင့် OAK BARRAL Wine တို့က ထပ်မံကူညီကြကြောင်းနှင့် ပြိုင်ပွဲကို ဧပြီ ၁၁ရက်မှ ၁၄ရက်အထိ ကျင်းပလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နွေရာသီအားကစားသင်တန်းဆင်းပွဲ လှိုင်သာယာ၌ကျင်းပ

ရန်ကုန် ဧပြီ ၁၂

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အားကစားနှင့်ကာယပညာ ဦးစီးဌာန၊ ပညာရေးဌာနတို့မှ ကြီးမှူးကျင်းပသော နွေရာသီအခြေခံအားကစား သင်တန်းဆင်းပွဲ အခမ်းအနားကို ဧပြီ ၉ရက် နံနက် ၉နာရီက မြို့နယ်မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။

လေ့ကျင့်သင်ကြား

အခမ်းအနားသို့ ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မူမူထိုက်၊ မြို့နယ် ပညာရေးမှူးနှင့် မြို့နယ်အား/ကာဦးစီး အရာရှိ ဦးငွေစိုးတို့က ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်နှင့် အားကစားနည်း ၁၄မျိုးတို့၏ သင်တန်းဆင်း လက်မှတ်များကို ပေးအပ်ခဲ့ပြီး **(အောက်ပုံ)** သင်တန်းသား ၁၀၀ကို လေ့ကျင့်သင်ကြားပေးခဲ့ကာ အားကစားနှင့် ကာယပညာသိပ္ပံသို့ သင်တန်းသား ရရှိရေးအတွက် လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း သိရသည်။

(ဝ၉၇)

ဓာတ်ဆီဖြည့်မှုသတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု(Friction)မှ သဘာဝတည်ငြိမ် လျှပ်စစ်(Static Electricity)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။

မီးလောင်ကျွမ်းမှုများဖြစ်ပွား မီးဘေးအန္တရာယ်သတိပေးချက်များ အထူးဂရုပြုလိုက်နာဆောင်ရွက်

နေပြည်တော် ဧပြီ ၁၂

နေပြည်တော်လယ်ဝေးမြို့နယ် ပင်ငါးမြောင်ကျေးရွာ၌ ဧပြီ ၇ရက် ည ၁၁နာရီခွဲခန့်တွင် ဖယောင်းတိုင်မီးမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ကာ နေအိမ် ၁၈လုံး မီးလောင်ဆုံးရှုံးသဖြင့် အိမ်ထောင်စု ၁၈စု အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်း၊ မီးဘေးဒုက္ခသည်များအား ကျေးရွာဘုန်းကြီးကျောင်း၌ ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်၍ နေရာချထားပေးပြီး တာဝန်ရှိသူများက လိုအပ်သည်များ ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

ကမာရွတ်

ထို့အတူ ဧပြီ ၃ရက် နံနက် ၁၁နာရီ ၁၅မိနစ်ခန့်တွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် လှည်းတန်းလမ်း၌ ဟင်းအိုးတည်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့ပြီး နာရီဝက်ခန့် မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။

ကူညီပံ့ပိုး

အလားတူ ဧပြီ ၃ရက် ညနေ ၃နာရီခွဲခန့်တွင် စစ်ကိုင်းတိုင်း ငါန်းဇွန်မြို့နယ် ဖြူတွင်းကုန်းကျေးရွာ၌ မီးဖို မီးကြွင်းမီးကျန်မှ စတင်၍ မီးလောင်မှုဖြစ်ပွားကာ နေအိမ် ၁၅လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊မီးဘေးဒုက္ခသည် အိမ်ထောင်စု ၁၅စုအား ကျေးရွာမူလတန်းကျောင်း၌ ယာယီနေရာချထားပေးပြီး တာဝန်ရှိသူများနှင့် ကျေးရွာပြည်သူများက လိုအပ်သည်များ ကူညီပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

တိုက်တွန်းနှိုးဆော်

နှစ်စဉ် ပူပြင်းခြောက်သွေ့သော နွေရာသီတွင် မီးလောင်ကျွမ်းမှုများ နိုင်ငံတစ်ဝန်း ပိုမိုဖြစ်ပွားလျက်ရှိရာ မီးဘေးအန္တရာယ်သတိပေးချက်များကို အထူးဂရုပြုကြရန် လိုအပ်ကြောင်း မီးသတ်ဦးစီးဌာနက တိုက်တွန်းနှိုးဆော်ထားသည်။

(သတင်းစဉ်)

အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင်-စုစည်းသည်

ပီလာအား မန်ယူကခေါ်ယူရေး ချိန်ဆနေ

ဗလင်စီယာအသင်းက ပြောင်းရွှေ့ကြေးပေါင်သန်း ၄၀ ခေါ်ထားပြီး တစ်ပတ်လုပ်ခလစာ ပေါင်နှစ်သိန်းလိုချင်သူ ဗလင်စီယာတိုက်စစ်မှူး ဒေးဗစ်ဗီလာအား မန်ယူက ခေါ်ယူရေးမှာ ချိန်ဆနေခဲ့သည်။

ဟာဘာရီဂတ်စ်အား စာချုပ်ခေါ်ယူရန် မန်စီးတီးပြင်ဆင်

မန်စီးတီးအသင်းသည် အာဆင်နယ်အသင်းခေါင်းဆောင် ဖာဘာရီဂတ်စ်အား ပြောင်းရွှေ့ကြေးပေါင် သန်း ၅၀ ပေး ကမ်းလှမ်းစာချုပ်ခေါ်ယူရန် ပြင်ဆင်နေသည်။

ပရီမီယာလိဂ်ဖလားအား ရှုန်နေမျှော်လင့်နေ

ခြေချင်းဝတ်ဒဏ်ရာရရှိနေသော မန်ယူတိုက်စစ်မှူး ရွန်နေက မိမိတို့အသင်းသည် ပရီမီယာလိဂ်ဖလား ကာကွယ်ရေးအတွက် မျှော်လင့်နေဆဲဖြစ်ကြောင်း၊ ဆက်လက်ကြိုးစားနေမည်သာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

တောရက်စ်နှင့် အီဘာရာဟင်မိုဗစ်တို့အား မန်စီးနီးစိတ်ဝင်စား

လီဗာပူးတိုက်စစ်မှူး ဖာနန်ဒိုတောရက်စ်နှင့် ဘာစီလိုနာတိုက်စစ်မှူး အီဘရာဟင်မိုဗစ်တို့အား မန်စီးတီးနည်းပြ မန်စီနီက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

ပရေးအား ခေါ်ယူရေး မန်ယူနှင့်အာဆင်နယ် အပြိုင်ကြိုးပမ်း

ဖီအိုရင်တီးနားဂိုးသမား ဆီဘက်စတီယန်ဖရေးအား စာချုပ်ခေါ်ယူနိုင်ရေးအတွက် မန်ယူနှင့် အာဆင်နယ်တို့ အပြိုင်ကြိုးပမ်းနေကြသည်။

မာရီယာအား ချယ်လ်ဆီး လေ့လာအကဲခတ်နေ

မန်စီးတီးက စာချုပ်ခေါ်ယူလိုသော ဘင်ဖီကာတောင်ပံကစားသမား အိန်ဂျယ်ဒီမာရီယာအား ချယ်လ်ဆီးက လေ့လာအကဲခတ်နေသည်။

တိုက်စစ်မှူးဘက်ဗို့ဒ်အား ခေါ်ယူရန် မိုယက်စ် ချိန်ဆနေ

အဲဗာတန်နည်းပြ ဒေးဗစ်မိုယက်စ်သည် ယခုနွေရာသီတွင် လိဒ်တိုက်စစ်မှူး ဂျာမိန်းဘက်ဖို့ဒ်အား စာချုပ်ခေါ်ယူရန် ချိန်ဆနေသည်။

အိုဟာရာအား စာချုပ်ခေါ်ယူရန် နယူးကာဆယ်ပစ်မှတ်ထား

ပို့စ်မောက်အသင်းတွင် အငှားစာချုပ်ဖြင့် ကစားနေသော စပါးကွင်းလယ်ကစားသမား ဂျာမီအိုဟာရာအား ပြောင်းရွှေ့ကြေးပေါင် ငါးသန်းဖြင့် စာချုပ်ခေါ်ယူရန် နယူးကာဆယ်အသင်းက ပစ်မှတ်ထားနေသည်။

ဘီနာယောင်အား စီအက်စ်ကေအေက ကမ်းလှမ်းရန်စီစဉ်

လီဗာပူးအသင်းမှ အစွရေးကွင်းလယ်ကစားသမား ယောဆီဘီနာယောင်အား ရုရှားအသင်း စီအက်စ်ကေအေမော်စကိုက ပြောင်းရွှေ့ကြေးပေါင် ကိုးသန်းဖြင့် ကမ်းလှမ်းခေါ်ယူရန် စီစဉ်နေသည်။

မန်ယူသို့ ရောက်ရှိရေး လက်မလျှော့ဟု စတာကော်ပြောကြား

ရှက်တာဒိုးနက်အသင်းမှ ရော်နယ်ဒင်ဟိုလက်သစ်ကလေးဟု တင်စားခေါ်ဝေါ်ခြင်းခံရသူ ဘရာဇီးတောင်ပံကစားသမား ဒေါက်ကလပ်စ်စတာကော်က ၎င်းအနေဖြင့် မန်ယူသို့ရောက်ရှိရေး ကြိုးပမ်းမှုကို လက်လျှော့စွန့်လွှတ်မည်မဟုတ်ကြောင်း ပြောကြားသည်။

မွန်တီကာလိုတင်းနစ်ပြိုင်ပွဲ၌ အောင်မြင်မှုရရန် မာရေးမျှော်မှန်း

အသက် ၂၂ နှစ်ရှိ ဗြိတိသျှအဆင့်တစ် တင်းနစ်သမား အန်ဒီမာရေးသည် ယခုသီတင်းပတ်အတွင်း မိုနာကို၌ကျင်းပမည့် မွန်တီကာလိုရိုးလက်စ် မာစတာတင်းနစ်မြေမာကွင်းပြိုင်ပွဲတွင် အောင်မြင်မှုရရန် ရည်မှန်းထားသည်။

ဂျရတ်အား ဂျူဗင်းတပ်စ်က ကမ်းလှမ်း

လီဗာပူးကွင်းလယ်ကစားသမား ဂျရတ်အား နွေရာသီအပြောင်းအရွှေ့ကာလ၌ ခေါ်ယူရန် ကြိုးစားနေကြောင်း၊ ဂျရတ်ကဲ့သို့ ကစားသမားမျိုးသည် ဂျူဗင်းတပ်စ်ကွင်းလယ်၌ရှိသင့်ကြောင်း ဂျူဗင်းတပ်စ်ကလပ် တာဝန်ရှိသူများက ပြောကြားသည်။

နွေရာသီ၌ ကစားသမားခြောက်ဦး လီဗာပူး ဖြည့်တင်းမည်

လီဗာပူးနည်းပြ ရာဖေးလ်ဘင်နီတက်ဇ်သည် လာမည့်ဘောလုံးရာသီတွင် ကစားသမားအသစ်ခြောက်ဦးအထိ ဝယ်ယူဖြည့်တင်းမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

ဘင်နီတက်ဇ်၊ တောရက်စ်နှင့်မာရှေယာနိုတို့အား ဂျူဗင်းတပ်စ်ပစ်မှတ်ထား

လီဗာပူးနည်းပြဘင်နီတက်ဇ်၊ တိုက်စစ်မှူးတောရက်စ်နှင့် ကွင်းလယ်ကစားသမား မာရှေယာနိုတို့အား စီးရီးအေအသင်း ဂျူဗင်းတပ်စ်က ပစ်မှတ်ထားနေသည်။

လီဗာပူးအသင်း ပိုင်ရှင်အသစ် မည်သူဖြစ်လာမလဲ. . . .

မောင်မောင်မြင့်ဆွေ စုစည်းရေးသား၍ ဇင်မင်းသန့်(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် ဧပြီ ၁၂

အောင်မြင်မှုနှင့် ဝေးကွာနေသည့် လီဗာပူးအသင်းအား ပိုင်ရှင်များက ရောင်းချတော့မည်ဟု သတင်းထွက်ပေါ်လာသည်။ လီဗာပူးအသင်းပိုင်ရှင် အမေရိကန်ဘီလျံနာသူဌေးများဖြစ်သည့် တွမ်ဟစ်နှင့် ဂျော့ဂီးလက်တို့က ယခုသီတင်းပတ်ကုန်၌ လီဗာပူးအား ရောင်းချရန် ကြေညာတော့မည်ဖြစ်သည်။

ဆန္ဒရှိနေ

လီဗာပူးပရိသတ်များက အသင်း၏ လက်ရှိအနေအထားကို ယိုယွင်းမှုမဖြစ်စေရန် အချိန်ကာလတစ်ခုအထိ စောင့်ကြည့်ရန်ဆန္ဒရှိနေကြသည်။ လီဗာပူး၏ လက်ရှိအခြေအနေသည် အသင်း၏ဂုဏ်သိက္ခာကို ထိခိုက်နိုင်လောက်သော ဆိုးရွားသည့်အခြေအနေ မရောက်သေးကြောင်း ပြောကြားဝေဖန်လျက်ရှိသည်။

အကြွေးတင်

သို့သော်လည်း ကလပ်ပိုင်ရှင်များဖြစ်သည့် တွမ်ဟစ်နှင့်ဂျော့ဂီးလက်တို့တွင် လီဗာပူးကလပ်ကို ဝယ်ယူစဉ်က ချေးငွေများဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်သည်။ ထိုချေးငွေများကို စကော့တလန်ရှိုင်ရယ်ဘဏ်မှ ရယူခဲ့ခြင်းဖြစ်ပြီး ချေးငွေပေါင် ၂၃၇သန်း အကြွေးတင်လျက်ရှိနေသည်။ ရှိုင်ရယ်ဘဏ်ကထိုချေးငွေများကို လာမည့်ဇွန် ၃၁ရက် နောက်ဆုံးထားပြီး ပေးဆပ်ရန် အချိန်သတ်မှတ်ထားခဲ့သည်။

ဝယ်ယူခဲ့

၂၀၀၇ခုနှစ် နှစ်ဆန်းပိုင်းက လီဗာပူးအသင်းကို တွမ်ဟစ်နှင့် ဂျော့ဂီးလက်တို့ ဝယ်ယူခဲ့သည်။ ၎င်းတို့လက်ထက်တွင် အဓိက ဘောလုံးပြိုင်ပွဲများဖြစ်သည့် ချန်ပီယံလိဂ်နှင့် ပရီမီယာလိဂ်၌ လီဗာပူးတို့ အောင်မြင်မှု မရရှိခဲ့ချေ။ အဓိကပြိုင်ပွဲများ၌ ချန်ပီယံဖလားများ မသိမ်းပိုက်နိုင်သော လီဗာပူးတို့ အရပ်ရပ်စပွန်ဆာပေးမည့်ကုမ္ပဏီများ လက်တွန့်စေခဲ့သည်။ ထို့ကြောင့် နှစ်စဉ်အမြတ်အစွန်း များကျဆင်းလာသည်။ ထို့ကြောင့် ကြွေးမြီများ မဆပ်နိုင်ခဲ့ဘဲ နောက်ဆုံး အသင်းရောင်းချရမည့် အနေအထားသို့ ရောက်ရှိလာခြင်းဖြစ်သည်။

လီဗာပူးအသင်းပိုင်ရှင်များဖြစ်သော တွမ်ဟစ်နှင့် ဂျော့ဂီးလက်။

ကုန်ကျမည်

လီဗာပူးအတွက် မဖြစ်မနေ ငွေကြေးကုန်ကျမှုများ ရှိလာတော့မည်ဖြစ်သည်။ လာမည့်နွေရာသီ၌ ကစားသမားဝယ်ယူဖြည့်ဆည်းရေးအတွက် အနည်းဆုံး ပေါင်သန်း ၆၀ ခွင့်ပြုရန် နည်းပြဘင်နီတက်ဇ် တောင်းဆိုထားသည်။ ထို့အပြင် လီဗာပူး၏ လက်ရှိ အန်ဖီးလ်ကွင်းမှာလည်း ခေတ်မမီတော့ချေ။ ဘောလုံးကွင်းသစ် တည်ဆောက်ရန်အတွက်လည်း မဖြစ်မနေ ငွေကြေးသုံးစွဲရမည်ဖြစ်ရာ လီဗာပူးအသင်းပိုင်ရှင်များအနေဖြင့် ငွေကြေးပမာဏများစွာ ကုန်ကျရမည်ဖြစ်သည်။

ရှိုင်ရယ်တော်ဝင်ဘဏ်အနေဖြင့် ချေးငွေများကို ဆပ်နိုင်ရန်အတွက် အချိန်နောက်ထပ်ခြောက်လ ထပ်တိုးပေးရန် အစီအစဉ်ရှိနေသည်။ ထို့ကြောင့် လီဗာပူးအား ရောင်းချရန်အတွက် စဉ်းစားချင့်ချိန်ရန် အချိန်ရရှိနေသည်။ တွမ်ဟစ်နှင့် ဂျော့ဂီးလက်တို့ကလည်း လီဗာပူးကို အမှန်စင်စစ် မရောင်းချလိုကြချေ။

ထပ်မံလိုအပ်နေ

သို့သော် ၂၀၀၇ခုနှစ်က လီဗာပူးအသင်းကို ဝယ်ယူပြီးချိန်မှစတင်ကာ လီဗာပူးတို့ ဖလားတစ်လုံးမှ မဆွတ်ခူးနိုင်ခဲ့သည်ကလည်း တွမ်ဟစ်နှင့် ဂျော့ဂီးလက်တို့ စိတ်ပျက်စရာအချက်ဖြစ်ခဲ့ရသည်။ ယခုနှစ်၌လည်း ပရီမီယာလိဂ်တွင် စတုတ္ထနေရာရရှိရန် ခက်ခဲနေပြီဖြစ်သည်။ လာမည့်နှစ်၌ ချန်ပီယံလိဂ်ဝင်ခွင့်ရရန် မလွယ်ကူသည့် အနေအထားဖြစ်နေသည်။ လီဗာပူးအတွက် အောင်မြင်မှုရရန် ငွေကြေးရင်းနှီးမြှုပ်နှံမှု ထပ်မံလိုအပ်နေပြီဖြစ်ရာ ငွေကြေးအခက်အခဲနှင့် ရင်ဆိုင်နေရသော ကလပ်ပိုင်ရှင်များက သေချာပေါက်ရောင်းချတော့မည်ဖြစ်သဖြင့် ပိုင်ရှင်အသစ် မည်သူဖြစ်လာမည်ကိုသာ စောင့်ကြည့်ရတော့မည်ဖြစ်ပါကြောင်း။ ။ **(အင်တာနက်)**

လက်ရှိချန်ပီယံဘာကာတို့ ရီရဲကိုအနိုင်ယူ လာလီဂါဖလားကို ထပ်မံချိန်ရွယ်ပြန်

ဘာစီလိုနာ ဧပြီ ၁၂

စပိန်လာလီဂါပွဲစဉ် (၃၁)ကို ဧပြီ ၁၁ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ ဘာကာက ထိပ်တန်းပြိုင်ဘက် ရီရဲမက်ဒရစ်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိလိုက်ခြင်းဖြင့် စပိန်လာလီဂါဖလား ဆက်တိုက်ဆွတ်ခူးရန် သေချာသွားစေခဲ့သည်။



ဦးဆောင်နေ

ဘာကာအတွက် အနိုင်ဂိုးများကို ဇာဗီနှင့် မက်ဆီတို့က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ယင်းအနိုင်ဂိုးများကြောင့် ဘာကာတို့ လက်ရှိချန်ပီယံဆုဖလားကို ကာကွယ်ရန် အကောင်းဆုံး အနေအထားသို့ ရောက်ရှိခဲ့သည်။ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုရ တိုက်စစ်မှူး မက်ဆီသည် ယခုနှစ် ဘောလုံးရာသီအတွင်း ဘာကာအတွက် ဂိုး ၄၀မြောက်အဖြစ် သွင်းယူခဲ့သည်။ ဘာကာတို့ ယင်းအနိုင်ပွဲကြောင့် ရမှတ် ၈၀ဖြင့် အမှတ်ပေးဇယားထိပ်ဆုံး၌ ဦးဆောင်နေသည်။ ပြိုင်ဘက် ရီရဲမက်ဒရစ်က ၇၇မှတ်ဖြင့် ဒုတိယလိုက်နေသည်။ **(အင်တာနက်)**

ဂေါက်သီးအကျော် ဖီးလ်မိုက်ကယ်ဆင် တတိယအကြိမ်မြောက် မာစတာဖလားဆွတ်ခူး

အော်ဂတ်စတာ ဧပြီ ၁၂

ဂေါက်သီးကစားသမား ဖီးလ်မိုက်ကယ်ဆင်သည် အမေရိကန်နိုင်ငံ အော်ဂတ်စတာမြို့၌ ကျင်းပသည့် မာစတာဖလား ဂေါက်သီးရိုက်ပြိုင်ပွဲတွင် သတ်မှတ်ရိုက်ချက်ထက် ၁၆ချက် လျှော့ရိုက်ပြီး ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ခဲ့သည်။

မိုက်ကယ်ဆင်သည် အဆိုပါဖလား ဆွတ်ခူးနိုင်ခဲ့ခြင်းမှာ တတိယအကြိမ်မြောက် မာစတာဖလား ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။ အသက် ၃၉နှစ်ရှိ မိုက်ကယ်ဆင်သည် နောက်ဆုံးနေ့က သတ်မှတ်ရိုက်ချက်ထက် လေးချက်လျှော့ရိုက်နိုင်ခဲ့သည်။ ယင်းပြိုင်ပွဲတွင် အင်္ဂလိပ်ဂေါက်သီးကစားသမား လီဝက်စ်ဝုဒ်က ၁၃ချက် လျှော့ရိုက်ပြီး ဒုတိယလိုက်ခဲ့သည်။ တောင်ကိုရီးယား ဂေါက်သီးကစားသမား ကေဂျေချိုင်းက ၁၁ချက်သာလျှော့ရိုက်ခဲ့သည်။ ကမ္ဘာကျော် တိုက်ဂါးဝုဒ်သည် ပြိုင်ပွဲ၌ ပါဝင်ကစားခဲ့သော်လည်း ဖလားနှင့်လွဲခဲ့ရသည်။ (အင်တာနက်)

ဟဲဗီးဝိတ်ချန်ပီယံခါးပတ် ဟိုလီဖီးအလဲထိုးရယူ

လက်စ်ဗီးဂတ်စ် ဧပြီ ၁၂

ကမ္ဘာကျော်လက်ဝှေ့ချန်ပီယံဟောင်း အီဗန်ဒါဟိုလီဖီး (အပေါ်ဝဲပုံ)နှင့် တောင်အာဖရိက လက်ဝှေ့ကျော် ဖရန်း(စ်)ဘိုသာတို့ လက်စ်ဗီးဂတ်စ်မြို့၌ ထိုးသတ်ခဲ့ရာ ဟိုလီဖီးက ရှစ်ချီဖြင့် အလဲထိုးပြီး ချန်ပီယံဆုခါးပတ် ဆွတ်ခူးသွားသည်။

မျှော်လင့်

အသက် ၄၇နှစ်ရှိပြီဖြစ်သော ဟိုလီဖီးသည် အသက် ၄၁နှစ်အရွယ် ဘိုသာအား ရှစ်ချီမြောက်တွင် အလဲထိုးနိုင်ခဲ့သည်။ သို့သော် ဘိုသာက အစောပိုင်းအချီများတွင် ဟိုလီဖီးအား အကောင်းဆုံး ထိုးသတ်ယှဉ်ပြိုင်ခဲ့သည်။ ဟိုလီဖီးသည် ၂၀၀၈ခုနှစ် ဒီဇင်ဘာလနောက်ပိုင်း ပထမဆုံး ထိုးသတ်သည့်ပြိုင်ပွဲဖြစ်သည်။ ၎င်းသည် ယင်းအနိုင်ပွဲကြောင့် ချန်ပီယံဆုများ ထပ်မံဆွတ်ခူးရန် မျှော်လင့်ထားသည်။ ဟိုလီဖီးသည် ၁၉၉၁ခုနှစ်က ဒေါက်ကလပ်ကိုနိုင်ပြီး ပထမဆုံး ဟဲဗီးဝိတ်ချန်ပီယံ ဖြစ်လာခဲ့သည်။ (အင်တာနက်)

ပွန်တေးဗီဒရာ တင်းနစ်ပြိုင်ပွဲ ဝင်နီယာစကီ ဖလားဆွတ်ခူး

ဖလော်ရီဒါ ဧပြီ ၁၂

ဒိန်းမတ်တင်းနစ်မယ် ကာရိုလိုင်းဝင်နီယာစကီသည် ဖလော်ရီဒါ၌ ယှဉ်ပြိုင်ကစားသည့် ပွန်တေးဗီဒရာ တင်းနစ်ပြိုင်ပွဲတွင် ဘီလာရုစ်တင်းနစ်မယ် အိုဂါဂိုဗော့ဆိုဗာအား အနိုင်ရပြီး ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ခဲ့သည်။

ဆွတ်ခူးနိုင်ခဲ့

ကမ္ဘာ့နံပါတ်နှစ်အဆင့်ရှိ ဝင်နီယာစကီသည် အဆိုပါပြိုင်ပွဲတွင် ဘီလာရုစ်တင်းနစ်မယ်အား ၆-၂၊ ၇-၅ဖြင့် အနိုင်ရပြီး ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ ဝင်နီယာစကီသည် ယင်းဖလားဆွတ်ခူးနိုင်ခဲ့မှုကြောင့် ခုနစ်လုံးမြောက် ဒဗလျူတီအေဖလားအဖြစ် ဆွတ်ခူးနိုင်ခဲ့သည်။ **(အင်တာနက်)**

မြင့်မောင်စိုး-စုစည်းသည်

နှစ်(၅၀)ပြည့်ရွှေရတုမင်္ဂလာ

သမီးများမှစ၍ မြေးများထိအောင် အကြင်နာမေတ္တာကြီးမားစွာဖြင့် ကျွေးမွေးပြုစုခဲ့သော ဒယ်ဒီဦးစိုးရီနှင့် မာမီ ဒေါ်မူလေးတို့၏ ၂၀၁၀ခုနှစ် ဧပြီ၁၃ရက်တွင်ကျရောက်သော နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာမှသည် စိန်ရတုတိုင်အောင် ချမ်းသာကိုယ်စိတ်ပြည့်ဝစွာဖြင့် ချစ်သက်နှစ်တစ်ရာ တိုင်ပါစေလို့ ဆုတောင်းကန်တော့လိုက်ပါသည် —

ချစ်သမီးကြီး - ဗိုလ်မှူးနေလင်း(ငြိမ်း)-စိမ်းစိမ်းစိုး(ဘေဘီစိုး)
ခရိုင်အုပ်ချုပ်ရေးမှူး ရန်ကုန်မြောက်ပိုင်းခရိုင်

ချစ်သမီးလတ် - Mr. Steven Sunn (U.S.A)-နီလာစိုး

ချစ်သမီးငယ် - ဦးအေးသိုက်(A.E ဟံသာဝတီအိတ်ချိန်း၊ မြန်မာ့ဆက်သွယ်ရေး)-
ဝင်းဝင်းစိုး(Purshig Manager, Chatrium Hotel)

ချစ်မြေးများ - မောင်ဇေယျာနေလင်း(2nd Year, Mechanical Power၊
နည်းပညာတက္ကသိုလ်၊ လှိုင်သာယာ)
မောင်ရာဇာနေလင်း (Grade XI A ၊ အထက-၂၊ အင်းစိန်)
မောင်ဝင်းကိုကိုအောင် (Grade VI A ၊ အထက-၁၊ ဒဂုံ)
မောင်လင်းခန့်ထူးအောင်။

(၄၃)နှစ်မြောက်မင်္ဂလာဆုတောင်း

၁၄-၄-၂၀၁၀ရက်တွင်ကျရောက်သော ချစ်သော ဖေဖေနှင့်မေမေတို့၏ (၄၃)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သား၊ သမီး၊ ချစ်မြေးများနှင့်ပျော်ရွှင်စွာ ဆင်နွှဲနိုင်ပါစေ —

ချစ်သား၊ သမီးများ-
ညီညီနိုင်-စန်းသီတာဝင်း
မင်းနေကျော်ဝင်း
ဒေါက်တာဘုန်းမြင့်ထွန်း-စန်းစပယ်ဝင်း
ချစ်မြေးများ-
မြေးကြီး ကြာညိုသွယ်သင်း (မီးမီး)
မြေးလတ် ဝင်းမြတ်ရွှေစင်ထွန်း (သဲသဲ)
မြေးသားကြီး ဝင်းဘုန်းထွဋ်နိုင် (ဖိုးသကြံန်)
မြေးငယ်လေး ဝင်းခန့်လပြည့်ထွန်း (ဖိုးလပြည့်)။

(၃၉)နှစ်မြောက် မင်္ဂလာဆုမွန်လွှာ

ချစ်ဖေဖေ ဗိုလ်မှူးမြင့်အောင်(ငြိမ်း) M.D, INNWA SECURITY SERVICE Co.,Ltd.နှင့် ချစ်မေမေ ဒေါ်ခင်အေးမြင့် တို့၏ ၁၃-၄-၂၀၁၀ ရက်တွင် ကျရောက်သော (၃၉)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်ရက်မြတ်မှသည် နောင်နှစ်ပေါင်း(၁၀၀)တိုင်အောင် ချစ်သား၊ ချစ်သမီး၊ မြေး၊ မြစ်များနှင့် အတူ ကျန်းမာပျော်ရွှင်စွာနှင့် ဘဝခရီးလမ်းကို အတူလျှောက်လှမ်းနိုင်ပါစေဟု ဆုမွန်ကောင်းတောင်းလျက် —

မောင်စိုးမိုးအောင် (Hotel Storekeeper, Costa Crociere)-
မအေးသီတာအောင်
မောင်အောင်မြင့်ထွန်း (C/O, First Mate F.G - မအေးမိုးအောင်
မောင်ထက်မိုးအောင် - မချိုသဲလွင် (ချိုပုလဲစားသောက်ဆိုင်နှင့်စတိုး)
ချစ်မြေး - မအိပိုပိုအောင်၊ မောင်နေမျိုးခန့်။

လက်ထပ်မင်္ဂလာပြီးစီးပါကြောင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာလမ်း၊
အမှတ် ၂၆နေ
ဦးမျိုးဝင်း-ဒေါ်ယုရင်တို့၏သားငယ်
မောင်စန်းမြတ်
Business Management (Second Year)
(ခေတ္တ-တရုတ်တိုင်ပေ)
နှင့်
ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သိပ္ပံလမ်း၊ အမှတ် ၁၀၆နေ
ဒုတိယရဲမှူးကြီး မျိုးအောင်(ငြိမ်း)၊ သတင်းတပ်ဖွဲ့-
ဒေါ်ဂျယ်နီမြမြတို့၏ သမီးငယ်
မခင်သူအောင်
LL.B, B.A (Painting)
တို့သည် ၃၀-၃-၂၀၁၀ရက်တွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပြီး ၁၀-၄-၂၀၁၀ရက်တွင် မင်းကွန်း တိပိဋက ရွှေကျောင်းတော်၌ မင်္ဂလာဧည့်ခံပွဲ ကျင်းပပြီးစီး ပါကြောင်း။

မင်္ဂလာဆုမွန်

ကိုစန်းမြတ်-မခင်သူအောင်တို့ ဇနီးမောင်နှံ အတူတကွ ထာဝရပျော်ရွှင်ချမ်းမြေ့စွာဖြင့် နှစ်ပေါင်းများစွာ လျှောက်လှမ်း နိုင်ပါစေဟု ဆုတောင်းလျက် —

ချစ်သောမောင်နှမများ
မခင်ခင်အောင်၊ မသင်းသင်းဦး
မောင်မောင်ဦး၊ တေးတေးလေး။

မင်္ဂလာဦးဆုတောင်း

ဗိုလ်ကြီးအာကာအောင်သင်းနှင့် ဒေါက်တာ ဇင်သီတာမင်းတို့၏ မင်္ဂလာဦး ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် သာယာချမ်းမြေ့သော ဘဝ လမ်းကို လျှောက်လှမ်းနိုင်ပါစေ —

သူငယ်ချင်းများ
ဦး၊ ညဏ်၊ ထိန်၊ ဇင်၊ မျိုး-ဌေး။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကော့ကရင်ကျေးရွာနေ ဦးမြင့်လွင်-ဒေါ်တင်ချိုအောင်တို့၏သား မောင်သက်လွင်အောင် ၁၀/ပမန(နိုင်)၂၀၃၀၈၁သည် နေအိမ်မှ ၎င်း၏သဘောဆန္ဒအလျောက်ဆင်းသွားပါသဖြင့် ထိုနေ့မှစ၍ ကျွန်ုပ်တို့၏ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း နှင့် ၎င်း၏ ကိစ္စအဝဝကို လုံးဝတာဝန်မယူကြောင်း သိစေအပ်ပါသည်။

ဦးမြင့်လွင်-ဒေါ်တင်ချိုအောင်။

မီးအန္တရာယ် သတိပြုကာကွယ်

အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၅)ရပ်ကွက်၊ အမှတ်၆၀၂၊ နဝဒေးလမ်းနေ ဒေါ်သိန်းသိန်းပို၏ သမီး မမြသန္တာ(ခ)ပုံပုံသည် မိဘ ဆိုဆုံးမမှုကိုမနာခံဘဲ ဂုဏ်သိက္ခာကျ အောင်ပြုလုပ်နေသည့်အတွက် အမွေ ပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့် ပတ်သက်သောကိစ္စအဝဝကို တာဝန် ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။

ဒေါ်သိန်းသိန်းပို။

မီးပိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ

ဆားလင်းကြီးမြို့နယ်၌ စာကြည့်တိုက်ဆောက်လုပ်

ဆားလင်းကြီး ဧပြီ ၁၂

မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဒေါ်ခင်ဝင်းကြည် သည် မတ်၄ရက်က ပေါင်းဝကျေးရွာ ရတနာဦး စာကြည့်တိုက် ဆောက် လုပ်မှု အခြေအနေကို သွားရောက် ကွင်းဆင်း စစ်ဆေးပြီး မြို့နယ် ဦးစီးမှူးသည် စာကြည့်တိုက်ဆောက် လုပ်ရေးကော်မတီဝင်များနှင့် တွေ့ဆုံ ကာ သတ်မှတ်စံချိန်စံညွှန်း ပြည့်မီရေး နှင့် အချိန်မီပြီးစီးရေး ဆွေးနွေး ပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

ဖျာပုံမြို့ ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်သို့ ဆရာဇော်ဂျီ မိသားစုက ငွေလှူဒါန်း

ဖျာပုံ ဧပြီ ၁၂

ဖျာပုံမြို့ ဆရာဇော်ဂျီစာကြည့်တိုက် တည်ထောင်ဖွင့်လှစ်ခြင်း ဒုတိယ နှစ်ပတ်လည် အထိမ်းအမှတ် အခမ်းအနားကို ဧပြီ ၃ရက် ည၇နာရီက ယင်းစာကြည့်တိုက်ရှေ့မြက်ခင်းပြင်၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြကြိုင်က ဂုဏ်ပြုအမှာစကားပြောကြားသည်။

လက်ခံယူ

အခမ်းအနားတွင် ဆရာဇော်ဂျီ၏ ဇနီး ဆရာမကြီးဒေါ်စောရင်နှင့် သမီး များဖြစ်ကြသော ဒေါက်တာခင်မျိုးဟန်၊ ဒေါက်တာခင်လှဟန်၊ ဒေါက်တာ ခင်အုန်းဟန် မိသားစုတို့က စာကြည့်တိုက် ထာဝရငွေပဒေသာပင်သို့ ဒုတိယ အကြိမ်ထပ်ဖြည့်လှူဒါန်းငွေကျပ် ၂၂သိန်းကို မိသားစုကိုယ်စား ဆရာဇော်ဂျီ ၏ ညီမဖြစ်သူ အငြိမ်းစားတိုင်းလက်ထောက်ပညာရေးမှူး ဆရာမကြီး ဒေါ်လှမြင့်နှင့် ဆရာဇော်ဂျီ၏တူဖြစ်သူ အငြိမ်းစားမြို့နယ်ပညာရေးမှူး ဆရာကြီးဇော်သောင်းတို့က ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ထိန်းသိမ်းစောင့် ရှောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌဦးဝေမြင့်က လက်ခံယူသည်။ **(အပေါ်ပုံ)**

ဂုဏ်ထူးဆု

ဆက်လက်၍ ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် မြန်မာစာ ဂုဏ်ထူးရရှိခဲ့သည့် ဖျာပုံမြို့မှ ကျောင်းသားကျောင်းသူ ၁၁ဦးတို့အား မြန်မာစာ ဂုဏ်ထူးဆုများ ပေးအပ်ချီးမြှင့်၍ စာကြည့်တိုက်ဥက္ကဋ္ဌ ဦးမြင့်အောင် (ဖိုးအောင်လေး)က စာကြည့်တိုက်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး စာကြည့်တိုက်ကော်မတီဝင်များနှင့် စာကြည့်တိုက်အသင်းဝင်များအား ရင်းရင်း နှီးနှီးတွေ့ဆုံကာ စာကြည့်တိုက်ရေးရာကိစ္စများကို ဆွေးနွေးကြသည်။

(၃၈၃)

ငပုတောမြို့နယ်၌ ချမ်းမြေ့ဦးကျေးရွာစာကြည့်တိုက်ဖွင့်

ငပုတော ဧပြီ ၁၂

ပုသိမ်ခရိုင် ငပုတောမြို့နယ် ဖျန်ရေကျော်ကျေးရွာတွင် နိုင်ငံတော်မတည်ငွေနှင့် ကျေးရွာပြည်သူတို့၏ ထည့်ဝင်လှူဒါန်းငွေဖြင့် တည်ဆောက်ခဲ့သည့် ချမ်းမြေ့ဦးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၁၇ရက် နံနက် ၉နာရီက အဆိုပါအဆောက်အအုံသစ်ရှေ့၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့ဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအေးရွှေ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နန့်ဆွေနွယ်ဦး၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ပေးအပ်လှူဒါန်း

ထို့နောက် ဒုတိယရဲမှူးအေးရွှေက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးဒေါ်နန့်ဆွေနွယ်ဦးက စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး၊ စာဖတ်ရှိန်မြင့်မားရေး၊ စာအုပ် စာစောင်တိုးပွားရေး၊ ရန်ပုံငွေရရှိအောင်ဆောင်ရွက်ရေးကိစ္စများ ဆွေးနွေးပြောကြားကာ စာကြည့်တိုက်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်စာစောင် သုတရသမျိုးစုံ အုပ်၁၅၀ကို ပေးအပ်လှူဒါန်းသည်။

(မြို့နယ် ပြန်/ဆက်)

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိရာ ဆည်ကြီးကျေးရွာ စက်ရေတွင်း၊ ရေကန်၊ အင်ဂျင်၊ ကွန်ပရက်ဆာများ ကြံ့ခိုင်ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်မှု အခြေအနေကို အမှုဆောင် အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးမျိုးအောင် ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ဘဝအမောပြေ

မြေးအတွေး . . . .

အသက် ၈၀အရွယ်ရှိ အဘိုးဖြစ်သူက နေ့စဉ်နံနက် စောစောလမ်းထလျှောက်နေခြင်းနှင့်ပတ်သက်၍ အသက် ရှစ်နှစ်အရွယ် မြေးဖြစ်သူက ဖခင်ဖြစ်သူအား အောက်ပါအတိုင်း မေးမြန်းလေသည်–

မြေး ။ ။ ဒယ်ဒီ…အဘိုးက မနက်တိုင်းစောစောထပြီး လမ်းလျှောက်နေတာ ဘာဖြစ်လို့လဲ။
ဖခင် ။ ။ ကျန်းမာရေးကောင်းအောင်လို့ပေါ့ကွာ …။
မြေး ။ ။ လမ်းလျှောက်ရင် ကျန်းမာရေးကောင်းတာလား။
ဖခင် ။ ။ ကောင်းတာပေါ့။
မြေး ။ ။ ကျန်းမာရေးကောင်းတော့ ဘာဖြစ်လဲဒယ်ဒီ။
ဖခင် ။ ။ ရောဂါတွေ မဖြစ်ဘူးပေါ့ကွာ။
မြေး ။ ။ ရောဂါတွေမဖြစ်တော့ ဘာကောင်းလဲ ဒယ်ဒီ။
ဖခင် ။ ။ အသက်ရှည်တာပေါ့ကွာ။
မြေး ။ ။ ဘယ်လောက်အထိ အသက်ရှည်လဲဟင် ဒယ်ဒီ။
ဖခင် ။ ။ ဘိုးဘိုးအသက် ၁၀၀ ကျော်အထိ ရှည်နိုင်တာပေါ့သားရဲ့။
မြေး ။ ။ ဒါဆို … သိပ်မကောင်းဘူးနော်ဒယ်ဒီ။
ဖခင် ။ ။ ဘာဖြစ်လို့လဲ သားရဲ့။
မြေး ။ ။ ဘိုးဘိုးရဲ့ အမွေတွေရဖို့ အကြာကြီးစောင့်ရတော့မှာပေါ့…
ဖခင် ။ ။ ‘‘ဟေ’’

ဘဝဒဿန

* ***Making, life ''easy'' for children usually makes life ''hard'' for them in adulthood.***

ကလေးဘဝတွင် အလိုလိုက်ထားခဲ့ပါက အများအားဖြင့် အရွယ်ရောက်လာချိန်တွင် ၎င်းတို့၏ဘဝသည် ခက်ခဲကြမ်းတမ်းလေ့ရှိသည်။

(ဘားနတ်ရှော)

* ***Human faults are like garden weeds. They grow without cultivation and soon take over the place if they aren't thinned out.***

လူသားတို့၏ အပြစ်အနာအဆာများသည် ပန်းခြံထဲမှပေါင်းပင်များနှင့် တူ၏။ ၎င်းတို့သည် မစိုက်ပျိုးဘဲနှင့် ပေါက်လာလေ့ရှိ၏။ ၎င်းတို့ကို ရှင်းမပစ်ဘဲထားပါက မကြာမီထိုနေရာကို ဖုံးလွှမ်းသွားလေ့ရှိသည်။ ***(ရှိတ်စပီးယား)***

ကမ္ဘာတစ်လွှားထူးထူးခြားခြား

ကမ္ဘာတစ်လွှားထူးထူးခြားခြား

စုစည်းတင်ပြသူ – မောင်မောင်မြင့်ဆွေ

စာမျက်နှာဖွဲ့စည်းမှု – ခိုင်လွင် (မြန်မာ့အလင်း)

ကမ္ဘာပေါ်၌ တန်ဖိုးအမြင့်ဆုံးနေအိမ်

ဗြိတိန်နိုင်ငံ ဝင်လက်ဟမ်မြို့၌ တည်ရှိသော နေအိမ်ဖြစ်သည်။ အပန်းဖြေနားနေခန်း၊ ထမင်းစားခန်းအပါအဝင် အိမ်ခန်းပေါင်း ၁၀၃ ခန်းပါရှိသည်။ ရေချိုးခန်းပေါင်း ၂၂ခန်းပါရှိပြီး ရေပူ၊ ရေနွေး၊ ရေအေးတို့ဖြင့် ရွေးချယ်ရေချိုးနိုင်ရန် သီးခြား ဖွဲ့စည်းထားသည်။ လူ(၅၀)ဆံ့ ရုပ်ရှင်ကြည့်ရှုနိုင်ရန် အခန်းကျယ် တစ်ခန်းလည်းပါရှိသည်။ နေအိမ်ရှေ့တွင် ဂေါက်ကွင်းပါရှိပြီး ရေကူးကန်ကိုလည်း စနစ်တကျထည့်သွင်း တည်ဆောက်ထားသည်။ ဘက်ကင်ဟမ် နန်းတော်ထက် အဆောက်အအုံအရွယ်အစား ပိုမိုကြီးမားသည်။ ယင်းအိမ်၏ ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၁၃၈ သန်း သတ်မှတ်ထားရာ ကမ္ဘာပေါ်တွင် တန်ဖိုးအမြင့်ဆုံး နေအိမ်အဖြစ် ဧပြီ ၃ရက်၌ ဂင်းနက်စ် မှတ်တမ်းတင်ခြင်းခံရသည်။ ***(အောက်ပုံ)*** ***(အင်တာနက်)***



စာရွက်အများဆုံး လက်နှိပ်စက် ရိုက်နိုင်သူ

အီတလီနိုင်ငံ ကမ်ပိုဘာဆိုမြို့သား မိုက်ကယ်လီဆန်တီလီရာ ***(ဝဲပုံ)****သည် စာမျက်နှာပေါင်း ၂၄၁၅၄ ရွက်၊ စာကြောင်း အရေအတွက် ၅၁၆၄၉ရွက်ကို မရပ်မနား လက်နှိပ်စက်ဖြင့် ရိုက်နိုင်ခဲ့ရာ ကမ္ဘာပေါ်တွင် စာရွက်အများဆုံး လက်နှိပ်စက် ရိုက်နိုင်သူအဖြစ် ဧပြီ ၄ရက်တွင် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။* ***(အင်တာနက်)***

တစ်မိနစ်အတွင်း ချောကလက် အများဆုံး စားနိုင်သူ

ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့သား ဂျင်လန်ဗီ *(ယာပုံ)****သည် တစ်မိနစ်အတွင်း အနံ ၄း၂လက်မ အလျားခြောက်လက်မ ရှိသော ချောကလက်ပြားပေါင်း ခုနစ်ခုကို ကုန်စင်အောင် စားပြနိုင်ခဲ့သဖြင့် ကမ္ဘာပေါ်တွင် တစ်မိနစ်အတွင်း ချောကလက် အများဆုံး စားနိုင်သူအဖြစ် ဂင်းနက်စ် မှတ်တမ်း၌ ဧပြီ ၃ရက်က ဖော်ပြခံရသည်။***

(အင်တာနက်)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်ဆိုသူများ

တိုး၊ မောင်မောင်ဆွေ၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ တင်မာဝင်းနှင့် မြကေခိုင်စိုး

နိုင်ငံတကာမှုခင်း

ချစ်သူတွက်တာ မြှုပ်နှံလိုက်ရသည့်ပမာ

‘‘၁၆ နှစ်တစ်ရက်လျော့တယ့်၊ အပုံမသင်တသင်အရွယ်….၊ စိတ်ကလေးကလည်း မနူးမနပ် သေးတယ်….’’

အင်တာနက် မှုခင်းသတင်းဆောင်းပါးလေးကို စိတ်ဝင်တစားဖတ်ရှုမိရာက ဖော်ပြပါ သီချင်းလေးတစ်ပုဒ်ကို ကောက်ခါငင်ခါ သီဆိုလိုက်မိခြင်းပါ။

သည်သီချင်းလေးနှင့် အင်တာနက်သတင်းဆောင်းပါးသည် တစ်ခုနှင့်တစ်ခု တိုက်ဆိုင်သည်ဟု မပြောနိုင်သော်လည်း ခိုင်းနှိုင်းကြည့်လို၍ဟုဆိုသော် ရကောင်းတန်ပါရဲ့။ သူမ၏အရွယ်သည် ကြီးပြီဟုမပြောသာသော်လည်း ငယ်သေးသည်ဟူ၍ကား မဆိုနိုင်ပေ။

သူမ၏မျက်နှာသည် အရွယ်ကိုမခန့်မှန်းနိုင်လောက်အောင် နုနယ်နေသည်ဟု ဆိုနိုင်သည်။ အဘယ့်ကြောင့်ဆိုသော် ကလေးမျက်နှာနှင့် ချွတ်စွတ်တူနေသောကြောင့်ပင်။

သူမ၏အမည်က ကွတ်နီရှူးဟော့။ သူမသည် သူမ၏ ရှေ့နေနှင့်တွေ့ဆုံရချိန်၌ အသက် (၁၆)နှစ် ရှိနေပေပြီ။

သည်အရွယ်ကို မရင့်ကျက်သေးဟု ပြောရလည်းခက်၊ ရင့်ကျက်ပြီဟုဆိုရန်လည်း မလွယ်။ စကော့စက အရွယ်လေ။

ကွတ်နီရှူးဟော့ဆိုသည့် အဆိုပါမိန်းကလေးက ‘‘ကျွန်မဟာ ကျွန်မရဲ့ ဖခင်ဖြစ်သူကို သတ်ဖြတ်ပြီး ရှင်းပစ်ဖို့တခြားသူတစ်ဦးနဲ့ လျှို့ဝှက်ပူးပေါင်းကြံစည်ခဲ့ပါတယ်။ ဒီလူသတ်မှု အထမြောက် အောင်မြင်အောင် အသက်(၂၀)အရွယ်ရှိ အမျိုးသား အပေါင်းအသင်းတစ်ဦးရဲ့ အကူအညီကို ရယူခဲ့ရပါတယ်။ ဒီအမျိုးသားက ကျွန်မရဲ့ ချစ်သူပါ’’ဟူ၍ တရားသူကြီးရှေ့၌ ဖြောင့်ချက်ပေးခဲ့သည်။ ကိုင်း–ယုံစရာပေလား၊ မယုံစရာလား။

ရှာဖွေတွေ့ရှိ

အသက်(၄၈)နှစ်အရွယ်ရှိ ဖခင်ဖြစ်သူ စတီဗင်ရှူးဟော့ဆိုသူ သူတို့မိသားစု နေထိုင်ရာ ဖလော်ရီဒါပြည်နယ် အော်လ်တာမွန်တေးစပရင်းရှိနေအိမ်တွင် ၂၀၀၄ခုနှစ် ဖေဖော်ဝါရီ ၁၀ရက်က ရိုက်သတ်ခံထားရသည်ကို ရဲများက တွေ့ရှိသည်။ သတင်းအရ ရှာဖွေတွေ့ရှိခြင်းပါ။

ဤသို့ဖြင့် စတီဗင်ရှူးဟော့ ရိုက်သတ်ခံရခြင်း အကြောင်းရင်းဇာစ်မြစ်ကို ရှာကြပါစို့။ ကွတ်နီရှူးဟော့သည် သူမတွဲခုတ်နေသူ ငယ်ရည်းစား မိုက်ကယ်မော်ရင်းနှင့် အထက်တန်းကျောင်းသားဘဝတွင် တစ်ကျောင်းတည်းသားချင်း တွေ့ဆုံခဲ့ကြခြင်း ဖြစ်သည်။ ငယ်ရည်းစားမို့ တစ်ဦးကိုတစ်ဦး သံယောဇဉ်ကြီးမားကြ၏။ မခွဲနိုင်မခွာရက်

ကွတ်နီရှူးဟော့

မိုက်ကယ်မော်ရင်း

ဖြစ်ပြီး ချစ်ကြိုးမျှင်များ ရှုပ်ထွေးနေအောင် ရစ်ပတ်နေချိန်မျိုးကိုး။ အချစ်အတွက်ဆို ဘာလုပ်ရ လုပ်ရလေ။ ထိုအခြေအနေမျိုးတွင် ကွတ်နီသည် ပညာသင်ကြားရန် စိတ်မဝင်စားတော့။ မိုက်ကယ်မော်ရင်းကိုသာ စားလည်းသည်စိတ်၊ သွားလည်းသည်စိတ်၊ အိပ်လည်း မပျော်၊ စားလည်းမဝင် ဖြစ်ရပေပြီ။

ပညာဖွံ့ဖြိုးရေးကျောင်း

ထို့ကြောင့် ကျောင်းကထွက်လိုက်သည် ဆိုပါစို့ဗျာ။ သို့သော် ပညာအဆက်မပြတ်အောင် အထွေထွေ ပညာဖွံ့ဖြိုးရေးကျောင်း(ဂျီအီးဒီ)ကို ဆက်တက်၏။ မည်သို့ပင်ဖြစ်စေ ချစ်သူချင်းအဆက်မပြတ် တစ်ရက်ဝေးသည်ကိုပင် တစ်သက်ဆွေးရသည့် အခြေအနေမျိုးဖြစ်၍ ရင်ဖွင့်၍လည်းမကုန်။ ဤတွင် ကွတ်နီ၏ ရည်းစားမိုက်ကယ်မော်ရင်းအကြောင်းကိုလည်း တစ်စွန်းတစ်စ သိထားဖို့ လိုမည်ထင်၏။ မိုက်ကယ်မော်ရင်းသည် သူ့ဖခင်၏ မော်တော်ကားခိုးမှုဖြင့် ခံဝန်ချုပ်နှင့် နေထိုင်ရသူ။

ထိုအချိန်တွင် မိုက်ကယ်မော်ရင်းသည် ချစ်သူကွတ်နီရှူးဟော့၏ ဆော်ဩချက်အရ ကွတ်နီရှူးဟော့၏ ဖခင်ဖြစ်သူကို အသေသတ်ရပေတော့မည်။ ချစ်သူစကားမို့ မလွန်ဆန်နိုင်တော့။ မယားခိုင်း၍ ဓားမဆိုင်းချင်တော့။

ထိုသို့တပြီးကား–

မိုက်ကယ်မော်ရင်းသည် ကွတ်နီရှူးဟော့၏ဖခင် စတီဗင်ရှူးဟော့၏ အိပ်ရာခုတင်ရှိရာသို့ ချွတ်နင်းပြီး ဝင်သည်။ တိတ်တခိုးဝင်အိပ်သည်။ ချက်ပိုင်သည်နှင့်တစ်ပြိုင်နက် စတီဗင်ရှူးဟော့ကို အသေရိုက်သတ်လိုက်သည်။ အစအနမပေါ်အောင် သတ်လိုက်သည်။

ကွတ်နီရှူးဟော့နှင့် မိုက်ကယ်မော်ရင်းတို့ စုံတွဲသည် ဝါးတားဖို့လိတ်သို့လည်း မောင်းသွား၊ ထိုနေရာသည် တစ်ချိန်က ရှူးဟော့တို့ သားအဖတစ်တွေ နေထိုင်ခဲ့ကြသော နေရာဟောင်းဖြစ်၊ လွမ်းတော့လည်း လွမ်းစရာလေးပါ၊ မိုက်ကယ်မော်ရင်း၏ ပြောစကား အရဆိုလျှင် ကွတ်နီရှူးဟော့သည် ထိုနေရာရှိ နေအိမ်ကို ရောင်းလိုက်သည့် ဖခင်အား အတော်ပင် မကျေမနပ်ဖြစ်ပြီး စိတ်ဆိုးဒေါသဖြစ်ရသည် ဆိုကိုး။

ပိပိရိရိ။ ထူးခြားသည်မှာ စတီဗင်ရှူးဟော့ သေဆုံးပြီးချိန်၌ မိုက်ကယ်မော်ရင်း၏ ဖခင်က ရဲကိုတင်ပြသည်မှာ ‘‘ကျုပ်သား ပျောက်နေသည်မှာ ကြာပြီ’’ ဟူ၍။

ရဲစခန်းတွင် ကွတ်နီရှူးဟော့ကပြောပြသည့် ဇာတ်လမ်းလေးကို အတိုချုပ်ပြန်ပြောပြရပါလျှင် ကွတ်နီရှူးဟော့နှင့် မိုက်ကယ်မော်ရင်းတို့သည် လူသတ်မှုမကျူးလွန်မီလေးတွင် ကွတ်နီရှူးဟော့တို့နေထိုင်ရာ တိုက်ခန်းနှင့်မနီးမဝေး ဓာတ်ငွေ့ဆိုင်တစ်ဆိုင်နား၌ အချိန်ဖြုန်းပြီး ကွတ်နီးရှူးဟော့၏ဖခင် စတီဗင်ရှူးဟော့အကြောင်းကို အတင်းပြောနေကြသေးသည်။ ‘‘ငါ့ဖခင်ဟာ ငါ့ကိုမညှာမတာ ရိုက်တယ်၊ အကြင်နာကင်းတယ်၊ သားသမီးတစ်ယောက်လို့တောင် မထင်ဘူး တော်တော့်ကိုဆိုးပါတယ်’’ဟူ၍ ကွတ်နီရှူးဟော့က မိုက်ကယ်မော်ရင်းကို မျက်ရည်စတွေနှင့် ပြောပြခဲ့သည်။ ‘‘ဒီတိုက်ခန်းကို ငါတို့ အပိုင်လိုချင်တယ်’’ ဟူ၍လည်း ကွတ်နီရှူးဟော့က ဒွဲဒိုးပြောပြဖူးသတဲ့။

သံယောဇဉ်ဖြစ်

ကွတ်နီရှူးဟော့နှင့်သူမ၏ဖခင်တို့သည် ဈေးတစ်ဈေးနှင့်အဝေးပြေးလမ်းမကြားကျားကန်ရမတတ် ရင့်ရော်နေသည့် တိုက်ခန်းအိုတစ်ခန်းတွင် နေထိုင်ခဲ့ကြသည်။ ဒီတိုက်ခန်းအိုကို ကွတ်နီ သံယောဇဉ်ဖြစ်နေသည် ဆို၏။

ကွတ်နီရှူးဟော့နှင့် မိုက်ကယ်မော်ရင်းတို့အကြောင်း ဆက်ကြဦးစို့။ သူတို့သည် မိသားစုပျော်ရွှင်ဖွယ်ရာ ဟာသဇာတ်ကားများကို ကြည့်ရှုကြသေးသည်။ ပြီးမှသူတို့ လုပ်ရန်ကြံစည်ထားသည့် အလုပ်ကို ဆက်လုပ်ကြလေရဲ့။

နာရီပိုင်းအကြာတွင် စတီဗင်ရှူးဟော့ ရိုက်သတ်ခံလိုက်ရတော့သည်။

အသံဖမ်းထားသည့် ရဲစစ်ချက်များတွင် ကွတ်နီရှူးဟော့က ‘‘၂၀၀၄ခုနှစ် ဖေဖော်ဝါရီ ၁၀ရက် ည ၁နာရီခွဲတွင် မိမိခွေးနှင့်အတူ နေအိမ်မှထွက်ပြီး လမ်းလျှောက်ခဲ့ကြောင်း၊ မိမိအိမ်ပြန်လာသည့်အချိန်တွင် မိုက်ကယ်မော်ရင်းသည် သွေးသံရဲရဲဖြင့် အပြင်ထွက်လာပြီး မိမိကို တိုးတိုးလေးပြောပြကြောင်း၊ ကိစ္စ ပြီးသွားပြီ’’တဲ့။

၂၀၀၄ခုနှစ် ဖေဖော်ဝါရီ ၉ရက် သန်းခေါင်ကျော်သည်အထိ တိုက်ခန်းဘေးရှိ တင်းနစ်ကွင်းတွင် မိုက်ကယ်မော်ရင်းနှင့်အတူ အချိန်ဖြုန်းပြီး ဖခင်ဖြစ်သူကိုသတ်ရန် စောင့်စားနေခဲ့ကြောင်း၊ ဤအချိန်တွင် မိမိဖခင်ဖြစ်သူ အိပ်ပျော်နေကြောင်း ကွတ်နီရှူးဟော့က ရဲကို ထွက်ဆိုသဗျ။

ကွတ်နီရှူးဟော့သည် ဖခင်ဖြစ်သူ စတီဗင်ကိုသတ်ဖြတ်ရန် မိုက်ကယ်မော်ရင်းအား ဘေ့စ်ဘောဘတ်တံကို ယူပေးခဲ့ကြောင်းလည်း ရဲကိုအစစ်ခံလေရဲ့လေ။

စတီဗင်ရှူးဟော့ကို ရိုက်သတ်ခဲ့ပြီးနောက် ကွတ်နီရှူးဟော့နှင့် မိုက်ကယ်မော်ရင်းတို့စုံတွဲသည် စတီဗင်ရှူးဟော့၏ ပိုက်ဆံအိတ်နှင့် ကားကိုယူပြီး တစ်နာရီလျှင်မိုင် ၂၀နှုန်းဖြင့် အော်လန်ဒိုရှိ မိုက်ဒိုနယ်၏ စကြဝဠာစတူဒီယိုဆီသို့ မောင်းထွက်ခဲ့သည်။ ရန်ခုန်သံကား ညံလေတုန်း။

ကွတ်နီရှူးဟော့နှင့် မိုက်ကယ်မော်ရင်းတို့စုံတွဲသည် ဝါးတားဖို့လိတ်သို့လည်း မောင်းသွားသေးသည်။ ထိုနေရာသည် တစ်ချိန်က ရှူးဟော့တို့သားအဖတစ်တွေ နေထိုင်ခဲ့ကြသော နေရာဟောင်းဖြစ်၏။ လွမ်းတော့လည်း လွမ်းစရာလေးပါ။ မိုက်ကယ်မော်ရင်း၏ ပြောစကားအရဆိုလျှင် ကွတ်နီရှူးဟော့သည် ထိုနေရာရှိ နေအိမ်ကို ရောင်းလိုက်သည့်ဖခင်အား အတော်ပင် မကျေမနပ်ဖြစ်ပြီး စိတ်ဆိုးဒေါသဖြစ်ရသည် ဆိုကိုး။

တစ်သက်တစ်ကျွန်း

ယင်းအမှုနှင့်ပတ်သက်၍ တရားရုံးတရားသူကြီးက ခံဝန်ချုပ်ဖြင့်လွှတ်ပေးခြင်းမျိုး (ပြစ်ဒဏ်ကာလမစေ့မီ ကတိဝန်ခံချုပ်ဖြင့် အကျဉ်းသားကိုလွှတ်ပေးခြင်းမျိုး) မပြုလုပ်ဘဲ တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ချမှတ်လိုက်ပါ သတဲ့။

ကွတ်နီရှူးဟော့က ယင်းပြစ်မှုသည် မိမိကျူးလွန်သည့်ပြစ်မှုသာဖြစ်သည်ဟု အကြိမ်ကြိမ်ဝန်ခံပြီး မိမိချစ်သူ မိုက်ကယ်မော်ရင်းတွင် အပြစ်မရှိပါဟု အဖန်ဖန်ပြောသေးကြောင်းပါဗျာ….။

သည်အမှု၌ မည်သူ့တွင် အပြစ်ရှိပါလိမ့်။ ။

ကိုးကား – အင်တာနက်

ဆွေ–ရေးသားသည်

(၆၅)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြု အုတ်ဖို တောင်ကုန်းကျေးရွာချောင်းကူးတံတားဖွင့်

အုတ်ဖို မတ် ၃၀

ပဲခူးတိုင်း(အနောက်ပိုင်း) အုတ်ဖိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဆောက်လုပ်သော တောင်ကုန်းကျေးလက်ဖွံ့ဖြိုးရေး ချောင်းကူးတံတား ဖွင့်ပွဲအခမ်းအနားကို မတ် ၂၀ရက် နံနက် ၉နာရီက အဆိုပါတံတားမုခ်ဦး၌ ကျင်းပရာ ရှေးဦးစွာ တံတားဆောက်လုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်မြင့်စိုးက တံတားဆောက် လုပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် တက်ဆွဲကျေးရွာမှ ဒေသခံ ပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ဖဲကြိုးဖြတ် ဖွင့်လှစ်

ဆက်လက်၍ တံတားဖွင့်ပွဲကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးထွန်းဇော်၊ တံတားဆောက်လုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် တောင်ကုန်း ကျေးရွာအုပ်စု ဥက္ကဋ္ဌတို့က ကျေးလက်ဖွံ့ဖြိုးရေးချောင်းကူးတံတားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ရောင်းဝယ်ဖောက်ကားနိုင်

အဆိုပါတံတားကို ကျေးလက်ဖွံ့ဖြိုးရေးရန်ပုံငွေကျပ်ခုနစ်သိန်းနှင့် ကျေးရွာအုပ်စုများမှ ပြည်သူများ ထည့်ဝင်လှူဒါန်းငွေကျပ် ၃၆ သိန်း စုစုပေါင်း ငွေကျပ် ၄၃သိန်း ကုန်ကျခံ ဆောက်လုပ်ခဲ့ရာ ဒေသခံများ ရာသီမရွေးဒေသထွက်ကုန်များ ရောင်းဝယ်ဖောက် ကားနိုင်ကြပြီ ဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

မြို့နယ်သတင်း ထွေတလာ

စစ်မှုထမ်းဟောင်းအဖွဲ့ဝင် အသက် ၇၀အထက်နှင့် မသန်စွမ်းအဖွဲ့ဝင်များအား ကျိုက်ထို၌ ထောက်ပံ့ငွေပေးအပ်

ကျိုက်ထို ဧပြီ ၅

ကျိုက်ထိုမြို့နယ်တွင် စစ်မှုထမ်း ဟောင်းအဖွဲ့ဝင် အသက်၇၀ အထက်နှင့် မသန်စွမ်းအဖွဲ့ဝင်များ ထောက်ပံ့ငွေ ပေးအပ်သည့်အခမ်းအနားကို မတ် ၂၇ရက် က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ နာယက နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးချုပ်တောက်ထွန်းနှင့် အရာရှိများ၊ မြို့နယ်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင် အောင်ဝင်းနှင့် ဌာနဆိုင်ရာများ၊ မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဦးနေထက် ရှိန်နှင့် အဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့ များ တက်ရောက်ကြသည်။

ဆက်လက်၍ ဗိုလ်မှူးချုပ်တောက်ထွန်း **(ဝဲအပေါ်ပုံ)**က စစ်မှုထမ်းဟောင်းအဖွဲ့ဝင် အသက်၇၀ အထက်နှင့် မသန်စွမ်းအဖွဲ့ဝင် ၄၇ဦးအတွက် ချီးမြှင့်ထောက်ပံ့ငွေကျပ် ၁၄၁၀၀၀ကို လည်းကောင်း၊ ဗိုလ်မှူးကြီး အောင်ကျော်ဦး၊ ဗိုလ်မှူးကြီးမောင် မောင်အေးနှင့် မြို့နယ်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင် အောင်ဝင်းတို့က အသက်၇၀ အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၃၉ဦးအတွက် ချီးမြှင့်ထောက်ပံ့ငွေကျပ် ၃၉၀၀၀၀ ကို လည်းကောင်း၊ မြို့နယ်စစ်မှုထမ်းဟောင်း အဖွဲ့ဥက္ကဋ္ဌ ဦးနေထက်ရှိန်က မသန်စွမ်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ရှစ်ဦးအတွက် ချီးမြှင့်ထောက်ပံ့ငွေကျပ် ၁၅၀၀၀၀ ကို လည်းကောင်း ပေးအပ်ရာ တာဝန်ရှိသူ များက လက်ခံယူကြသည်။

(မြို့နယ် ပြန်/ဆက်)

တန့်ယန်းမြို့၌ နွေရာသီသင်တန်းများဖွင့်

တန့်ယန်း ဧပြီ ၃

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့ အခြေခံပညာအလယ်တန်း ကျောင်း၌ နွေရာသီသင်တန်းပေါင်းစုံ ဖွင့်ပွဲကို မတ် ၂၈ရက်က အဆိုပါ ကျောင်းရှိ သင်တန်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှအေး က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး သင်တန်းကို ဖွင့်လှစ်ပေးသည်။

တက်ရောက်

အဆိုပါသင်တန်းတွင် ရှေးဦးပြုစုခြင်း အခြေခံအဆင့် သင်တန်းကို နည်းပြဦးမင်းလွင်ဦးက ပို့ချပေးပြီး သင်တန်းသား ၇၂ဦး တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ ဆက်)

ကောလင်းမြို့နှင့် တောင်မော်ကျေးရွာ ဆက်သွယ်သောလမ်းပေါ်ရှိ အရှည် ၄၅ပေ၊ အကျယ် ၂၅ပေရှိ သစ်သားတံတားဆောက်လုပ်နေမှုကို မြို့နယ်စည်ပင် သာယာရေးအဖွဲ့မှ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မော်လီဌေးနှင့် အမှုဆောင်အရာရှိ ဦးတင့်ဝေတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ဘဝအလင်းရောင်စာကြည့်တိုက် ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲ မကွေးတိုင်း ကံမမြို့နယ်၌ကျင်းပ

ကံမ ဧပြီ ၅

မကွေးတိုင်း သရက်ခရိုင် ကံမမြို့နယ် ကဒူးပြင်ကျေးရွာတွင် ဘဝအလင်းရောင် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၂ရက် နံနက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဆွေဝင်း၊ ခရိုင်ဦးစီးအရာရှိ ဦးလှမျိုးအောင်နှင့်အုပ်စု ဥက္ကဋ္ဌ ဦးလှသိန်းတို့က အဆောက်အအုံ သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အကုန်အကျခံ

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးကျော် ဆွေဝင်းက အမှာစကားပြောကြားပြီး ခရိုင်ဦးစီးအရာရှိ ဦးလှမျိုးအောင်က စာကြည့်တိုက် ရေရှည် တည်တံ့ခိုင်မြဲရေး၊ မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဆင့်က စာဖတ်ခြင်း အကျိုးကျေးဇူးများအကြောင်း ဆွေးနွေးကြသည်။ ဆက်လက်၍ လှူဒါန်းပွဲ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌက စာကြည့်တိုက် ငွေပဒေသာပင်အတွက် အလှူငွေကျပ် တစ်သောင်းနှင့် လစဉ်ထုတ် သတင်းစာ ငါးလစာ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနက စာအုပ်မျိုးစုံ ၂၀၀၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ဂျာနယ် မျိုးစုံ ၁၀၀နှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက စာအုပ်မျိုးစုံ ၅၀တို့ကို အသီးသီး ပေးအပ်လှူဒါန်းရာ အုပ်စု ဥက္ကဋ္ဌနှင့် စာကြည့်တိုက်ကော်မတီ ဝင် ဦးတင်ကြိုင်တို့က လက်ခံယူကြသည်။ အဆိုပါ စာကြည့်တိုက်မှာ အလျား ၁၅ပေ၊ အနံ ၁၈ ပေ၊ သွပ်မိုး၊ အုတ်နှင့်ထရံကပ်၊ သမံတလင်းခင်း အမျိုးအစားဖြစ်ပြီး ငွေကျပ် ၁၁သိန်းကျော် အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

(မြို့နယ် ပြန်/ ဆက်)

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ် မြေစာရင်းဦးစီးဌာန အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၂၆ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထင်ကျော်၊ မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းအေးနှင့် ဒုတိယဦးစီးမှူး ဦးထိန်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်ပြန်/ဆက်)

စာကြည့်တိုက် စာငှားကတ်စနစ်ကျင့်သုံးရေး ဆွေးနွေး

ကျောက်တလုံးကြီး ဧပြီ ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ကျောက်တလုံးကြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းဆိုင်စိန်နှင့် ရုပ်သံကျွမ်းကျင်-၃ ဒေါ်နှင်းရီတို့သည် မတ် ၂၅ရက်က နောင်ခဲကျေးရွာအုပ်စု နောင်ခဲအနောက်ရွာ ပညာဂုဏ်ရောင် စာကြည့်တိုက်သို့ သွားရောက်၍ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ စာကြည့်တိုက် ကြီးကြပ်မှုကော်မတီများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ မြို့နယ်ဦးစီးမှူးဒေါ်နန်းဆိုင်စိန်က ကျေးရွာစာကြည့်တိုက်များ စာငှားကတ် စနစ်ကျင့်သုံးရေး၊ စာအုပ်နှင့်ရန်ပုံငွေတိုးပွားရေး၊ စံ (၅)ချက်နှင့်ညီသည့် စာကြည့်တိုက် ဖြစ်ပေါ်အောင် ဆောင်ရွက်ရေးကိစ္စများ ရှင်းလင်းဆွေးနွေးသည်။ ***(မြို့နယ်ပြန်/ဆက်)***

ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး (၉) အများပြည်သူများ စုပေါင်း၍ ဆောက်လုပ်သော အလင်းရောင်စာကြည့်တိုက်ကို မတ် ၂၉ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး သန်းဌေးဦး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်း သန်းဝေတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင်ပြန်/ဆက်)

ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဟောပြောပွဲ မိတ္ထီလာမြို့၌ ကျင်းပ

မိတ္ထီလာ ဧပြီ ၉

ကြက်ငှက်တုပ်ကွေးရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ လူထုအသိပညာပေး ဟောပြောပွဲ အခမ်းအနားကို မတ် ၂၈ရက် က မိတ္ထီလာခရိုင် မွေးမြူရေးနှင့် ကုသ ရေးဦးစီးဌာန၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ညွှန်ကြားရေးမှူး ချုပ် ပါမောက္ခဒေါက်တာမြင့်သိန်း **(ယာအပေါ်ပုံ)**က အမှာစကားပြောကြားပြီး ညွှန်ကြားရေးမှူး ဒေါက်တာအုန်းကျော်က ကြက်ငှက် တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာများကို ဇယားကားချပ်များ ဖြင့် ရှင်းလင်းပြောကြားသည်။

ပေးအပ်

ထို့နောက် ညွှန်ကြားရေးမှူးချုပ်က မွေးမြူရေးလုပ်ငန်းရှင်များ၊ ရောင်းဝယ်သူ များအား ဆေးပစ္စည်းလက်ဆောင်နှင့် လက်ကမ်းစာစောင်များ ပေးအပ်သည်။

(ခရိုင် ပြန်/ ဆက်)

ညနေပိုင်း ထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်း၊ ဟင်းချက်ပြုတ်ခြင်းမပြုစေရန်။

(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ၊ အထူးသတိပြုသုံးစွဲရန်။

13-4 (16).pmd 1 4/13/2010, 1:28 AM

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

စိုက်ပျိုးရေးသုံး သဘာဝမြေသြဇာများကို တစ်တင်းခွဲအလေးချိန်ပြည့် ချိန်တွယ်ကာ ရောင်းချရန်အတွက် အိတ်များ ဤသို့ စနစ်တကျ ချုပ်ပေးလျက်ရှိသည်။

သဘာဝပတ်ဝန်းကျင် သန့်ရှင်းစေဖို့ သဘာဝမြေသြဇာ ထုတ်လုပ်သုံးစွဲကြစို့

သတင်းခရီးသည်
သတင်းထောက်-စဥ့်ကူစိုးဝင်း

ဓာတ်ပုံမှတ်တမ်း
သတင်းထောက်
ဖြိုးစည်သူ(အင်းစိန်)

စာမျက်နှာဖွဲ့စည်းမှု
ဝင်းချို (မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၁၂

ပဲခူးမြို့စည်ပင်လုပ်ငန်းများကား ထူးခြားသည်။ စိတ်ဝင်စားဖို့လည်းကောင်းသည်။ သတင်းအဖွဲ့ ပဲခူးမြို့သို့ ရောက်ရှိစဉ် ပဲခူးမြို့ ရေပေးဝေနေပုံ၊ မြို့သန့်ရှင်းသာယာစေရန် ဆောင်ရွက်နေပုံနှင့် စွန့်ပစ်အမှိုက်များ တန်ဖိုးရှိစွာ ပြန်လည်ထုတ်လုပ်မှုတို့ကို လိုက်လံလေ့လာခဲ့သည်။

သမိုင်းဝင်

ပဲခူးမြို့ကို ရပ်ကွက်ပေါင်း ၃၁ ရပ်ကွက်ဖြင့် ဖွဲ့စည်းထားသည်။ ထို့အပြင် ရှေးဟောင်းသမိုင်းဝင် ထင်ရှားသည့် စေတီများ၊ ရှေးဟောင်းနန်းတော်(ကမ္ဘောဇသာဒီ)၊ ပြတိုက်များသို့ ပြည်တွင်းပြည်ပ ခရီးသည်များ လာရောက်လေ့လာခြင်း၊ ရန်ကုန်မြို့နှင့် ခရီးနီးခြင်းကြောင့် *စာမျက်နှာ ၈ ကော်လံ ၁* ✻

နွေရာသီမိုးပါ အချိန်ရာသီမရွေး အဆင်ပြေချောမွေ့စွာ သွားလာနိုင်မည့်

ပဲခူးတိုင်း ရေတာရှည်မြို့နယ်၌ မှန်ထောင်တောရ လမ်းနှင့်တံတားများဖွင့်

နေပြည်တော် ဧပြီ ၁၂

ပဲခူးတိုင်း တောင်ငူခရိုင် ရေတာရှည်မြို့နယ် သာဂရမြို့နှင့် မှန်ထောင်တောရအကြားရှိ မြေသားလမ်းနှင့် တံတားဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ဆက်သွားကျေးရွာ ဖွင့်ပွဲမုခ်ဦး၌ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမင်းနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့ တက်ရောက်အားပေးကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မှန်ထောင်တောရ အကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးခင်အေး(အုတ်ဖို)က လမ်းနှင့်တံတား ဆောင်ရွက်ထားရှိမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။ *စာမျက်နှာ ၁၁ ကော်လံ ၅* ❐

ထူးခြားသည့် နေ့အပူချိန် ၁၂-၄-၂၀၁၀

➢ မင်းဘူးမြို့	၄၅	ဒီဂရီစင်တီဂရိတ်
➢ မုံရွာမြို့	၄၄	ဒီဂရီစင်တီဂရိတ်
➢ မြင်းခြံမြို့	၄၄	ဒီဂရီစင်တီဂရိတ်
➢ ညောင်ဦးမြို့	၄၄	ဒီဂရီစင်တီဂရိတ်
➢ ချောက်မြို့	၄၄	ဒီဂရီစင်တီဂရိတ်

မီးမလောင်ခင်သတိယှဉ်
ကြိုတင်ကာကွယ်ပါ